www.burmeseclassic.com

BURMESE CLASSIC .com



www.burmeseclassic.com

# စာစဥ်အမှတ် ( ၂ )

ဖြန့်ချိရေး

ရည်မွန်ဦး စာပေ

အမှတ် ၂၆၆(ပ–ယာ)၊ ၃၉ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့။

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများကို ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

---

## စီးပွားရေးဦးတည်ချက် (၄) ရပ်။

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

---

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

# ကျွန်တတညာသည်

## ကြည်အေး

စီစဉ်သူ - ရည်မွန်ဦး

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၀၃၇/၂၀၀၃(၇) |
| မျက်နှာဖုံးခွင့်ပြုချက် | ၈၆၀/၂၀၀၃(၇) |
| မျက်နှာဖုံးပန်းချီ | သန်းရွှေမောင် |
| မျက်နှာဖုံးဒီဇိုင်း | **Ko Tok** |
| ကွန်ပျူတာစာစီ | ငွေတောင်တန်း **D.T.P.**<br>အမှတ်(၂၀၉)၊ ၃၉-လမ်း<br>ကျောက်တံတားမြို့နယ်။ |
| ပုံနှိပ် | သင်္ဂဟာပုံနှိပ်တိုက်<br>အမှတ်(၂၅၈)၊ လမ်း(၄၀)၊<br>ကျောက်တံတားမြို့နယ်။ |
| အတွင်းဖလင် | ကိုဦးနှင့် ညီများ |
| ထုတ်ဝေသူ | ဦးခင်မောင်သိန်းဆွေ<br>သလ္လာဝတီစာပေ(မြဲ-၀၇၄၇)<br>ဇေယျာသုခလမ်း၊ သုဝဏ္ဏ |
| ထုတ်ဝေသည့်ကာလ | ၂၀၀၃ ခုနှစ် ဩဂုတ်လ။<br>(ဒုတိယအကြိမ်) |
| အုပ်ရေ - ၁၀၀၀ | တန်ဖိုး - **၅၅၀** ကျပ် |

www.burmeseclassic.com

# ''စာဖတ်သူတစ်ယောက်၏ အမှာဟုဆိုပါရစေ''

## (၁)

မြန်မာကာလပေါ်ဝတ္ထု သက်တမ်းသည် ဂျိမ်းလှကျော်၏ ''မောင်ရင်မောင် မမယ်မ''ဝတ္ထုစတင်ထုတ်ဝေခဲ့သော ၁၉၀၄ ခုနှစ်မှ စတင်ရေတွက်မည်ဆိုသော် နှစ်ပေါင်း(၁၀၀)ရှိချေပြီ၊ တစ်နည်းအားဖြင့် ဂျိမ်းလှကျော်၊ ပီမိုးနင်း၊ မဟာဆွေ၊ သိပ္ပံမောင်ဝ၊ သိန်းဖေမြင့်၊ ဒဂုန်ခင်ခင်လေး၊ ဒဂုန် တာရာ၊ ဂျာနယ်ကျော်မမလေး၊ မာလာ၊ မင်းဆွေ အစရှိသော စစ်ကြိုခေတ် (၁၉၄၆ မှ ၁၉၅၀ ခုနှစ်များတစ်ပိုက်) စာရေးဆရာကြီးငယ် ရှယ်လတ်များ၊ နောက်စစ်ပြီးခေတ် (၁၉၆၄ မှ ၁၉၅၀ ခုနှစ်များ တစ်ပိုက်)စာရေးဆရာ ကြီးငယ်ရှယ်လတ်တို့၏ ဝတ္ထု စာပေလက်ရာများသည် ၂၀ ရာစု မြန်မာစာပေနှစ် (၁၀၀)သမိုင်းတွင် သက်ရှိထင်ရှားကြွင်းကျန်ရစ်လျက် ကျော်ကြားနေဆဲ ဖြစ်ပါသည်။

ထိုအထဲတွင် စစ်ပြီးခေတ် စာရေးဆရာကြီးငယ်ရှယ်လတ်များ ဖူးပွင့်ဝေဆာလန်းဆန်းလာရာ ကာလရပ်ဝန်းမှ သူတို့၏စာပေလက်ရာ များသည်လည်း သမိုင်းတစ်ခေတ်တွင် ပြောစမှတ်ပြုကာ ယနေ့ထိ ကြွင်း ကျန်ရစ်နေဆဲ ဖြစ်သည်။ ၎င်းတို့အထဲမှာပင် မြသန်းတင့်၊ အောင်လင်း၊ မင်းရှင်၊ သန်းဆွေ၊ တင့်တယ်၊ သာခု၊ သော်တာဆွေ၊ ခင်နှင်းယု၊ ခင်လတ်၊ ယုဝတီခင်ဦး၊ မေကျော့ရှင်း၊ ယုဝတီဂျင်းဖေါမယ်၊ ခင်ဆွေဦး တို့နှင့်အတူ ကြည်အေးလည်း တစ်ယောက်အပါအဝင် ဖြစ်ပါသည်။ ကြည်အေးသည် စစ်ပြီးခေတ်တွင် ကျော်ကြားထင်ရှားလှသော တာရာ

မဂ္ဂဇင်းစင်မြင့်မှ ပေါ်ပေါက်မွေးဖွားလာသော အမျိုးသမီးကလောင်ရှင် တစ်ယောက်ဖြစ်ပါသည်။ ကဗျာ၊ ဝတ္ထုတိုများဖြင့်ပင် ထင်ရှားခဲ့သည်။ ထိုစဉ်က အသက် ၂၀ ဝန်းကျင်လောက်ပဲရှိမည်။ နောက် လုံးချင်းဝတ္ထု များရေးသားလာသည်။ (ပထမ မဂ္ဂဇင်းအခန်းဆက်ဝတ္ထုရှည်များဖြစ်ပြီး၊ လုံးချင်း ဝတ္ထုများဖြစ်လာခြင်းပင်၊ ဥပမာ – မီ၊ နွမ်းလျအိမ်ပြန်) ရိုမန် ဝတ္ထုစာပေလမ်းကြောင်းတွင် ခြေရာထင်ခဲ့သည်။ လူငယ်စာဖတ်ပရိသတ် ကြားသာမက၊ လူကြီးလူလတ် စာဖတ်ပရိသတ်ကြားတွင်လည်း ကြည်အေး ကဗျာ၊ ကြည်အေးစာဟု အသိအမှတ်ပြုကြရသည်။ ထို့ပြင် စာပေလောကမှ စာရေးဆရာကြီးများကပင် ကြည်အေးစာပေအနုပညာ ကို လေးစားသမှု ပြုကြရသည်။

သို့သော် ကြည်အေးကား ကဗျာ၊ ဝတ္ထုစာပေရပ်ဝန်းနှင့် နီးလိုက် ဝေးလိုက်ဖြစ်ကာ ကလောင်တံနှင်လိုက် မနှင်လိုက် ဖြစ်နေပါသည်။ စစ်ပြီးခေတ်မှ လေးငါးဆယ်နှစ်အတွင်း သူမ၏ ခြားမဦးချ စာပေအနု ပညာလယ်ကွင်းကို စိုက်လိုက်မတ်တပ် ထွန်ယက်စိုက်ပျိုးခဲ့သည်။ နောက် နှစ်အတော်ကြာ ထိုလယ်တောမှာ ကောသွားခဲ့သည်။ တစ်ဖန် ၁၉၇၀ ခုနှစ်များတွင် ပြန်လည်စိုက်ပျိုးခဲ့ပြန်သည်။ သူ့ထွန်ယက်၊ သူ့မျိုးစေ့နှင့် အတူ စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။ (အထူးသဖြင့် ရှုမဝမဂ္ဂဇင်းတွင် သစ္စာသစ်၊ မြို့လယ်လမ်း၊ ဆေးရုံစောင့်တစ်ဦး၏မှတ်တမ်း အစရှိသော ကဗျာများ၊ မောင်ကိုကိုနှင့်မြနန္ဒာ၊ အပြင်ကလူ၊ မေတ္တာမီးအိမ် အစရှိ သော မဂ္ဂဇင်းဝတ္ထုရှည်များ ပြန်လည်ရေးဖွဲ့လာပါသည်။)

နှစ်ပေါင်း(၂၅)နှစ်အတွင်း ကြည်အေးကဗျာ၊ ကြည်အေး စာများ သည် မျဉ်းတစ်ကြောင်းတည်းဆွဲလိုက်သလို စာပေအနုပညာ လက်ရာ

www.burmeseclassic.com

များကို ဖန်တီးရေးဖွဲ့ခဲ့ရာ၊ ယနေ့ ''မှန်၏မှောင်ရိပ်''လုံးချင်းဝတ္ထုကဲ့သို့လည်းကောင်း၊ 'မသိမ်းဆည်းထားမိသည့် ကောက်ရသောစာတစ်စောင်'' ဝတ္ထုတိုကဲ့သို့လည်းကောင်း လက်ရာမြောက်စွာ ဖန်တီးရေးဖွဲ့နေသူ ဖြစ်ပါသည်။

( ၂ )

ကြည်အေး၏ လုံးချင်းဝတ္ထုများသည် တစ်ချိန်က လုံးချင်းစာအုပ်ကလေးများအတိုင်း ပြန်လည်ထုတ်ဝေနေရပြန်သည်။ ယနေ့ လူငယ်လူလတ် စာဖတ်ပရိသတ်များ တခုံမင်မင် ကောက်ခါငင်ကာ ဖတ်ရှုခံစားနေရပြန်သည်။ နောက် . . . ခွန်ဂျာမှိုင်းစီစဉ်ထုတ်ဝေခဲ့သော ပထမဆုံး ''ကြည်အေး၏ကဗျာများ'' လုံးချင်းစာအုပ်ထွက်လာသည်။ ၁၉၉၂ ခုနှစ်၊ မတ်လက ဖြစ်ပါသည်။ ကဗျာလုံးချင်းစာအုပ်နှင့်အတူ ကြည်အေးဝတ္ထုတို ပေါင်းချုပ်အတွဲလိုက် ထုတ်ဝေလာသေးသည်။ ပြီးမှ ရာပြည့်စာအုပ်တိုက်မှလည်းကောင်း၊ ယွန်းရွှေအိမ်စာအုပ်တိုက်မှလည်းကောင်း၊ အလင်းတိုက်စာအုပ်တိုက်မှလည်းကောင်း၊ ပန်းရွှေပြည်စာအုပ်တိုက်မှလည်းကောင်း ကြည်အေး၏ ဝတ္ထုလုံးချင်းများ စီစဉ်ထုတ်ဝေလာခဲ့ကြပါသည်။

ယခု ရည်မွန်ဦးစာအုပ်တိုက်မှနေ၍ ကြည်အေး၏ ''ကျွန်မ ပညာသည်''စာအုပ်ကို ဒုတိယအကြိမ် ထပ်မံထုတ်ဝေလာပါသည်။

ကြည်အေး၏ စာပေအနုပညာလက်ရာများထဲတွင် တသီးတခြားဖြစ်နေသော လုံးချင်းဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ဇာတ်သဘင်အငြိမ့်လောကရပ်ဝန်းမှ လှုပ်ရှားကပြဖြစ်ပျက်သွားကြသော မင်းသမီး၊

www.burmeseclassic.com

လူပြက်၊ တီးဝိုင်းဆရာ၊ ဇာတ်ပိုင်ရှင်တို့၏ ရုပ်ပုံလွှာကားချပ်ဖြစ်နေသောကြောင့် ဖြစ်သည်။ ခါတိုင်း ရေးဖွဲ့နေကျ ''ရိုမန်တစ်''(Romantic) ဆိုအပ်သော ဘဝအလွမ်းအမော၊ ချစ်မေတ္တာဇာတ်လမ်းများ မဟုတ်ဘဲ မူကွဲထွက်လာသော လက်ရာဖြစ်ပါသည်။ (ဇာတ်လမ်းထဲတွင် သက်ဝင်လှုပ်ရှားကြသော ကိုခန့်၊ မင်းသမီးစိန်အောင်၊ လူပြက်ကိုပန်နကစ်၊ ကိုနန္ဒ၊ မင်းသမီးစိန်အောင်၏ သမီးမြစပယ်ကြိုင်တို့၏ သရုပ်မှာ ပြင်ပလောကမှ လူသားများအတိုင်း တွေ့မြင်ခံစားနေရလေသည်။)

ကြည်အေး၏ရေးဟန်(Style)မှာလည်း ရင်ထဲထိမှန်လာအောင် ရေးဖွဲ့တတ်သူပင်။ (ဥပမာ – နှင်းမှုန်သောတစ်ညတွင် စိတ်ဆင်းရဲခြင်း၏ တောင်ထိပ်မှ ကိုပန်နကစ်သည် လိုမ့်ချခဲ့ပြီး မစိန်အောင်ကို အရှုံးပေးပါတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။)

ဤသို့သော အရေးအဖွဲ့ဖြင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ အခင်းအကျင်းများကို တင်ပြသွားခဲ့သော ကြည်အေး၏ ''ကျွန်မပညာသည်'' ဝတ္ထုသည် ယနေ့နှစ်ပေါင်း(၅၀)ကျော်ပြီ၊ အသက်(၅၀)ပြည့်ပြီ၊ သို့ရာတွင် အသက်(၁၂၀)ရှည်စေသော် ဟု ဆုတောင်းစရာမလို၊ နှစ်ပေါင်း(၁၀၀)မက သက်တမ်းရှည်ကြာနေဦးမည် ဖြစ်ပါသည်။ ယခု ရည်မွန်ဦးစာအုပ်တိုက်၏ ပထမဦးဆုံးထုတ်ဝေလာသော စာပေအနုပညာ လက်ရာအတွက် ထိုဝတ္ထုအား ရွေးချယ်လိုက်ခြင်းကိုလည်း ကျေးဇူးတင်ရှိပါတော့သည်။

**လေးကိုတင်**

www.burmeseclassic.com

# ကျွန်မပညာသည်

အနုပညာသည် လူ့ဘောင်အတွက် လိုလည်းလိုအပ်၊ လေးစားလည်း လေးစားအပ်သော ပညာတစ်ရပ်ဖြစ်သည်။

ဇာတ်သဘင်ပညာသည် အနုပညာတစ်ရပ်ဖြစ်သည်။ မြန်မာ့ရိုးရာဇာတ်သဘင်ပညာကို ရှေးမြန်မာဘုရင်များကိုယ်တိုင် အမျိုးသားယဉ်ကျေးမှုအဖြစ်ဖြင့် အားပေးသမှု ပြုခဲ့ကြသည်။

သို့သော် . . . ''ကိုယ်မှီရာကို ကိုယ်သာဖျက်ဆီး''ဟူသကဲ့သို့ ဇာတ်သဘင်အနုပညာသည်များကိုယ်တိုင်က သရုပ်ပျက်လာသောအချိန်တွင် ပြည်သူကလည်း သူတို့အားလေးစားမှု ခေါင်းပါးလာခဲ့ကြသည်။

''ဖက်ခွက်စား''ဟူသော ဝေါဟာရဖြင့် ပြည်သူတို့သည် သူတို့အားနှာခေါင်းရှုံ့လာကြသည်။

မည်သို့ပင်ဖြစ်စေ ဤ ''ကျွန်မပညာသည်''ဝတ္ထု၌ ကြည်အေးသည် ဇာတ်သဘင်အငြိမ့်လောက၏ ဘဝကို အသေးစိတ် သရုပ်ဖော်ထားရာ ဖတ်ရှုလေ့လာထိုက်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁

တစ်ခါတုန်းကလည်း တစ်ယောက်သောသူ၏ အောင်မြင်ကျော်စောလာပုံကို နီးနီးကပ်ကပ် လေ့လာခဲ့ဘူးပြီ၊ မနာလိုစိတ်နှင့်လည်း ရင်မှာပြည့်သိပ်ခဲ့သည်။ သို့သော်လည်း အောင်မြင်ကျော်စောသူမှာ ကိုယ့်ချစ်သူပင်ဖြစ်နေသည်မို့ ကျေနပ်မာနကြီးရသေးသည်။ ဆန့်ကျင်ဘက် နှစ်ခုကို ပေါင်းစပ်လိုက်ရာ၌ ထွက်လာသော အရသာမှာ ထူးဆန်းသော စိတ်ဝေဒနာတစ်ခုပင်ဖြစ်လေသည်။ ထိုဝေဒနာနှင့်ဆင်ဆင် ဥပမာပေးရလျှင် အိပ်မက်ထဲ၌ မိုးပေါ်ပျံနေသလိုပင် တိမ်ကြားထဲရောက်နေပါ၏။ ဟိုက်ကနဲ . . . ဟာကနဲ ဖြစ်လှသည်။ နိုးလာတော့လည်း အလကားပင် . . .။

ထိုစိတ်ဝေဒနာနှင့် ကင်းဝေးခဲ့သည်မှာ ဆယ်နှစ်ကျော်ပေပြီ၊ ဇနီးသည်သေဆုံးသွားကတည်းကပင်ဆိုပါစို့။ ထိုစိတ်ဝေဒနာသည် ဇနီးသည် မစိန်အောင်နှင့် ရခါစတုန်းကဆိုလျှင် တယ်ပြီးမဖွံ့သေး၊

www.burmeseclassic.com



ဆန်းလိုက်၊ ဆုတ်လိုက်နှင့် ကြိုးကြား၊ ကြိုးကြား ပေါ်လာသည့် လ,ပမာပင် ရှိသေး၏။ သို့သော် မြန်မာနိုင်ငံတစ်ဝှမ်းလုံး မစိန်အောင်– မစိန်အောင်နှင့် ပြည်တမ်းလာသည့်အခါ၌ကား မတည်ငြိမ်သော လ,စန္ဒာသည် အမြဲပူးသော ဒေါင်းဖလ်ဝါ အဖြစ်သို့ လောကဓာတ်နည်းနှင့်လည်း ရှင်းလင်း၍မရအောင် အံ့စဖွယ်ပြောင်းသည်။

မစိန်အောင်မှာ ကျော်တုန်းက အတော်ကျော်လိုက်သော သူမ၏ ကျော်စောမှုကို သေခြင်းတရားကသာ အဆုံးသတ်ခဲ့သည်။ ဤသို့ ကိုခန့်သည် မယားအတွက် ဂုဏ်ယူမြဲဖြစ်၏။ မစိန်အောင်မှာ ဆရာစိန့် ဇာတ်ထဲ တုန်းကဆိုလျှင် မင်းသမီးကြီးညွန့်ရီနှင့်အပြိုင်ပင်ဖြစ်သည် မဟုတ်လား။ ညွန့်ရီထက် တစ်ခုသာသေးသည်မှာ မစိန်အောင်က ရာဖြတ်မောင်ကလေး၏ တပည့်ရင်းမို့ အဆိုအင်မတန် နိုင်ခြင်းပင်၊ သန်းခေါင်ယံ တိတ်ဆိတ်သောညအခါ မင်းသမီး မင်းသားနှစ်ပါးသွားသည့်အခါ မစိန်အောင်များ ဟစ်၍အော်လိုက်လျှင် အသံ၊ အဆို၊ စည်းနှင့် အတီးသည် တစ်ခါတည်းလုံးပြီး ထွက်လာသည်ကို ကြားယောင်မိသေး၏။ တွေးယင်းခုပင် ကြက်သီးမွေးညှင်းထလိုက်မိပါ၏။

မစိန်အောင်များ သွက်ပြီဆိုလျှင် ကိုယ့်မယားပင် ကိုယ်မရိုးနိုင်ဘဲ ကန့်လန့်ကာကြားမှ ကိုယ်တွယ်၍ ငေးခဲ့သည်များကို သတိရမိပါသေးသည်။ မစိန်အောင်မှာ မဟာနဖူးနှင့်မျက်ခုံး ခပ်ကောင်းကောင်း၊ ဘီးဆံထုံး အက်အက်ဖြစ်သည်။

ရုပ်သေးရုပ်ဟန်နှင့် ပုဝါကို မ,တတ်သည်၊ ကနိုင်လိုက်သည်မှာလည်း ထမီနားကို ခြေဖျားခတ်လိုက် ဒေါင်းမြီးပမာ ကွေ့ဝိုက်၍ အကျနှင့်ဝါးလက်ခုပ်ရိုက်သံမှာ တစ်ထပ်တည်းကျသည်။ လွင့်ပါးသော

www.burmeseclassic.com



ပုဝါတတောင် ကသောကိုယ်ဟန်နှင့် ပြေပြစ်ရမည်။

မစိန်အောင်ကများ သူမ၏မျက်ကြော ခပ်တင်းတင်း၊ မျက်စေ့ကလေးကိုစင်းပြီး သစ္စာထား သီချင်းဟစ်လိုက်သည့်အခါ တောတောင်စွယ်နှင့်များ အရိုးမရှိသည့်ပမာ ယိုးဒယားကသည့်အခါ မိန်းမကြမ်းနှိပ်စက်ခန်းများ၌ သူမဘာသာပင် မျက်ရည်ကျလောက်အောင် အပူတိုက်သည့်အခါ ကိုခန့်သည် ပွဲကြည့်ပရိသတ်နှင့်အတူ အသက်ရှူရမှာပင်မေ့ကာ အံ့သြငေးမောမိလျက်ရှိလေသည်။ စင်စစ်တော့လည်း ကုလားဆင်မကလေး မစိန်အောင်သည် ချီးကျူးစရာမိန်းမတစ်ယောက်ပေပဲ။

ဦးဘိုးစိန်ကြီး ငယ်စဉ်ကတောင် သူ့ဇာတ်သူကရင်းနှင့်ပင် စိန်အောင်ကို စောင်းပြီးသီချင်းနှင့် မြှူဆွယ်ခဲ့သေးသည်မဟုတ်လား၊ ဘာတဲ့ . . . သူ့သီချင်းက . . . သူ့မင်းသမီးတွေကို သူဆိုသတဲ့လေ . . . "မယ်မင်းတို့ သည်းမခံနိုင်ရင် ရှောင်ကြပါကွယ်၊ ဖယ်ကြပါကွယ် . . . ကုလားဆင်မကလေး ဈေးအကွေ့မှာ ဖေးပွေ့မယ်လို့ ပြေးတွေ့လိုက်မယ်လို့ မောင့်ကိုစောင့်နေတယ် . . ." ဆိုလား။

စိန်အောင် . . . စိန်အောင် . . . ကျော်ကြားသလောက်လဲ ပင်ပန်းရှာခဲ့တယ်၊ တွဲတဲ့မင်းသားက သူ့မမှီနိုင်တော့ ပရိသတ်တောင့်တသလောက် သူကချည့် သယ်ရတော့တာပေါ့။

ကိုခန့်သည် အမြို့မြို့ အရွာရွာလည်၍ က,ခဲ့ပုံများကို တွေးမိလျက်ရှိသော်လည်း စိန်အောင်နှင့် အတူမကွာ ရှိခဲ့သည်။ စိန်အောင် က,နေဆဲမှာပင် ကန့်လန့်ကာနောက်မှာ တစိုက်မတ်မတ် ရပ်ခဲ့သည်။ သူ့တို့လင်မယားကို ဇာတ်စင်ဘေးတည့်တည့်ကများ နေကြည့်လျှင် တစ်ဦးနှစ်

www.burmeseclassic.com



တစ်ဦး ကန့်လန့်ကာတစ်ချပ်ကလေးမျှပင် ခြားလျက်ရှိသည်နှင့်ပင် မည်မျှ ကွာခြားလျက်ရှိသည်ကို တွေ့မြင်ရပေမည်။ မယားဖြစ်သူမှာ ကန့်လန့်ကာ ရှေ့ အောက်လင်းလက်ဆွဲမီးရောင်အောက်၌ မျက်နှာချေအဖွေးဖွေး၊ စက္ကူ ပန်းအမြိုင့်သားနှင့် ဒေါ်လာဆွဲကြိုး လက်ကောက်၊ လက်စွပ် ဝတ်ကာ က, ဆိုနေစဉ် လင်သည်က ကန့်လန့်ကာနောက် ဇာတ်စင်မီးမလင်း တလင်းအောက်မှာ ဆီစိမ်လုံချည် အမြိတ်ဆင်ကို ငါးတောင်ကွင်း ဖြစ်ရသည့်အထဲမှာ ဒူးအထက်တက်ဝတ်ထားသဖြင့် ဘယ်တော့မှ မစုတ်သော လုံချည်ခါးပုံပွပွနှင့် ဂျပန်ဇာတ်ရိုက်ပုဝါကို ဘိုသီပတ်သီ ရစ်ထားသော ခေါင်းပေါင်းနှင့် ဒူးခပ်ညွတ်ညွတ်ရပ်လျက်ရှိသည်။ ဇာတ်မင်းသမီး မစိန်အောင်မသေခင် နှစ်နှစ်ခန့်က ဇာတ်ဆရာ ဆရာစိန့်နှင့် စကားများကြသည်ကို တွေးမိပြန်၏။ ဘာကြောင့်ရယ်ဟု တော့ ခုထက်ထိ မရှင်းလင်းသေး။ မစိန်အောင်နှင့် ခွန်းကြီးခွန်းငယ် ဖြစ်နေကြသည်ကို မြင်သဖြင့်သာ မယားဘက်က ဝင်ပါရတော့သည်။ ထိုစဉ်က သူသည် ဆရာစိန့်ကို မုန်းလည်းမမုန်း၊ ဒေါသလည်း မထွက်ဘဲနှင့်ရှိသော်လည်း မယားက မျက်ရိပ်ပြလိုက်လျှင် ဇာတ်ဆရာ ခေါင်းကိုခွဲပြီးသားပင် ဖြစ်တော့မည်။

သူတို့ လင်မယားသည် ဆရာစိန့်ဇာတ်မှ ခွဲထွက်ကာ အငြိမ့်က, ကြသည်။ မစိန်အောင်သည် အငြိမ့်လည်း အောင်မြင်ပြန်သည်။ ကိုခန့် ကသည် ကုလားဆင်မကလေး၏ အငြိမ့် က, ကလေးခပ်ဆတ်ဆတ်၊ အငြိမ့်ဆိုကလေး ခပ်ပေါ့ပေါ့ကို အံ့အားသင့်ရပြန်လေသည်။ တတ်လဲ တတ်နိုင်တဲ့ ငါ့မယားပါတကား။ အငြိမ့်စင်ပေါ်၌ ကိုခန့်သည် နောက်ကျ ကျမှာ ထိုင်ကာ အငြိမ့်မင်းသမီးအမောပြေ သောက်ဘို့ရေ၊ စားဘို့

www.burmeseclassic.com



ကွမ်းယာ၊ လ္ဘက်တို့ကို စီစဉ်လျက်ရှိနေပြန်သည်။

"ကျွန်မ ရည်းစားက ဟိုက်စကူးကျောင်းသားရှင့် ... ခုလေ သူကျွန်မဆီ မလာတာ သုံးညရှိသွားပြီ၊ အသစ်တွေ့လို့ အချစ်ကို မေ့တာ ထင်ပါရဲ့နော်၊ ကျွန်မလေ လွမ်းလိုက်တာ ... ကိုပန်နကစ်ကယ် ..."

ဤသို့ မစိန်အောင်က ... လူပျက်ခေါင်းကို တရုတ်ယပ်တောင်ပြာကလေးနှင့် ရိုက်ယင်း အညှု အခရာပေးကာ "သန်းခေါင်ကျော် ကျွန်မစောင့်လျက်နဲ့ ဘာကြောင့် မလာသလဲ ... မလာသလဲ ချစ်တဲ့မောင်ရေ ... "ဟုများ ချွဲနွဲ့ပြီး ဆိုလိုက်လျှင် ကိုခန့်သည် ပွဲကြည့်ပရိတ်သတ်များနှင့်ရောပြီး လက်ခေါက်မှုတ်ချင်စိတ် ပေါ်လာတတ်သည်။

"ဩော် ... မစိန် ... မစိန် တော်ရှာပါပေရဲ့ကွယ်၊ ငါ့လို လူနုံနဲ့တောင် မတန်ပါဘူး"ဟု သူညည်းမိတတ်သည်။

မယားဖြစ်သူကို ရှားပါးလှသော အံ့ဩစဖွယ်သဘင်သည်ကြီး တစ်ယောက်ဟု သူယုံမှတ်သည်။ ကိုခန့်သည် အလိုလို ကိုယ့်ဘာသာ စိတ်ငယ်လျက်ရှိသည်။ သည့်အထဲ မစိန်အောင်က ပိုင်ပိုင်နိုင်နိုင် ပြောတတ် လုပ်တတ်၊ သူကရှုန့်တန့်တန့် ရှုံ့တွံ့တွံ့နှင့် နှစ်ယောက်ဖက်မိကာ မယား၏ အစီအမံကို မခံရလျှင် ဘာမှမလုပ်တတ်တော့ပေ။ လူမမြင်ဘူးများဆိုလျှင် မစိန်အောင် ခြေသလုံးလိမ်းဘို့ပင် သနပ်ခါး သွေးချင် သွေးတတ်သည်။ မစိန်အောင်လို မိန်းမထူးကိုရမှဖြင့် သူသည် ဘာလုပ်လုပ် တင့်တယ်သော ကံကောင်းသူတစ်ယောက်ဖြစ်တော့သည်။ မစိန်အောင်က "မီးဖိုပေါ်က ငါးပိရေအိုးကလေး ကမ်းလိုက်ပါတော်"ဟု ဆိုလျှင်ပင် ပန်းကန်ထဲ ငါးပိရေခပ်ကာ ဇွန်းတပ်ပြီး အဖျော်ထည့်

www.burmeseclassic.com



ငရုပ်သီးမှုန့်ပါ ခပ်ပြီးသားဖြစ်တတ်သည်။

စင်စစ်တော့လည်း မစိန်အောင်မှာ သူ့အဖို့ တက္ကပဏ္ဍိတ ဇာတ်ထဲကလို "အလကားရတဲ့ ပုံသုကူသားကလေးပါ ဒကာမကြီးရာ"ပင် ဖြစ်တော့သည်။ မစိန်အောင်ကို မစစ်မဆေးဘဲနှင့် အားရဝမ်းသာ ယူခဲ့သည်။ သူ့လက်ထဲရောက်၍ ၇-လ မပြည့်ခင် ကလေးရသည်။ သို့သော်လည်း ကလေးမှာ သေသွား၍ ဘာမှ စကားများစရာမရှိ၊ သူကကျေနပ်သည်။ ဒါသာလျှင် အရေးကြီးသည်။

ပြီးတော့ ပုံသုကူဆိုသည်မှာ သူတစ်ပါးပစ်သွားသော ပစ္စည်း မဟုတ်ပါလား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း ဒါကို မြတ်သည်ဟု ဆိုခဲ့ပြီ၊ ပုံသုကူသာ မဟုတ်ဖူးဆိုရင် မစိန်အောင်အနား ကပ်ပြီး လက်ကလေး ဖမ်းဆုပ်ရဘို့သော် လမ်းမမြင်၊ မစိန်အောင် ခပ်ငယ်ငယ် နာမည်ကျော်ကြားစက ဆရာစိန့်ဇာတ်ထဲ ရောက်လာသည်။ ကိုခန့်မှာ ဇာတ်ထဲ အရင်ရောက်နှင့်သူဖြစ်သည်။ သည်တုန်းက အနားများ ကပ်ရလေးသလား ဝေးပါသေးရဲ့။ တော်တော်နှင့် ရက်တွေကြာတော့ ဇာတ်က ယိမ်းအုပ်မိန်းမရှာ ကိုအောင်ဘနှင့် စိန်အောင်အမိုက်မကလေး ရောတာတွေ့သည်။ နောက်တော့ ပိုင်းတော်တီး ကိုကျင်ခနှင့် ရောပြန်သည်။ သည့်နောက်သည့်နောက်တော့ ကိုခန့်က သတင်း နားမထောင်တော့၍ ဘာမှတယ်မသိ၊ နောက်ဆုံး၌ မကြုံစဖူး မိမိကို အပြုံးအချို ကလေးများနှင့် ထေ့သဖြင့် တစ်နေ့သ၌မှာ အကြင်လင်မယား ဖြစ်ကြသည်။

အဲ ဘာဘဲဖြစ်ခဲ့ဖြစ်ခဲ့ ပြည်ကျော်မင်းသမီးနှင့် သာမန်ခေန့်တို့သည် တစ်ယောက်နှင့်တစ်ယောက် တန်ပါသေးသည်၊ အင်မတန် တန်ပါ

www.burmeseclassic.com



သေးသည်။ အလို ဘာကြောင့် မတန်ပါ ရမည်လဲ၊ မတန်ရအောင် ငါက ဘယ်လိုလူစားမို့တုန်း။

× × ×

ကိုခန့်သည် လေးပင်စွာထိုင်ရာမှ ထလေသည်။ သူ့မျက်နှာ၌ စိတ်မချမ်းမြေ့သော အရိပ်မဲများ ဖြတ်လျက်ရှိသည်။ ရုတ်တရက် သတိရ၍ ဆေးပေါ့လိပ်ကိုဖွာ၏။ မီးမရှိတော့ချေ။ အော်... ဆေးလိပ်မီးပင် ငြိမ်းခဲ့ပြီတကား၊ ဘယ်လောက်ကြာအောင်များ သည့်မီးဖိုကပြင်စွန်း ကလေးမှာ လာထိုင်နေမိပါလိမ့်။ ဒီလိုဘဲ ငါအင်မတန်ငိုင်တတ်သည်။ ယခုတော့ အိုလည်းအိုပြီလေ... ရှေးဖြစ်ဟောင်းများသာ အောက်မေ့ကာ အချိန်ကုန်ရတော့မည်။ အင့်ဟင့်... စင်စစ်တော့လဲ သဘင်သည့်တို့ မည်သည် အိုသည်ဟု မရှိ။

ကိုခန့်သည် ဆေးပေါ့လိပ်ထိပ်ကို လက်ညှိုးဖြင့် အစာပြန်သိပ်ရင်း အိမ်ရှေ့သို့ ထွက်လာ၏။ သမီး မြကြိုင်ကို မျက်လုံးဒေါင့်ကပ်ပြီး ခိုးကြည့်မိသည်။ သမီးဖြစ်သူမှာ သူ့ကို ဂရုမစိုက်၊ သူမဘာသာ ရင်ခံအဝါရောင် ကလေးကို ရွှေခြည်ထိုးနေသည်။ မြကြိုင်က အချုပ်အလုပ်လည်း ဖြစ်သည်။ တစ်ခါတလေ ထမီတစ်ထည်လုံးတောင် ရွှေကြယ်၊ ငွေကြယ်၊ ရွှေခြည်၊ ငွေခြည် ထိုးတတ်သည်။ သင်းလဲ မအေ့သမီးဘဲလေ၊ ဘယ်ခေ မလဲ။

''ဟဲ့ မြကြိုင်'' ဟု ဖြုတ်ကနဲ ခေါ်မိသည်။

''ဘာတုန်း''ဟု သမီးက မော့မကြည့်ဘဲ ထူးသည်။

ကိုခန့်သည် ဘာမှမပြောဘဲ သမီးရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သူ့စိတ်တို့သည် အလွန်တရာမှ ကြောင်လည်နေ

www.burmeseclassic.com



သည်။ သမီးကို ခေါ်တုန်းကတော့ စကားစမြည်ပြောမလို့ပါဘဲ၊ ခုတော့ ပြန်ထူးပြန်တော့ အရှိန်တန့်သွားသည်။ ထူးလိုက်သည့် အသံကိုက သင့်မအေ အမူအရာပါလှသည်၊ ပိုင်နိုင်သည်၊ ပြောမည့်စကားတောင်မှ မေ့သွားအောင် အနေအထားရဲဝံ့သည်။

သူ့လက်ပေါ်တွင် ကြီးခဲ့သော၊ ပြီးတော့ မှတ်မှတ်ရရ စိန်အောင်တို့ ဇာတ်အဖွဲ့နှင့် မန္တလေးဘက်တက်ကြစဉ်က မီးရထားဘူတာရုံ၌ မချိတတ် ချိတတ် ချီခဲ့သော ခေါင်းမခိုင့်တခိုင် ဇက်ကလေးတလယ်လယ်နှင့် သမီးမြကြိုင်လေး၊ ယခုတော့ အပျိုကြီးဖားဖားဖြစ်ကာ သူခေါ်သည်ကို မလေးမစား ''ဘာတုန်း''ဟု သူ့အမေစတိုင် ထူးတတ်ပြီ . . .။

ခုမှမဟုတ်. . . ခုမှ မဟုတ်၊ ငယ်ကတည်းက သူ့အမေပြောသလို ပြောသည်။ သူ့အမေလုပ်သလို လုပ်သည်။ မအေကလည်း လင်ရယ်လို့ အရှိအသေမရှိ။ သမီးကလည်း ဖအေရယ်လို့ အရှိအသေမရှိ၊ ကိုခန့်ကို ဘယ်သူကမျှ မခန့်ကြပါတကား . . . ဘဝကို စိတ်နာသည်။ လေးစားသော အကြည့်ကို ဘယ်မျက်လုံးမှာမှ မတွေ့ခဲ့ရ။ အသက်ကြီးလာလေလေ ပိုဆိုးလေ ဖြစ်တော့သည်။

စင်စစ် ပေါက်ပေါက်စေ့ငုလျှင်တော့ တခါတုန်းက လူလူသူသူ ဖြစ်ခဲ့ဘူး၏။ ကာလသားတို့ဘာဝ ကြိုးကြီးချိတ်ပုဆိုးတောင်ရှည် တလွှားလွှားနှင့် ကြက်တိုက်ခဲ့စဉ်ကပေါ့ . . . ။ ကြက်တိုက်လျှင် သူများ နိုင်သလို နိုင်လိုက်သည်။ သူများရှုံးသလို ရှုံးလိုက်သည်။ ဘယ်တော့မှ အောမတိုက်ခဲ့ဖူးဘူး၊ ဖဲရိုက်လျှင်လည်း သည်လိုဘဲ ထန်းတောတက်ပြီး ဦးရေသောက်ဦးတော့ လုံးလုံးမသောက်ဘဲ နေနိုင်တာလည်းမဟုတ်၊ လူမှန်းမသိ ပစ်လဲအောင်မူးသည့်တိုင်လဲ မသောက်ရဲ၊

www.burmeseclassic.com



အမြဲတမ်း အလယ်အလတ်ကို နေခဲ့သည်။

အားတော့ ကျဘူးပါ၏။ ဘိုးတင်တို့များဆိုလျှင် ရမ်းလည်းရမ်း၊ ရဲလည်းရဲသည်။ ဘာမှပြောစရာမရှိ၊ ကြက်တိုက်လျှင်လည်း ကြက်သေမှ ပြီးသည်။ ဖဲရိုက်လျှင်လည်း ဓားထိုးမှုဖြစ်သည်အထိ၊ အဲ . . . အရက် သောက်ပြန်တော့ လူသေလို ထမ်းထုတ်ရသည်။ မိန်းမဘက်ကကော စမ်းဦးမလား . . . နောက်ဆုံးတော့ ဘိုးတင်တို့ တစ်ကျွန်းမှာသွား သေသည်။

ကိုခန့်မှာ ကိုယ်ကသာ မစွန့်ရဲသည်။ စွန့်စားဝံ့သူကျတော့ လေးစားသည်။ ဘယ်နေရာမှာမဆို ကမ်းကုန်အောင် လုပ်ကိုင်မှ ဘဝမှာ နေရကျိုးနပ်သည်ထင်သည်။

အဲ . . . အဲ သည်အခါတုန်းကတော့ ဦးကြီးဖြစ်သူကလည်း ဇာတ်ထောင်သူမို့ထင်ရဲ့ ကိုခန့်မှာ သုံးနိုင်၊ ဖြုန်းနိုင်မျက်နှာရနိုင်သေး၏။ ဇာတ်ထဲမှာလည်း အခွင့်သင့်သလို ဝင်ပါခဲ့သည်။

ဥပမာ ဝိဇယဇာတ်မှာ မင်းသား၏ဆိုးဖော်၊ ဆိုးဖက်အနေနှင့်၊ ထို့နောက် အင်မတန်မှ တိုတောင်းလှသော အချိန်ကာလအတွင်းမှာ သူသည် အလွန်တရာမှ သဘင်စိတ်ဝင်ကာ မင်းသားလုပ်ချင်စိတ် ပြင်းပြလျက်ရှိသည်။ ကြိုးစားခဲ့သည့်ဖြစ်ပုံများကိုလည်း ပြန်မတွေးချင်ပြီ။

ယခုဆိုလျှင် က,ကြစို့ဟော့ဆိုလျှင် သူများနည်းတူ က,နိုင်သည်။ ဆို,ကြစို့ဟော့ ဆိုလျှင် သူများနည်းတူ ဆို,နိုင်သည်။ ခက်သည်တစ်ခုမှာ သူများထက် ခေါင်းတစ်လုံးပိုမမြင့်နိုင်ခြင်းပင် မဟုတ်လား။ သူများ ထက်သာ သာ,နိုင်မည်ဆိုပါက... ယခုနေဆိုလျှင် ဦးဘိုးစိန်နှင့် အပြိုင် ဖြစ်ဖို့ရှိသည်။

www.burmeseclassic.com



ဦးဘိုးစိန်တို့က အပြောကောင်း၍ ကျော်သတဲ့၊ ကိုစိန်ကတုံးက အကကောင်း၍ ကျော်သတဲ့၊ ရာဖြတ် မောင်ကလေးတို့ကတော့ အဆိုကောင်း၍ ကျော်သတဲ့၊ အောင်ဗလတို့ကျပြန်တော့လဲ သူများနှင့် မတူ တစ်မျိုးတစ်ဖုံ ဆန်းနိုင်၍ ပရိတ်သတ်၏ အသဲစွဲသည်။ ယခု ကိုခန့်ကိုတော့ တစ်ခါတုန်းက အဲသည်ကျော်ကြားသူများနှင့် ပြိုင်ဘို့ ကြိုးစားခဲ့ဘူးပါသည်ဆိုလျှင်တောင် ရယ်စရာဖြစ်မည်။

ရယ်လည်း ရယ်ခဲ့ကြပြီလေ။

ဘဝကို စိတ်နာသည်။ အရှက်ကွဲသော ဘဝ၊ လူရယ်သော ဘဝ၊ မအောင်မြင်သူ၏ ဘဝ၊ ကဘို့–ဆိုဘို့ သင်ကြားယင်းနှင့်ပင် ကိုခန့်သည် ကန့်လန့်ကာနောက်ဇာတ်ခုံမှာ လူပိုဖြစ်ခဲ့သည်။ ကားလိပ်ဆွဲသူကမှ အဓိပ္ပါယ်ရှိသော အလုပ်ကို လုပ်နေသူဖြစ်သည်။ သူကတော့ လူမသိ အောင် ကြိတ်၍သာ ကြိမ်းသည်။ နေသေးသပ ခြုံထဲကပေါ့။ သို့သော် လည်း ဂျီသွေးသမျှမှာ မြကို မမြနိုင်၍ ခြုံထဲကကို မထွက်ရသေး၊ အဲ ဝန်ကြီးလုပ်မယ် . . . မင်းသားကြမ်းလုပ်မယ်ဆိုရင်တော့ ဖြစ်သပေါ့၊ ဤသို့ ကိုခန့် ထင်သည်၊ သို့သော် ကိုခန့်စိတ်က အထက်တက်မယ် ဆိုလျှင် တာဝတိံသာ၊ တုသိတာ၊ ယာမာ ဟိုဘက်တက်ရမှ၊ မတက်ရ ဘူးဆိုလျှင်လည်း အဝီစိမှာ ချိုးကပ်နေမည်။

တစ်ခါတော့လည်း ကိုခန့်မှာ စိတ်ပျက်ပျက်နှင့် ဆိုင်းဝိုင်းထဲ ဆင်းကြည့်ပြန်သည်။ နဲလည်း မှုတ်ကြည့်သည်။ နှစ်များစွာမကြာခင်ပင် ဝိုင်းတော်သားများက သင့်လျော်စွာပေးသော ဝါးလက်ခုပ်ကြီးကို ခွပ်ကနဲ ပစ်ချပြီး ဇာတ်စင်ပေါ်ပြန်တက်ခဲ့ရသည်။

ဒုတိယအကြိမ် ဇာတ်ခုံပေါ်တက်ခဲ့သည့်အခါ၌ကား အားလုံးသည်

www.burmeseclassic.com



ကိုခန့်အတွက် ပြောင်းလဲခဲ့လေပြီ၊ ဇာတ်ပိုင်ရှင်ဦးကြီးလည်း ကြွေးပတ်လည်ပိုင်းလျက်က သေရှာသည်။ မင်းသားကြီး ဆရာစိန့်က ဇာတ်ဆရာဖြစ်နေသည်။ မန္တလေးက ဆင်းလာသော ကုလားဆင်မကလေးတစ်ယောက်ကို အတော်မြှောက်စားနေကြသည်။ ကိုခန့်မှာ အရင်လိုဦးကြီး အရှိန်နှင့် ကကျင့်၊ ဆိုကျင့် ကျင့်၍မနေသာ။

တထစ်လျှော့ပါမလေဟု မင်းသားကြီး၊ မင်းသားကြမ်းလုပ်မည်ကြံတော့ – သူ့နေရာနှင့်သူအသင့်။

ကိုခန့်မှာ အသာကိုယ်ရှိန်သတ်၍ ဇာတ်ခုံကန့်လန့်ကာနောက်မှသိမ်းဆည်းစရာ၊ ပြင်ဆင်စရာတွေကို ဝိုင်းပြီးကူညီ လုပ်ကိုင်နေခဲ့သည်။

သို့သော်လည်း မာနဏ် ချွန်မြသော ထိပ်ကလေး ပဲ့သွားရပုံကိုရင်ထဲတစ်နေရာမှာ အမြဲဝှက်ထားခဲ့သည်။ ကိုခန့်၏ သဘင်စိတ်ကိုအားနာပြီး ဆရာစိန့်က ရှင်ဘုရင်အစမ်းခန့်သည်။ ကိုခန့်က တယ်ပြီးဝမ်းသာလှသည် မဟုတ်သော်လည်း သည်လိုမဖြစ်စလောက်နေရာကပင်အစွမ်းပြလိုက်ဦးမည်ဟု အားခဲသည်။

ပွဲထွက်၍ မင်းသမီး၊ မင်းသားနှစ်ပါးသွားပြီးပြီဆိုတော့ ဝန်ကြီးနှစ်ပါးထွက်ကာ စကားစမြည်ပြောသည်။ အဲ တိုင်းပြည်တည်သည်ဆိုပါစို့။ ကိုခန့်က ရှင်ဘုရင် အဝတ်အစားက ပြောင်ပြောင်နှင့်သန်လျက်ကို ကိုင်ကာ လှုပ်လှုပ်ရွရွ စောင့်သည်။

စိတ်မကူးခဲ့ဘူးသော နေရာဖြစ်၍ မထေမဲ့မြင်ပြုချင်သော်လည်းမိမိ၏အစွမ်းသည် ရှင်ဘုရင်မျှ မကပါဟု ပြချင်သဖြင့် သူ နေမထိထိုင်မသာ ဖြစ်နေသည်။ ပါးစပ်ကလည်း ဘုရင့်စကားလင်္ကာသွားကိုရွတ်နှင့်သည်။

www.burmeseclassic.com



ကြိုးလည်း ကြိုးစားလိုက်ပါ၏။ ကိုယ့်ဘာသာကိုယ်လည်း အားရမိသည်။ နှုတ်ခမ်းကိုလည်း ပြုံးကာခေါင်းကိုလည်း တဆတ်ဆတ်ငဲ့သည်မှာ ဇာတ်မင်းသားနှင့် ယှဉ်နိုင်သည်ဟု ထင်သည်။ ''ကိုင်း – မိတ္ထီလာပြည်နဂရာသည် ပဒုမ္မာရွှေကြာပန်းကဲ့သို့ ချမ်းမြေ့ပါစေ မင်းကြီးများ''ဟု အသံနေ အသံထားနှင့်ဆိုလိုက်သည့်အခါ ကိုခန့်သည် ရှင်ဘုရင်မဟုတ်တော့ဘဲ သူ့ဘာသာသူ မင်းသားဖြစ်၍ နေလေတော့သည်။

သို့ရာတွင် ထိုညအဖို့ ဆရာစိန့်မျက်နှာမကောင်း၊ ငါက,တာများ သဘောမကျလို့ လေလား၊ ကိုယ့်ကိုယ်ကိုယ်တော့ ကောင်းသည်ဟု သေချာသား၊ မကြာမီ ဆရာစိန့်ကပြောသည် ''မောင်ခန့်ရယ် ဇာတ်စင်ပေါ် မတက်ချင်ပါနဲ့တဲ့ကွာ'' တဲ့ ''ဘာကြောင့်လဲဗျ''ဟု မေးလိုက်ချင်သော်လည်း အံ့အားသင့်ပြီး မမေးဖြစ်။

မိမိကွယ်ရာ၌ ဇာတ်သမားများ လှောင်ကြပုံကို တစ်စတစ်စ ရိပ်မိလာပါ၏။ တစ်နေ့၌မူ ဆရာစိန့်ပါးစပ်က ''ရှင်ဘုရင်လုပ်ပါဆို မင်းသားရူးပြော ပြောနေသဟေ့''ဟု ဆို့ပိတ်၍မရသော ရယ်သံနှင့်အတူ ပြောနေသည်ကို နားနှင့်ဆတ်ဆတ်ကြားရသော်... ရင်အနာကြီးနာ၊ အရှက်ကြီးကွဲပြီး မျက်ရည်တောင် ပေါက်ပေါက်ကျခဲ့ရသည်။

အရှုံးမပေးသေးသော ကိုခန့်သည် ''ငါဟဲ့ ယောက်ျား''နှင့် တစ်ချီနှစ်ချီ ကြံပါသေး၏။ လှောင်နှင့်ကြဦးပေါ့ကွာ – တစ်နေ့ကျရင် ငါ့ရှေ့မှောက်ကို ဒူးထောက်ကျစေရမပေါ့၊ အပြင်ဘမ်းကမူ – ကိုယ့်ကိုယ်ကိုအရူးအပေါ်ကြီးလို လုပ်ပြနေလိုက်သည်။ လုံကိုထောက်ကာ မတ်တပ်ရပ်နေသော စစ်သူကြီးအခန်းမျိုးကို ကခဲ့သည်။ ဇာတ်ရုံးကြီးစင်စစ် ကေန်

www.burmeseclassic.com



ဖြစ်ခဲ့ရသည်။ ဝမ်းထဲကမူ အတေးကြီးတေးလျက်ရှိသည်။ စိတ်ထဲက လျောင်လိုစိတ်နှင့် သိဝိမင်းကြီး၏ ထီးတော်မိုးအဖြစ်တောင် အရောက် ခံလိုသေးသည်။

ဇာတ်အဖွဲ့သားများက မရှိသေကြသမျှကိုလည်း လူသူမမြင် သာသော နှုတ်ခမ်း၏ထောင့်စွန်းမှ ပြုံးကာ မျက်နှာသေကြီးနှင့် သနား စဖွယ်ကောင်းအောင် ခေါင်းငုံ့နေခဲ့သည်။

သည်တုန်းကဆိုလျှင် မိစိန်အောင်ကလေးကလည်း ပါသပေါ့၊ ကိုခန့်များ ထိုင်ပြီး မီးအိမ်ပြင်နေလျှင် ထမီနားနှင့် ပခုံးကို ခတ်သွား တတ်သည်။ ရုပ်ကလေးက မက်စရာမို့ ငေးမောကြည့်မိလျှင်လည်း ကြည့်ရုံပင် မခံချင်သည့်ပမာ နှုတ်ခမ်းစူကာ၊ မျက်စောင်းထိုးကာ၊ တံတွေး ထွေးကာနှင့် ရန်ထောင်တတ်သေးသည်။ ဟဲ့... ဟဲ နောက်ဆုံးတော့လဲ ဘယ်သူကမှ မတွေးထင်တတ်တဲ့ ခေန့်လက်ထဲ ဒင်းကလေးရောက် လာတာဘဲ မဟုတ်လား။

''အဖေ, အဖေ''ဟု မြကြိုင်က အလန့်တကြားခေါ်သည်။

ကိုခန့်မှာ ခြေတန့်သွားပြီး ''ဟဲ့ – ဘာတုန်း''ဟု မာတော့ မလိုနှင့် စင်စစ်ပြော့ညက်သော အသံကလေးနှင့် ထူးသည်။

''အဖေက အဲဒီလိုချည့် လျှောက်မနေပါနဲ့ – ကြမ်းကညွတ် နေတော့ တစ်အိမ်လုံး သိမ့်သိမ့် သိမ့်သိမ့်နဲ့''

''အဲဒါဘာဖြစ်သလဲဟဲ့''

''ကျွန်မ ခေါင်းကိုက်တယ်တော့''

မြကြိုင်က နှုတ်ခမ်းစူပြီး တစ်ဖက်သို့ လှည့်သွားသည်။

www.burmeseclassic.com



ကဲ သင်းအမေနဲ့ မတူလား၊ အဲလေ သူတို့မိုးကောင်းတုန်းအခါ ပေကိုး၊ ပြီးတော့ ဒင်းကလေးညက အိပ်ရေးပျက်တယ်ထင်ပါရဲ့၊ ကိုခန့်သည် အရှက်ပြေ တစ်ခေါက်နှစ်ခေါက်မျှ ခပ်ရွံ့ရွံ့လျှောက်ပြီး ဘာလုပ်ရမှန်း မသိသည်နှင့် မီးဖိုချောင်ထဲ ရောက်သောက်သည်။

မီးဖိုချောင်မှာ ခပ်ရှုပ်ရှုပ် ရေစွတ်စွတ် ခြေဖျားထောက်ကာ ကျော်ကာလွှားကာနှင့် လာခဲ့ရာ စောစောကထိုင်သော ကပြင်ကလေးသို့ ရောက်ပြန်သည်။ ခုမှသတိရပြန်၍ ပြန်ထကာ မီးဖိုမှ ထင်းစမီးမသေတသေနှင့် ဆေးပေါ့လိပ်မီးညှိသည်။

ဆေးလိပ်ငွေ့ကလေးကို ရှုမိလျှင် စိတ်အနည်းငယ်ကြည်လင်သွားသလိုလိုပင်။

ဘဝ၏ နာကျည်းစရာတွေကိုတော့ မတွေးဘဲ မနေနိုင်ပါတကား။ ဩော် . . . တွေးရုံသာတတ်နိုင်သူတို့အဖို့ တွေးပြီးသာနေလိုက်ချင်တော့သည်။

တွေးလည်းတွေးတာပေါ့ တွေးရုံနှင့်လည်း ပြီး၍မဖြစ်၊ စီစဉ်သင့်တာကို စီစဉ်ရပေဦးမည်။ ယခုမြကြိုင်ကလေး အရွယ်ရောက်လာပြီ၊ သူကလေး ကိုကြည့်ရသည်မှာ သူ့အမေ မန္တလေးကဆင်းလာစနှင့် တယ်တူသည်။ မျှော်လင့်ချက်အပြည့်က မျက်နှာမှာ လျှမ်းသည်။ အောင်မြင်ရိပ်က ရှေ့ကပြေးသည်။ ပြုံးရွှင်ပိုင်နိုင်သော မျက်နှာပေးနှင့် ကိုယ်ဟန်ကလည်း ရဲရင့်ဝံ့စားလိုက်ပါဘိသည်။ ကိုခန့်တို့သမီးကို မှီပြီး မဒ္ဒီကိုင် ဖြစ်ရဦးမပေါ့ဗျာတို့ . . .

ကိုခန့်သည် မချိပြုံးကလေး ပြုံးမိလေသည်။ မဒ္ဒီကိုင်ဆိုသည်မှာ သူ့ကို ကွယ်ရာတွင် လှောင်ပြောင်ပြီး ခေါ်ရာက အတင့်ရဲလာကာ ယခုထိ

www.burmeseclassic.com



တွင်နေသော သူ့နာမည်ပြောင်ပေတည်း။ နာမည်၏အစမှာ လွန်ခဲ့သည့် ၁၅–နှစ်ခန့်က ဖြစ်သည်။

မစိန်အောင်က အပြုံးအချိုနှင့်စ၍ ကိုခန့်က မစစ်မဆေးဘဲ အကျမှာ နေရင်းထိုင်ရင်းပင် မမျှော်လင့်ဘဲ သူတို့နှစ်ယောက် ယူဖြစ်ကြသည်။ ဇာတ်ဖွဲ့သားတို့၏ အံ့အားသင့်ခြင်းမှာ ကိုခန့်က မျှော်လင့်သလောက်မကြီးကျယ်ချေ။ သူတို့က တစ်မျိုးပြုံးနှင့် ကောင်းချီးသြဘာပေးသည်။ ကိုခန့်ကမူ မစိန်အောင်နှင့်ညားရခြင်းကြောင့် ဘဝအသရေကို ဆည်မိသည် ထင်မှတ်ပြီး ကျေနပ်သည်။ မြန်မာပြည်လုံး ဟိုးဟိုးကျော်သော မင်းသမီး၏ လင်ဖြစ်ရခြင်းသည် မိမိကိုယ်တိုင် မင်းသားဦးဘိုးစိန်ဖြစ်ရခြင်းနီးပါတော့ ကောင်းပေသေး၏ဟု သူယူဆရှာသည်။

“ကိုခန့်တော့ ဇာတ်ထဲဘာမှ မဖြစ်သော်လည်း ရုပ်သေးစင်မတော့ မဒ္ဒီကိုင် ဖြစ်ပြီးပေါ့”

“အလို . . . ဘာကြောင့် – ဆိုစမ်း”ဟု တစ်ယောက်က ထောက်၏။ “ထွားမကလေးလက်ကိုင် ရှိလို့ပေါ့ဗျာ... သို့ပေမဲ့ ကိုခန့်က ကောင်းတာက သူ့မဒ္ဒီက အလိုလို က,တဲ့မဒ္ဒီဗျ – ကြိုးဆွဲဘို့ မလိုဘူး . . .”

ထို့နောက် တဟားဟားတဝါးဝါး ရယ်သံများကလိုက်သည်။

ဘာဘဲဖြစ်ဖြစ် စိန်အောင်ကလေးကိုမှီပြီး လူ့အရိုအသေတော့ အနည်းငယ်ရလာပါ၏။ စိန်အောင်ဆိုသည်မှာလည်း လူကွယ်ရာမှာ လင်ကို နိုင်ပေမည်။ လူသူလေးပါးရှေ့တော့ ရိုသေရှာသားပဲ၊ လူပြက်ကိုပန်နကစ်တို့ကများ ကိုခန့်ကို နားမလည်နိုင်သောစကားများနှင့် လှောင်လျှင် “ဟင်း–ဟင်း”ဟု မျက်နှာထားတင်းတင်းနှင့် မျက်စောင်းထိုး

www.burmeseclassic.com



ကာ ဟန့်တတ်သည်။ အဖွဲ့သားတို့သည် နကိုမဟုတ်သော်လည်း မင်းသမီးကို လေးစားအားနာ မင်းသမီးလင်ကိုပါ ရိုသေသမှုကလေး ပြုရသည်။

မစိန်အောင်က မဟန့်နိုင်သည့်နေရာများ၌မူ ကိုခန့်သည် မဒ္ဒီကိုင်မျှပင် ဖြစ်ပြန်သည်။

မစိန်အောင်က လုံးလုံးမဟန့်နိုင်တော့သည်မှာ ၁၀–နှစ်ကျော်ပေပြီ။ သည်အတွင်း မစိန်အောင် ထောင်သွားသောအငြိမ့်အဖွဲ့မှာ အငြိမ့်စင်ဆောက်ရ၊ ပွဲမိန့်ခံရ စသည်တို့၌ အရာရာပြေပြစ်အောင် လုပ်ဆောင်ပေးခြင်းဖြင့် ထမင်းစားရပြီး၊ သမီးကလေး မြကြိုင်ကို ကျောင်းထားခဲ့သည်။ ပထမအရွယ်... သည်မှာ သမီးကိုမြန်မာစာ ၇–တန်းအောင်အောင် သင်ပေးဘို့ဖြစ်၏။ ၇–တန်းအောင်လျှင် ကျောင်းဆရာမ,လုပ်နိုင်းပြီး သားအဖနှစ်ယောက် အေးအေးနေမည်။ သဘင်ကိုတော့ စိတ်ပျက်ပါပြီ။

သို့သော်... မြကြိုင်ကလေးမှာ သူ့သွေးထက် အမေ့သွေးကပိုများဟန်တူသည်။ စာကို ဖြစ်မြောက်အောင် မသင်ချင်၊ က,ချင်သည် ဆိုချင်သည်၊ ကဆုန်ညောင်ရေသွန်းများတိုင်ပြီဆိုလျှင် အသင်းအဖွဲ့များနှင့် လိုက်ပြီး မရအရ ဘုရားပေါ်တက်က,လေ့ရှိသည်။ ငယ်ကတည်းက ရိုက်လေ့လည်း မရှိ၍ ကြည့်နေရ၏။ ပြော၍လည်းမရ၊ တော်ကြာ အဆိုသင်ပြန်ပြီ၊ တော်ကြာ အကသင်ပြန်ပြီ၊ တစ်နှစ်ကမူ ဩဘာသောင်းဆီမှာ အက,သင်လိုက်တာ ကျောင်းကို လုံးလုံးမတက်တော့ဘူး...။

အရင်တလော ကလေးက လူပြက်ကိုပွေလီက လာပြောသည်။

''ကောင်မလေး က,ပါစေဗျာတဲ့''

www.burmeseclassic.com



"သူ့မအေလို နိုင်ငံမကျော်တော့ ပြောချင်တိုင်းပြောဗျာတဲ့"

"တောက်မဲ့မီးလား . . . မတောက်မဲ့မီးလားဆိုတာ အစောကြီး ကထဲက သိနိုင်သဗျတဲ့"

"ကောင်မကလေးက သူ့အမေနည်းတွေလဲ တော်တော်ရ လိုက်တာ – ခုညြဘာသောင်းကလဲ ကောင်မလေးတော်မှန်းသိလို့ ဖိသင်နေသတဲ့"

ကိုခန့်ကမူ သူ့ထုံးစံအတိုင်း အကျင့်ပါနေသော ဇာတ်ရူးကြီးဟန် ဖြင့်သာ ဘာမှမပြောဘဲ ပြုံးဖြီးဖြီးကြီးလုပ်နေခဲ့သည်။

မိမိဘယ်လို စမ်းသပ်၍မှ မအောင်မြင်ခဲ့သော သဘင်ပညာနှင့် ကျော်ကြားဘို့ရာ လူတစ်ယောက် မွေးလာပြီးဆိုဟုတ်နိုင်သလား – ဒါ ဖြစ်နိုင်ပါ့မလား – မြကြိုင်လေးဖြစ်နိုင်လျှင်တော့ ကျေနပ်စရာပ၊ ကိုခန့်သည် မစိန်အောင်ကနေပုံကို မြင်ယောင်မိသည်။ သူတစ်ယောက်မှာ အင်မတန် လွယ်ကူသော လက်အမြှောက် ခြေအထိုးသည် တခြားလူတစ် ယောက်မှာတော့ ဘယ်လိုကြိုးစား၍မှ မရနိုင်သည်မှာ ဘာသဘောပါလိမ့်။ ကျော်ကြားခြင်းသည် တစ်ဦးတစ်ယောက်ထံမှ ခွာချ၍မရအောင် ကပ်တွယ်နေစဉ် အခြားတစ်ယောက်မှာတော့ မာနကိုထိကာ အရှက်ကွဲပြီး ငိုရှိုက်ရသည်။

"ဒီမှာ ကိုခန့်ရဲ့ အိန္ဒိယစိန်မှုံကြီး ကသလို 'ဒီမလေ စိန်မှုံကြီး လာပြီ အဝေရာဟောန္တ' ဆိုသလိုပေါ့ – ကောင်မလေးကိုလဲ 'မြကြိုင် လာပြီ အဝေရာဟောန္တ' ပါစေဦး"

လျော်ကန်လှပါရဲ့ မြကြိုင်ရေ့ . . . နင်ကျောင်းဆရာမ မလုပ်နိုင်ဘူး က,တော့မယ်ဆိုရင်လဲ အဝေရာဟောန္တလို့ ဆုတောင်းလိုက်ပါရဲ့ – နင့်

www.burmeseclassic.com



အမူအရာမှာတော့ ကျော်ကြားအောင်မြင်သွားသူတို့ရဲ့ ကိုယ့်ကိုယ်ကို စိတ်ချသေချာတဲ့ အရိပ်ကို တွေ့ရပါရဲ့... သဘင်ပညာကြောင့် နင့်မှာ အဝေရာ–ရန်မရှိသည်သာ ဟောန္တု– ဖြစ်ပါစေသတည်း။

× × ×

www.burmeseclassic.com

## ၂

အလွန်ဝင့်ကြွားစွာပြောရမည်ဆိုလျှင်တော့ ကိုနန္ဒ၏လက်များကို ပဥ္စသီခ စောင့်သည်။ သူ၏လက်ချရာမှာ ဂီတဖြစ်ပေါ်လာရမည်။ ဘယ်တူရိယာကိုမဆို သူကဆရာဖြစ်ဖို့ရာ လွယ်ကူသည်။ သူ၏ ရင်တွင်း၌ ခံစားရမှုတို့သည် အချင်းချင်းကာရန်ညီစွာ တွဲဘက်သော ဂီတလက္ခဏာ အဖြစ်သို့၊ ပြီးတော့ တေးသီချင်းအဖြစ်သို့ ပြောင်းမြဲပင်၊ ထို့ကြောင့် သူသည် ငယ်က လက်သပ်မွေးသည့်ခွေးလိမ္မာ တူရိယာကို ခင်မင်သည်။ ရင်းနှီးလွန်း၍ လေးစားခြင်းမှာ ပေါ့တန်သည်ဟုလည်း ဆိုချင်ဆိုပါ။

သင်၏ ခွေးလိမ္မာကို စိတ်လိုသည့်အခါမှာ လည်ပင်းကို သပ်နိုင်ပြီး စိတ်တိုသည့်အခါမှ တုတ်ကောက်နှင့်ရိုက်နိုင်သည် မဟုတ်လား။ ပြီးတော့ ခွေးလိမ္မာသည် သင့်နောက်သို့ ကောက်ကောက် လိုက်ရမည်၊ သင်က သူ့နောက်သို့ လိုက်ခြင်းများမှာ မသိလိုက်မသိဘာသာ ဖြစ်စေရမည်။

**ရည်မွန်ဦးစာပေ**

www.burmeseclassic.com



သည့်လိုပင် ကိုနန္ဒအဖို့ တူရိယာသည် စိတ်အလိုက်အကြိုက် သိသည့် ငယ်ကမွေးသော ခွေးလိမ္မာလိုပင်၊ ထို့ပြင် ခွေးလိမ္မာရှိသော သခင်တစ်ယောက်၏ စိတ်ချခြင်းဖြင့်လည်း သူ့ကိုယ်သူ စိတ်ချသည်။

ကိုနန္ဒအဖို့ ဂီတသာလျှင် အဖော်ရှိလေသည်။ သူသည် အင်မတန်မှ လုံးထီးနိုင်သည်။ လုံးထီးနိုင်ခြင်းသည် သူ့အား စိတ်ချမ်းသာ ကိုမူ ပေးသည်ဟု မဆိုနိုင်သော်လည်း ဘာဘဲဖြစ်ဖြစ် လုံးထီးပင် နေချင်သည်။ ဘာကိုမှ သံယောဇဉ် အမျှင်မတန်းချင်ပေ။ သူသည် မြန်မာပြည်မြောက်အရပ်မှ လေလွင့်လျှောဆင်းလာသူ ဖြစ်သည်။

သူသည် အတိတ်ကို မြောက်အရပ်မှာပင် ထားခဲ့သည်။

''ကိုနန္ဒ မျိုးရိုးက မင်းမှုထမ်းမျိုးဆို...''ဟု သဘင်သည်တို့က မေးလျှင် သူက အပြုံးအေးအေးဖြင့် နေမည်။

''ကိုနန္ဒ မိန်းမရဘူးသဆို'' ဟု မေးပြန်လျှင် မျက်စိမှေးကာ ငေးနေမည်။

''အို ... သူ့မှာ ဆွေမျိုးကိုစိတ်နာစရာရှိလို့ဘဲ ဒါကြောင့် ဘယ်တော့မှလဲ ရပ်ရွာကိုမပြန်တာပေါ့။ ပြီးတော့ သဘင်သည်မျိုးရိုး မဟုတ်ဘဲ တီးမှုတ်စားနေတာကြည့်လေ၊ ဒါ... မထင်မရှား နေချင်လို့ဘဲ''

ဤသို့ သဘင်သည်တို့က ဆုံးဖြတ်သည်။

ကိုနန္ဒကို မျိုးရိုးကောင်းသည်ဟု ယူဆကာ ခင်မင်လိုကြသည်။ သို့သော် သူသည် ခပ်ကင်းကင်းနေလေ့ရှိသည်။ သူ့ဘာသာသူ တီးမှုတ် ကာနေချင်သည်။ သူ့ကို စမ်းချင်သူများနှင့် တွဲကာ ဝါရင့်ပြီးသူပမာလည်း မီတောက်သော ချက်အရက်ကို သောက်နိုင်သည်။ ဖဲလည်း ညလုံးပေါက် ရိုက်နိုင်သည်။ ကျွမ်းကျင်စွာလည်း မိန်းမထုတ်တတ်သည်။ သို့သော်

www.burmeseclassic.com



သူသည် ဘယ်သူနှင့်မှမပေါင်းဘဲ ဘာမှလည်းရေရှည်မလုပ်ဘဲ တည်တည် တံ့တံ့နေသည်။

သူ့ကို မာနကြီးသည်ဟု စွပ်စွဲကြသည်။

သူက ဘာမှ ရှင်းလင်းခြင်းမရှိ။ မတုန်မလှုပ်သာ နေလေသည်။ သူနေပုံမှာ နောက်ချေးပုံမှာပေါက်သောကြာ၏ ရဲရင့်ခြင်းရှိလေသည်။ သည်လိုဘဲ သူ့ကိုယ်သူထည်သည်ဟုလည်း ပြောကြသည်။ ကိုနန္ဒကမူ တူရိယာတီးခတ်ကာသာ နေသည်။ သူ၏ မှိုင်းမှုန်သောမျက်လုံး အကြည့်မှာ ဂီတလက္ခဏာများကလွှဲ၍ ဘာကိုမှ မြင်ပုံမရ။

ကိုနန္ဒသည် ဇာတ်သားမကလေး မစိန်အောင်၏ အငြိမ့်အဖွဲ့သို့ ရောက်လာစဉ်က အလွန်ပင်ငယ်ရွယ်သေးကာ ဟိုက်စကူးကျောင်းသား ကလေး တစ်ယောက်နှင့်တူသည်ဟု ပြောလေ့ပြောထရှိသည်။ သူသည် ငယ်ရွယ်သော်ငြား ပတ္တလားနှင့်စောင်းကို ကောင်းစွာနိုင်နင်းလေသည်။ အပြစ်ဆို ရှုံ့ချဘို့ စောင့်နေသော သူများသော်မှ ချီးကျူးခြင်းကို အရင်စလို လုပ်ကြသည်ဟု ဆိုသည်။

အငြိမ့်ထောင်ကာစမို့ နေရာတကျစီမံနေရသော မစိန်အောင်က သူ့ကို သဘောကျကာ ပတ္တလားတီးစေသည်။ အငြိမ့်အဖွဲ့မှာ က,သူသာ မက တီးသူပညာပြည့်ဝဘို့ လိုသည်။ အတီး၊ အက၊ လူပြက်မကျန် အံ့သြဘွယ်လုပ်နိုင်ပါမှ အောင်မြင်ခြင်း၏ သဘောဖြစ်သော ကျော်ကြား ခြင်းကို ရမည်ဆိုပါတော့။

သည်တုန်းကတော့ မနာလိုသော ပါးစပ်များမှ မစိန်အောင်အား လှောင်စကားတို့ ထွက်ခဲ့သေးသည်။ နောက်ဆုံး၌မူ ကိုနန္ဒ၏ ဂီတပညာ အောက်မှာ အားလုံး နွံလာကြသည်။ ကိုနန္ဒသည် အငြိမ့်တီးဝိုင်း၏

www.burmeseclassic.com



ဆရာပင်ဖြစ်လာသည်။ သူ၏ ဩဇာသည် ကြီးမားပြန့်ကျယ်ကာ လာလေသည်။ အငြိမ့်မင်းသမီးကလည်း အရေးပေး,ပေသကိုး၊ အငြိမ့်မင်းသမီးမှာကလည်း ကနိုင်၊ အငြိမ့်ကိုလည်း ပိုင်ရကား သူမ လေးစားသူကို မထေမဲ့မြင်မပြုဝံ့ကြတော့ချေ။

ကိုနန္ဒက အပျော်သဘောနှင့် သီချင်းတစ်ပုဒ်စပ်ပေးဘူးသည်။ ထိုသီချင်းမှာ မစိန်အောင်ပါးစပ်မှာတဆင့် ပရိတ်သတ်များပါးစပ်သို့ အဆင့်ဆင့်ရောက်သွားလေရာ ကိုနန္ဒမှာ သီချင်းရေးဆရာဖြစ်ပြန်သည်။ အငြိမ့်အဖွဲ့က သူ့ကို စာရေးဆရာအမည်တပ်၍ ခေါ်သည်။ ထို့ပြင် ပိုင်းပြီး အားကျကြသေးသည်မှာ အငြိမ့်သမမောရ၍ ခဏအနား တီးဝိုင်းက တီးနေစဉ်ဖြစ်စေ၊ ပဏာမတီးနေတုန်းမှာပင်ဖြစ်စေ ခေါင်းဆောင်သူ မစိန်အောင်ကိုယ်တိုင်က "အို ...ဘာတဲ့ကိုနန္ဒရေ ကြိုးစားလိုက်"ဟု အားပေး မြှောက်စားလေ့ရှိသောကြောင့် ဖြစ်လေသည်။

× × ×

ကိုနန္ဒအဖို့ သည်ညနေ စိတ်လှုပ်ရှားနေသည်ကို ဝန်ခံရပေမည်။ သူတို့၏ တစ်ပြည်သူ တင်လှိုင်အငြိမ့်ကို စီဘီအေ တရုတ်ကပြားအသင်း တိုက်မှ(၇)–ည ဆက်၍ငှားထားသည်။ အသင်းတိုက်၌ စန္ဒယားရှိသည်ဟု ကြားရသည်။ သူသည် သူ၏ ပညာအလိမ္မာကို ပြရပေဦးမည်။

စင်စစ် တွေးပြန်တော့ သူသည် ကျော်စောခြင်းကို စုံမက်လှသည် မဟုတ်၊ သူ၏ အလိုမှာ တီးမှုတ်နေဘို့ရာသာဖြစ်သည်။ သို့သော်လည်း သူ၏ တတ်ကျွမ်းပညာမြောက်မှုကပေးသော ကျော်စောမှုကို ငြင်းတော့လည်း မငြင်းပယ်ချေ။ ပညာသည်၏မာနဖြင့် မတုန်တလှုပ်ပင် ခံယူတတ်သည်။ သူနှင့်တိုက်နေသည်မှာ ပွဲလာပရိတ်သတ်မဟုတ်ဘဲ တူရိယာ

www.burmeseclassic.com



များသာ ဖြစ်သည်ဟုယူဆလေသည်။ ပွဲလာပရိတ်သတ်တို့မှာ နိုင်သော ဘက်ကို လက်ခုပ်တီးမည့်သူသာ ဖြစ်သည်။ သူနှင့် တူရိယာများ တိုက်ခိုက်သည့်အခါ သူကနိုင်လျှင် သူကျော်စောမည်။ တူရိယာများက နိုင်လျှင် နန္ဒဆိုသောနာမည်ကို လွင့်ပစ်လိုက်ရမည်။ သူသည် တိုက်ပွဲ၌ နိုင်ချင်သည်။ ထို့ကြောင့် ပင်ပန်းစွာပင် ကြိုးစားသည်။ ဤသို့သာလျှင် သူလုပ်နေသော အလုပ်ကို သူပြန်မြင်လေသည်။ သည်ညအဖို့ သူနှင့် စန္ဒယားတိုက်ပွဲဖြစ်လေသည်။

မှုန်ရီသော အတိတ်ကာလ၌ သူသည် စန္ဒယားတီးသူသာလျှင် ဖြစ်ခဲ့လေသည်။ အလွန်ငယ်ရွယ်စွာကပင် စန္ဒားတီးခဲ့သည်။ မြောက်အရပ်မှ လေလွင့်လျှော့ချလာသည်အထိ စန္ဒယားကိုသာ စွဲမြဲထက်သန်စွာ တီးခဲ့သည်။ သဘင်သည်ဘဝ၏ ဆယ်နှစ်သောကာလ၌မူ ကြိုးကြားမျှသာ တီးခွင့်ကြုံခဲ့သည်။ သူတို့အငြိမ့်အဖွဲ့၌ စန္ဒယားမထားနိုင်။

သူက ဖျောက်ဖျက်ထားသော အတိတ်၏အရိပ်တစ်ခုဟာတော့ မျက်စိရှေ့ဝယ် ပေါ်သည်။ ကောင်ကလေးက စန္ဒယားတီးသည်။ မိန်းမတစ်ယောက်က စည်းလိုက်ကာ သီချင်းဆိုသည်။ ပတ်လည်တွင် တီးတိုးသံများ ဝေလျက်နေသည်။ ဒါဘဲ... သို့သော် ကိုနန္ဒသည် မျက်နှာများကို မမြင်အောင်နေသည်။ ဒါတွေ မှုန်ရိပ်များဖြစ်လျှင် ဆောင့်ခွဲပစ်လိုက်ချင်၏။ သို့သော်လည်း မတတ်နိုင်၊ သူကလက်နှင့် ဆုပ်ဖမ်း၍ မရသော စိတ်ဆိုသည့်ဟာက ရင်တွင်းမှာလား ဦးဏှောက်မှာလား မသိ၊ တွယ်ကပ်ကျန်ခဲ့သော ထိုအရိပ်ဖြင့်တစ္ဆေခြောက်သည်။ သူဘယ့်နှယ်လုပ်နိုင်မလဲ၊ သို့သော် သူသည်တစ္ဆေခြောက်ခြင်းခံနေရသည့်အခါမှသာ အထူးခြားဆုံး တီးကွက်များကို မြင်တတ်သည်ကို ဝန်ခံရပေမည်။

www.burmeseclassic.com



သည်တော့ သူသည် စန္ဒယားနှင့်ဝေးကွာခဲ့သော်လည်း တကယ့်တကယ်အရေးကျတော့ အတိတ်ကာလက ကောင်ကလေးဖြစ်သွားပြီး အံ့သြဖွယ်ပင် တီးနိုင်လိမ့်မည်ဟု သူမျှော်မှန်း၏။ ပြီးတော့ သူ့လက်ချောင်းများ၏ အာရုံကြောများသည် စန္ဒယားခလုတ်တို့နှင့် အတွေ့အထိမှာ စွမ်းသန်နူးညွတ်လာလိမ့်မည်ဟုလည်း ယုံကြည်သေး၏။

သူကတော့ စွန့်စားဘို့ရာ ဆုံးဖြတ်လိုက်ပြီ။

''အသင်းတိုက်ကျယင် ကျွန်တော်စန္ဒယားတီးမယ်''ဟု သူက ကိုပွေလီကို ပြောခဲ့သည်။ ကိုပွေလီမှာ အငြိမ့်သမ တစ်ပြည်သူတင်လှိုင်၏ အကြွေးများကို နှိမ်ရင်းနှင့် မကြာခင်အငြိမ့်ပိုင်သူ ဖြစ်တော့မည်ဖြစ်၏။ ထို့ကြောင့် သူသည် မတင်လှိုင်ထက် ကိုပွေလီကို ပြောဘို့ပို၍လိုသည်။

''လုပ်လေ . . . စန္ဒယားမောင်ကလေး သေပြီဘဲ''ဟု ပြက်၍သွားလိုက်သေး၏။ ပြက်ပင် ပြက်သော်လည်း ကိုပွေလီ၏မျက်လုံးများ၌ လေးစားအံ့သြသော အရည်ကြည်ကို တွေ့မြင်လိုက်ရ၏။ အဖွဲ့သားများကတော့ ကိုနန္ဒ မိုးပေါ်တက်မည်ဆိုလျှင်လည်း အင်မတန်ရှည့်သည့်လှေကားရှိလို့ဖြစ်မှာဘဲဟု တွေးကြမည့်လူများဖြစ်သည်။ သူတို့ရဲ့နန္ဒကို သူတို့ ယုံကြည်သည်။

ကိုနန္ဒအဖို့ သူတို့၏မျှော်လင့်ချက်ကို အလဟဿမဖြစ်ဖို့ရာ ကြိုးစားရမည့် တာဝန်တစ်ခု ပိုလာ၏။ သို့သော် ကိုယ့်အရှက်ကွဲမှုကို ကိုယ်မပြုဘို့ရာ တစ်ခုနှင့်ပင် လုံလောက်ပြီဖြစ်၏။

သူသည် မတင်လှိုင်နှင့်တွေ့သော် ကိုခန့်၏သမီးသတင်းကို ကြားသည်။ ကောင်မကလေးက သည်ညက,မည်ဆိုပါကလား၊ ဒါဖြင့် မင်းသမီး သုံးလက်ဖြစ်သွားမှာပေါ့၊ မြကြိုင်ကို ဒုတိယမင်းသမီးနေရာက

www.burmeseclassic.com



ထားသဖြင့် ခါတိုင်းက,နေကျကောင်မလေးကတောင် မကျေနပ်ဘူးဆိုဘဲ။

ကိုနန္ဒသည် ခဏတော့ အံ့သြ၏။ သူသည် မြကြိုင်ကို သိပ်ပြီး အထင်မကြီး၊ မိဘများတော်လျှင် သားသမီးတယ်ပြီးလိုက်၍မမှီတတ်၊ ဤသို့ ယူဆသည်။ တလောက မြကြိုင်ဆိုင်းနှင့် က,ကနေသည်ကိုတော့ သိမိသည်။ သို့သော် မြကြိုင်က မတင်လှိုင်ကို တပည့်မခံသဖြင့် သူတို့ တီးဝိုင်းနှင့် မပတ်သက်၊ အင်း. . . ခုတော့ က,မည်တဲ့။

ဒါဖြင့်ယင် သည်ညအဖို့ စွန့်စားမည့်သူနှစ်ယောက်ပေါ့ဟု သူ ဘာသာပြောမိလေသည်။ ဘယ်သူက စွန့်စားကျိုးနပ်မည်လဲ၊ နှစ်ယောက် စလုံးဘဲ ရှုံးနိမ့်လေမလား၊ ကံကောင်းသော ညဖြစ်ပါစေဟုတော့ သူဆုမတောင်း၊ အောင်မြင်ခြင်းများသည် ကံပေါ်၌ အနည်းငယ်မျှသာ တည်သည်ဟု ထင်သည်။ ကိုယ့်ဘက်ကသာ သေချာလျှင် ကံမပေး သော်လည်း အောင်မြင်မည်။ သည်တော့ မြကြိုင်ရေ. . . မင်းကလေး အတွက် မင်းဘဲကြိုးစားပေတော့။ ကိုနန္ဒသည် ခါတိုင်း ဂရုတယ်ပြီး မစိုက်ခဲ့သော မြကြိုင်အပေါ် ယနေ့ညအဖို့ ဂရုတစိုက်စိတ်ကောင်းထား လိုက်လေသည်။

''အသင်းတိုက်ကျရင် ကျွန်တော် ပတ္တလားမတီးဘူးနော်၊ စန္ဒယား တီးမယ်၊ တယောကိုတော့ ဘယ်သူတီးမယ် မသိဘူးဗျ။ မရှိ့နဲ့နော် ခါတိုင်းက,သလိုဘဲက,သွားပါ ဟို ကလေးမ မမြကြိုင်ကိုလဲ ပြောထား လိုက်ပါ''ဟု သူက ပြောလိုက်သည်။

မတင်လှိုင်က''အမယ်လေး ပြောနေစရာမလိုပါဘူးရှင့်၊ က,တတ် ပါတယ်''ဟု ဆို၏။ ''မြကြိုင်အတွက်လဲ သိပ်ပူမနေပါနဲ့''ဟု ခနဲ့၏။ ထို့နောက် မျက်စတစ်ဖက်ချီကာ ပြုံးစနဲ့လုပ်သည်။

www.burmeseclassic.com



ကိုနန္ဒက ဘာမှမပြောဘဲ ခပ်တည်တည်နှင့် ထွက်လာ၏။ စိတ်ထဲကမူ ''အဲဒီမျက်နှာပေးမျိုးကို ထောင်ကဲတွေသာ ကြိုက်မယ်''ဟု ပြောမိသည်။ သူသည် အငြိမ့်သမများကို အရောဝင်လေ့မရှိပေ။ အလွန်တရာ ကင်းရှင်းစွာနေလေ့ရှိသည်။ ပြီးတော့ သူတို့၏ စာရိတ္တကို လည်း မယုံကြည်ချင်၊ အထူးသဖြင့် မတင်လှိုင်ကို ရှုပ်ပွေသည်ဟု ထင်သည်။

သို့သော်လည်း သတိရပြန်သဖြင့် မတင်လှိုင်ဆီ ပြန်လှည့်ပြီး မေးရသေးသည်။

''ဒါနဲ့ မြကြိုင်က,မယ်သာဆိုတယ် ကျွန်တော်တို့တီးဝိုင်းနဲ့ ဘာမှ မတိုက်ရသေးပါကလား . . . ''

''ဩော် . . . ပူပြန်ပါပြီ ကိုမြမောင်တို့နဲ့ တိုက်ပြီးသားပါရှင့်၊ ပြီးတော့ သီးချင်းအသစ်လဲမဟုတ်ပါဘူး ... အင်း... တစ်ပုဒ်တော့ ပါမလေ၊ ရှင်ကျွန်မအဘို့ စပ်ထားပေးထားတဲ့ ''တပြေသူလာပြီ'' ဆိုတဲ့ သီးချင်းလေ...''

မတင်လှိုင်က မျက်နှာကိုရှုံ့ပြီး နှုတ်ခမ်းတစ်ဝက်မဲ့ကာ မကျေနပ် သံနှင့် ''အဲဒီသီချင်းကို မြကြိုင်ပေးလိုက်ရပြီရှင့် . . . ကျွန်မတောင် တစ်ခါမှ မဆိုရသေးဘူး . . . အသစ်စက်စက်ရှိသေးတာ . . .''ဟု ပြောသည်။

''အို ... အငြိမ့်ဆရာကို ဘယ်သူတော်လှန်ရဲမလဲရှင့်၊ တော်ကြာ မြကြိုင်တို့တက်လာတဲ့ တစ်နေ့ကျ ကျွန်မတို့တောင် ကန်အထုတ်ခံရင် ခံနေရမှာ''

ကိုနန္ဒက မတင်လှိုင်စိတ်ပြေအောင်

www.burmeseclassic.com



"ဒီလိုထင်ပါရဲ့ . . . မြကြိုင်ကတော့ ပထမဆုံးအငြိမ့်စင်ပေါ် တက်တာမို့ . . . တပ်ဦးဘီလူးပါဆိုသလို"

"တော်ပါရှင်"

ကိုနန္ဒသည် "ကိုပွေလီက တယ်လဲမြှောက်လိုက်ပါကလားဟေ့" ဟု တွေးလျက်ရှိလေသည်။ မြကြိုင်အတွက်လည်း အနည်းငယ် ပူပန်မိလေသည်။ ကိုပွေလီမှာ နာမည်နှင့်လိုက်စွာ စာရိတ္တညံ့ဖျင်းသူ ဖြစ်သည်။ လူက လူမိုက်တစ်ပိုင်းလည်း ဖြစ်သည်။ မိန်းမနှင့်ပတ်သက်လျှင် ရှက်ကြောက်ခြင်းလည်း သိပ်မရှိ။ ပြီးတော့ မြကြိုင်အဖေဆိုသည်မှာလည်း ဘာမှသုံး၍မရသော အလကားလူကြီးဖြစ်သည်။ သူ့သမီးသူစောင့်ရှောက်တတ်မှာ မဟုတ်၊ မြကြိုင်ဟာ တင်လှိုင်လို မဖြစ်လာပါစေနဲ့လို့သာ ဆုတောင်းရမှာဘဲ။

မြကြိုင်ကို မက,ခင်တွေ့ချင်စိတ်ပေါ်သည်။ သို့သော်လည်း အရိပ်အရောင်မျှပင် မတွေ့ . . .။

ညနေသည် မှောင်ရီ၍လာသည့်အခါ၌ကား ကိုနန္ဒသည် သူ့အရေးကိုသာ သူတွေးလျက်ရှိတော့ကာ – စန္ဒယားတီးနိုင်ရန်အရေးအတွက် ရင်ကြပ် ပင်ပန်းစွာပင် အတိတ်ကို ပြန်တွေးလျက်ရှိလေသည်။

× × ×

www.burmeseclassic.com

## ၇

လူပြက် ကိုပန်နကစ်သည် ရောင်ထုံး–ထုံးလျက်ရှိသည်။ သူ့ဆံပင်များမှာပျော့ညံ့ပါးလျသော်လည်း အသက်ငါးဆယ်ကျော်သည်နှင့်မမျှအောင် မဲနက်လျက်ရှိသေးသည်။ ဆံပင်များသည် အဖျားရှူးကာ ရှည်လွင့်လှသည်။ နှစ်ပတ်လျှိုထုံးပြီးသည့်တိုင်အောင် သုံးလေးငါးရစ်ထပ်ရစ်လိုက်မှ ဆံမြိတ်သည် ကုန်ဆုံးရသည်။

ဆီသပ်ထားသော ဆံထုံးမှာ တပြောင်ပြောင်နှင့် ချောမွတ်လျက်ရှိလေသည်။

ကိုယ့်ကိုယ်ကို မှန်တွင်ကြည့်လိုက်လျှင် မင်းသားကြီးနှင့်တူသလိုလို ကိုပန်နကစ်သည် သူ့ဟာသူပြုံးကာ ''သည်အခါ သည်ပုဝါနဲ့မှ တော်မဟော့ . . . ''ဟု တစ်ယောက်တည်းပြောသည်။ သူရွေးချယ်လာသည့်ပုဝါမှာ ဂျပန်ပြည်မှလာသော်လည်း အမေရိကန်ပုဝါဟုတွင်သော ပိုးတွန့်ပွင့်ထိုးပုဝါဖြစ်၍ ဈေးအတော်ကြီးသည်။ သုံးထောင့်တစ်ထွာကို

www.burmeseclassic.com



တစ်ကျပ်မူးတင်းတောင် ကျသည်။ ယနေ့ည သူတို့အငြိမ့်က,ကြရမည့်မှာ သူ့ငွေး အသင်းတိုက်ဖြစ်၍ လမ်းမပေါ်က,သလို ကရော်ကမည်ဝတ်၍ မဖြစ်ဟု သူထင်သည်။

ဆံထုံးကလည်း ချော၊ ပုဝါကလည်း ချောမို့ ခေါင်းပေါင်း ပေါင်းရသည်မှာ တယ်ပြီး မမြန်လှပေ၊ ခပ်တင်းတင်းရစ်သည်။ ခေါင်းပေါင်း စချလေ့ရှိသည်မှာ ယုန်နားရွက်ပင်ဖြစ်သော်လည်း ယနေ့အဖို့ အရှည်ချမည်ဟု စိတ်ကူးသည်။ သူသည် ခေါင်းပေါင်း ဘယ်ချ, ချတတ်သည်။

ခေါင်းပေါင်း ပေါင်းပြီးသည့်အခါ ပုဆိုးတောင်ရှည်ဝတ်ရပြန်သည်။ ပုဆိုးမှာ မန္တလေးဘိန်း ပန်းရောင်ဖြစ်၍ ထုံးစံအတိုင်း ကိုပွေလီနှင့်ဆင်တူ ဖြစ်သည်။

အားလုံး ပြင်ဆင်ပြီးသည့်အခါ သူသည် ဂိုက်ဆိုက်အတော် တောင့်လျက်ရှိသည်ကို တွေ့ရလေသည်။ သူ့ဘာသာသူလည်း ရယ်ချင်လျက်ရှိသည်။ သူ၏ ဟာသဉာဏ်သည် ပွင့်လင်းလျက်ရှိသည်။ မိမိ၏ အဝတ်အစားနှင့်ပတ်သက်ပြီး ပြက်လုံးထုတ်မည်ဟု သူရေး–တွေး တွေးသည်။ သူသည် ကျဘမ်းပြက်လေ့ရှိသည်။ ကိုပွေလီကမူ တိုက်ထားသော ပြက်လုံးများကိုသာ ပြက်သည့်ကောင်ဘဲ၊ သူကိုယ်တိုင် အငြိမ့်ပိုင်ရှင်ဖြစ်နေတော့ သူ့ကိုယ်သူ လူပြက်ခန့်လို့ရတာပေါ့။ နို့မဟုတ်ရင် သုံးရမဲ့ပစ္စည်းမဟုတ်ဘူး ...။

ကိုပန်နကစ်မှာ ဆရာစိန့်ဇာတ်မှာကထဲက ကျော်ကြားသော လူပြက်ပေတည်း။ မစိန်အောင်ဇာတ်ထဲမှ ခွဲထွက်ပြီး အငြိမ့်ထောင်သော ဆရာစိန့်ကို မကျေနပ်ရင်းရှိသည်နှင့် မစိန်အောင်နောက်လိုက်လာသည်။ သူသည် ခိုတောင်ခတ်ကဲ့သို့ ဖျပ်လတ်သော သူ၏ဟာသဉာဏ်ကို

www.burmeseclassic.com



အားကိုး၏။ ဘယ်အငြိမ့်၊ ဘယ်ဇာတ်ကဖြစ်စေ သူ့ကိုလက်ခံကြမည်ကို သိ၍ မာနကြီးသည်။ ကိုပန်နကစ်မှာ ပညာရေလည်း ဝ,လှလေပြီ၊ မွေးကတည်းက ဇာတ်ခုံပေါ်မွေးသည်ဟု ဆိုနိုင်သည်။ သူတို့မှာ တစ်မျိုးလုံး သဘင်သည်ဖြစ်သည်။

သဘင်သည် အဖြစ်ဖြင့်သူ့ရည်ရွယ်ရင်းကမူ မင်းသားလုပ်ဖို့ပင် သူသည် ကျနစွာ က,တတ်သည်။ သီချင်းကိုလည်း ကောင်းစွာဆို တတ်သည်။ အသံလည်း ရသည်။ အာဝဇ္ဇန်းလည်းရွှင်သည်။ သို့သော် မင်းသားရှူးနေရာတွင် တစ်ညမျှ အစားဝင်က,လိုက်ခြင်းသည် သူ့နောက် ဆက်တွဲဘဝကို ပြောင်းလဲပေးလိုက်လေသည်။ ပွဲကြည့်ပရိသတ်သည် မင်းသားက,သည်၊ ဆိုသည်၊ ငိုသည်ကိုပင် မကြည့်ချင်တော့ဘဲ မင်းသား ရှူးနှင့်သာ ပွဲအကျကြီးကျလျက်ရှိသည်။ ကိုပန်နကစ်သည် ဇာတ်စင်ပေါ်၌ မည်သည့်နေရာကိုမဆို ဝင်နိုင်စွမ်းရှိကြောင်း ကိုယ့်ကိုယ်ကို သိလာသည်။ ပရိသတ်ရော၊ မင်းသမီးရော၊ မင်းသားရော၊ မိမိကိုယ်တိုင်ကိုပါမကျန် ပြက်ချော်လိုသော ဟာသ ဝါသနာကလေးဖြင့် သူနောက်ဆုံးရွေးချယ် လိုက်သည်မှာ ပန်နကစ်အမည်ရ လူပြက်ပင်ဖြစ်သည်။

သူသည် အမြဲတမ်းပင်ပြက်ချင်တတ်သည်။ မင်းသမီး၊ မင်းသား အပူတိုက်ခန်း၌ဆိုလျှင် သူ၏ဟာသဉာဏ်သည် ထူးထူးခြားခြား ကွန့်မြူး လာကာ မျက်ရည်စမ်းစမ်းနှင့်ပွဲလာပရိသတ်ကိုပင် အူကြောင်ကြောင် ဖြစ်အောင် ပြက်တတ်သည်။ ကြာသော် ဇာတ်ဆရာက တားယူရလေ သည်။ သူတစ်ချက်ပြက်လိုက်လျှင် မင်းသား၊ မင်းသမီးတို့ အသယ်ကြီး သယ်ခဲ့ရသမျှ အပျက်ကြီးပျက်ပါသည်တဲ့။

ဒါကို ကိုပန်နကစ်က တယ်မကျေနပ်၊ သူယူဆသည်မှာ ဇာတ်စင်

www.burmeseclassic.com



ပေါ်က လွမ်းကြ၊ ငိုချင်းချကြသမျှကို ပရိသတ်အလိမ်မိနေသည်။ မိမိက ပြက်လိုက်ခြင်းဖြင့် အမှန်တရားသည် ဘွားကနဲပေါ်လာသည်၊ အားလုံး သော ဟန်ဆောင်ချက်၊ တမင်ပြုနေချက်တို့သည် နဂိုရုပ်ပေါ်လာ သည်၊ မိမိ၏ပြက်ခြင်းမှာလည်း ရက်စက်စွာမဟုတ်၊ သိမ်မွေ့စွာပင် ရယ်သံနှင့် ဖုံးလွှမ်းပေးသည်။ ဒါကို ဘာမှတားမြစ်ဖို့ မကောင်း။

ကိုပန်နကစ်မှာ ကိုယ်တိုင်က လူပြက်မို့လားတော့မသိ၊ ဇာတ်က နေရာမှာ ငိုယင်းနှင့်လည်း ရယ်နေရမှ ကောင်းမည်ဟု ထင်သည်။

သို့သော်လည်း သူသည် အလျော့ပေးခဲ့လေသည်။ စင်စစ် တော့လည်း သူ၏သြဇာမှာ ဇာတ်အဖွဲ့ပေါ်၌ ကျေနပ်စဖွယ် သက်ရောက် သားပင်။ မင်းသမီး၊ မင်းသားများနှင့်တန်းတူပင်၊ သူ့အား အရေးပေး ရသည်။ အသက်လည်းကြီးသူ၊ ဆုံးမ,နိုင်သူဖြစ်၍ သူသည် ဇာတ်ဆရာ တစ်ပိုင်းလည်းဖြစ်တတ်သည်။

မစိန်အောင် က,တုန်းကဆိုလျှင် သူသည် ပရိသတ်၏ အကဲ ကလေးကို ခတ်လျက်ရှိသည်။ ပရိသတ်၏စိတ်ဆန္ဒကို သူမှန်းမိ တတ်သည်။ ဥပမာ ပရိသတ်က ''ဒီအကတွေ ရိုးနေပြီဟု . . .''ဟု ထင်နေလျှင် သူက မင်းသမီးကို ''ဟိုအက–က''ဟု ပြက်လုံးနှင့် သတိပေး တတ်သည်။

မစိန်အောင်နှင့်သူ့မှာ တစ်ဦးကိုတစ်ဦး အထင်ကြီးကြသူနှစ် ယောက်ဖြစ်၏။ နှစ်ယောက်စလုံးပင် မာနရှင်များဖြစ်ကာ သူတို့နှစ်ယောက် မှလွဲပြီး အခြားသဘင်သည်များကို ဘက်ပြိုင်တန်သည်ဟုပင် မထင်ချေ။ သူတို့နှစ်ယောက်ကိုယ်တိုင်မှာမူ ပြိုင်ဘက်များဖြစ်လေသည်။ တစ်ယောက် ကို တစ်ယောက်လည်း ကောင်းစွာ နားလည်သည်။

www.burmeseclassic.com



ကိုပန်နကစ်က စကားစလိုက်လျှင် ဘယ်လိုပြက်တော့မည်ဆိုတာ မစိန်အောင်က မြင်တတ်သည်။ မစိန်အောင်က လူပြက်လုပ်သူကို ဘယ်လိုကော်တော့ ခတ်တော့မည်ဆိုတာကိုလည်း ကိုပန်နကစ်က မြင်သည်။ သူတို့နှစ်ယောက်သည် အင်မတန်လိုက်ခဲ့သော အတွဲပင်တည်း၊ တစ်ယောက်ကို တစ်ယောက် အကဲခတ်ကာ ပြိုင်လျက်ရှိသည်။

မစိန်အောင်က အစွမ်းကုန်ကြိုးစားလိုက်သည့် ညများမှာ ကိုပန်နကစ်ကလည်း အစွမ်းကုန်ပြက်လိုက်သည်။ ပွဲကြည့်ပရိတ်သတ်တို့သည် မစိန်အောင် တစ်ယောက်တည်းကိုလည်းကောင်း၊ ကိုပန်နကစ် တစ်ယောက်တည်းကိုလည်းကောင်း ကွက်၍သြဘာပေး၍မရ၊ သည်လို ဖြစ်နေသည်ကိုကြည့်ပြီး မစိန်အောင်က ''နောက်တစ်ခါမှ''ဟု ကြိမ်းသည်။ ကိုပန်နကစ်က သူ၏ရှောမွေးလိုမျက်နှာပေးဖြင့် ရယ်သည်။

လူများစွာမသိကြသော အချက်မှာမူ မင်းသမီးနှင့်လူပျက်တို့၏ လျှို့ဝှက်သော အချစ်ဇာတ်လမ်းကလေးပင်၊ သူတို့နှစ်ယောက်မှာ သံလိုက်ဓာတ်ချောင်းနှစ်ချောင်းလိုပင်၊ တစ်နည်းအားဖြင့် တစ်ယောက်ကို တစ်ယောက် ဆွဲငင်ကြသော်လည်း၊ တစ်နည်းအားဖြင့် တစ်ယောက်ကို တစ်ယောက် ရန်းကန်၊ တွန်းလှန်လျက်ရှိကြသည်။ အဓိပ္ပါယ်ကတော့ နှစ်ယောက်စလုံးပင် ဓားကောင်းနှစ်စင်းဖြစ်ပြီး၊ ဓားကောင်းတို့ ထုံးစံအတိုင်း တစ်စင်းနှင့်တစ်စင်း အသွားချင်းခုတ်ကြရဘို့ လမ်းကပိုသည်။

တစ်ညသောအခါတွင်မူ သူနှင့်မစိန်အောင်တို့သည် လူသူရှင်းပြတ်သောနေရာ၌ အမှောင်ရိပ်ဝယ် နှစ်ဦးချင်းတွေ့ကြလေသည်။ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး ပါးစပ်မှ ယုယစကားတို့ဖြင့် ပြည့်နေသော်လည်း ဝမ်းတွင်း၌မူ၊ တစ်ယောက်ကိုတစ်ယောက် နှိမ်လို

www.burmeseclassic.com



စိတ်များ ပြင်းပြလျက်ရှိကြသည်။ နှစ်ယောက်စလုံးပင် တစ်ယောက် အပေါ် တစ်ယောက် မရိုးဖြောင့်ကြ။

တစ်နေ့သောအခါတွင်မူ သူတို့နှစ်ယောက်စလုံး၏ ဘီလူးဇာတ် ရုပ်သည် ပေါ်ခဲ့လေသည်။

ကိုပန်နကစ်က ''မစိန်ရယ် ပင်ပန်းလှပါတယ်၊ ဇာတ်ထဲကထွက်ပြီး ငြိမ်းငြိမ်းနေပါတော့၊ တော်ကြာ ခလေးမြီးယယ်တွေ မွေးလုနီးမှာ ဆိုတော့ မဖြစ်ဘူး၊ မောင်ဘဲ အခုလုပ်တဲ့အလုပ်နဲ့ ဝအောင်ထားနိုင်ပါတယ်''ဟု အင်မတန် မနောကောင်းလေဟန်နှင့် ဆိုသည်။

သူ့စိတ်တွင်း၌မူ ''ဒါကိုများ သင်းကလေးနားထောင်ရင်တော့ ငါ့ တစ်သက်လုံး ဖန်ပေါင်းချောင်နဲ့ ကိုးကွယ်တော့မယ်၊ ပြီးတော့လဲ ခဏပါ ငါက စမ်းချင်လို့ပါ။ နောက်မကြာခင် သူ့ကို ဇာတ်ထဲပြန် ထည့်မှာပေါ့''ဟု တွေးလျက်ရှိသည်။

မစိန်အောင်က ဇာတ်ရေဝနေသော ဇာတ်သမ၏ အရယ်ဖြင့် တဟာတ်ဟာတ်ရယ်ကာ ''အကြံချင်းက တူသကိုးမောင်ရဲ့ ... ကျွန်မကလဲ မောင့်ကို မဒ္ဒီဒေဝီလို လုပ်ကျွေးမယ်အောက်မေ့နေတာ၊ မောင့်လူပြက် အလုပ်ကို မလုပ်နဲ့တော့လို့''ဟု ဇာတ်ဟန်ပါပါနှင့် ပြောသည်။

သူတို့နှစ်ယောက်သည် မျက်လုံးချင်း ဆိုင်မိကြလေလျှင် တစ်ယောက်ကိုတစ်ယောက် ချီးဘိုကြံနေသည်ကို အချင်းချင်းမြင်ကြ လေ၏။ တစ်ယောက်ကို တစ်ယောက် မုန်းတီးကြသလား၊ ချစ်ကြ သလားဆိုတာတော့ ဘယ်သူမှ မပြောနိုင်၊ တစ်ယောက်ယောက်က အလျှော့ပေးဘို့ လိုသည်ဆိုတာလည်း သူတို့မြင်ကြသည်။ ကဲ–ဘယ်သူက လျှော့ပေးမလဲကွယ် . . .။

ရည်မွန်ဦးစာပေ

www.burmeseclassic.com



သူတို့နှစ်ယောက်သည် နောက်ဆုံးတော့ တစ်ယောက်ကို တစ်ယောက် အင်မတန်မုန်းတီးကြသည်ဟု ယူဆပြီး ခွဲခွာကြလေသည်။ ကိုပန်နကစ်အဖို့ရာမှာ သူ့ကိုယ်သူနိုင်သည်၊ ဘာမှမဖြစ်ဟု ထင်လျက်ရှိသော်လည်း ချက်အရက်ကို သောက်နေကျထက်ပိုပြီး သောက်လျက်ရှိလေသည်။ ပုဆိုး တကျွတ်ကျွတ်ပင် ဖြစ်နေတတ်လေသည်။ သူ၏ပြက်လုံးများမှာ သရော်ချက်များ အလွန်ပါလာတတ်လေ၏။ သို့သော်လည်း သတိတရားတော့ရှိသည်။ ကိုပန်နကစ်သည် လူပြက်ကောင်းဖြစ်မြဲဖြစ်လျက် ရှိလေသည်။ သည်တစ်ချက်အတွက် သူ့အားလုံးစွန့်ခဲ့သည်မဟုတ်လား… သည်အချက်ကို တွယ်ကပ်ထားနိုင်သမျှတော့ သူဘာလုပ်နေနေ မရှုံးဘူးဆိုတာ သေချာသည်။

မစိန်အောင်ကမူ အခြေမပျက်မျက်နှာနှင့် ကမြဲကသည်။ သေသေချာချာ ကြည့်တတ်သူအဖို့တော့ ခါတိုင်းလျော့ပြေကော့ပျံ့းသည့် နှုတ်ခမ်းပါးကလေးများမှာ ရန်တွေ့ကောင်းဟန်ဖြင့် တင်းစေ့နေသည်ကို မြင်ရမည်။ ဒါကို ကိုပန်နကစ်က ကြည့်တတ်သည်။ မစိန်အောင်မှာ ကိုကျော်ခနှင့်ယူမလိုလို၊ ကိုအောင်ဘနှင့်ယူမလိုလို ကြားသည်။ သူမလည်း တော်တော်တော့ ဒဏ်ခံရမည်ဟု သူတွက်သည်။

သူတို့မှာ အရည်တူသူဖြစ်ကြသည်။ စိတ်ဆင်းရဲခံပြီး မာနကြီးနိုင်ကြလေသည်။ အမြဲပင် တွေ့ကြသည်။ ဇာတ်ကကြသည်။ သူတို့သာနားလည်သောစကားများကို ဇာတ်ကနေယင်း ထည့်သုံးကြလေသည်။ ဘယ်သူကမှတော့ အလျှော့မပေး။

နှင်းမှုန်သောတစ်ညတွင် စိတ်ဆင်းရဲခြင်း၏ တောင်ထိပ်မှ ကိုပန်နကစ်သည် လိမ့်ချခဲ့ပြီး မစိန်အောင်ကို အရှုံးပေးပါတော့မည်ဟု

www.burmeseclassic.com



ဆုံးဖြတ်လိုက်လေသည်။

သို့ရာတွင် မစိန်အောင်မှာ ကိုခန့်နှင့်ညားလျက် ရှိလေပြီ၊ မစိန်အောင်၏ ဝမ်းနည်းပြုံးကလေးကိုလည်း မချိမဆန့်မြင်ရ၏။ တစ်ခါတော့ ''ကျွန်မ ရှင့်ကို မယူနိုင်တော့ပါဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး''ဟု သုတ်သီးသုတ်ပြာပြောသွား၏။ ထိုစကား၏ အဓိပ္ပါယ်ကို မစိန်အောင် ကလေးရသည့်အခါ၌ ကိုပန်နကစ် နားလည်မိလေသည်။ သူတို့ ဇာတ်တစ်ဖွဲ့လုံးသည်လည်း ကလေးအဖေကိုခန့်ကို ရယ်မောလျက် ရှိကြလေသည်။

ကိုပန်နကစ်အဖို့ ကိုခန့်ကို သနား၏။ သို့သော်လည်း မစိန်အောင်သည် လှည့်စားနိုင်သည့် လူပေါင်းများစွာ မိမိအပါအဝင်ထဲမှ ကိုခန့်ကိုမှ ရွေးသွားခြင်းမှာ အဓိပ္ပါယ်ရှိမည်ဟု ထင်လေ၏။ မစိန်အောင်သည် တော်သူကို အထင်ကြီးသလောက်၊ ညံ့သူကို ပစ်ပစ်ခါခါလုပ်တတ်သော သဘောကိုလည်း သတိရမိ၏။ စင်စစ်တော့ မစိန်အောင်ဟာ ကိုခန့်ကို ညံ့ရမလားလို့ အပြစ်ပေးသွားတာဘဲ။

ကိုပန်နကစ်သည် ကိုခန့်၏သဘောကိုလည်း ကောင်းစွာနားလည်လေသည်။ သူတို့သည် ကြက်တိုက်ဘက်၊ အရက်သောက်ဘက်များ ဖြစ်ကြသည်။ ကိုခန့်၏ သေးနုတ်အားငယ်တတ်သော စိတ်ကလေးကို အားမလိုအားမရ ဖြစ်ခဲ့ရ၏။ ကိုခန့်၏ ရှုံးနိမ့်ခြင်းများကိုလည်း အားနာခဲ့ရ၏။ သူသည် ကိုခန့်ကို သနားစိတ်ကောင်းစွာထားသည်။

သနားတော့လည်း သနားပါ၏။ သို့သော်လည်း ကိုခန့်အပေါ် တစ်ခါတော့ မကောင်းကြံသလို ဖြစ်ခဲ့ဘူးသည်။ ဘယ်လို ဘယ်လိုနှင့် ဖြစ်သွားရသည်တော့ မရှင်းလင်းတတ်တော့။ သို့သော်လည်း ကိုခန့်အပေါ်

www.burmeseclassic.com



မကောင်းမိခဲ့ဘူးသည်ဟုတော့ ဆိုနိုင်သည်။ ဘာကြောင့်ဆိုနိုင်သည်ကိုတော့ ဒုတိယအကြိမ်မွေးသည့် မြကြိုင်ကလေးကို ကိုယ့်သွေးများဖြစ်လေမလားဟူသော သံသယစိတ်က အဖြေပေးပါလိမ့်မည်။

မြကြိုင်ကလေးကို အမျိုးမျိုးပုံဖမ်းကြည့်ခဲ့ဘူးပါ၏။

ခက်သည်မှာ မရွှေမြကြိုင်က သူ့အမေနှင့် တစ်သွေမတိမ်းတူနေခြင်းပင်၊ သူ့အမေလို မျက်ကြောမတင်းဘဲ မျက်လုံးကလေး ဝိုင်းနေတာတစ်ခုတော့ ဆိုစရာရှိပါ၏။ သို့သော်လည်း ဒါဟာ ကိုခန့်မျက်လုံးလား၊ ကိုပန်နကစ်မျက်လုံးလား မဝေခွဲတတ်တော့ပြီ၊ မစိန်အောင်ကလည်း ''သိနိုင်ဘူးရှင့်''ဟု စိတ်ပျက်လက်ပျက်ညည်းသည်။

ဘာဘဲဖြစ်ဖြစ် တစ်နည်းအားဖြင့်တော့ သူသည် မြကြိုင်ကလေးကို သံယောဇဉ်တွယ်လျက်ရှိသည်။ သမီးကလေးလို တူမကလေးလို စောင့်ရှောက်ချင်စိတ်တွေပိုသည်။

မစိန်အောင် သေဆုံးသွားပြီးသည့်နောက် သူသည် မြကြိုင်ကလေးကိုပင် စိတ်သက်သာစရာပေးသည့် ကလေးမ,ဟုထင်ခဲ့လေသည်။ မြကြိုင်ကို ကြီးပွားစေချင်သည်။ သူ့အမေလို ထင်ရှားစေချင်သည်။ မြကြိုင်ကို ဇာတ်ထဲ မဝင်ခိုင်းဟု ကိုခန့်ကပြောလျှင် သူ မကျေမနပ်နှင့် ဖြစ်မိသည်။ သို့သော်လည်း ကလေးမကို သူ့အဖေကွယ်ရာမှာ မြှောက်ပေးလျက်ရှိ၏။ ကောင်မကလေးကို မင်းသား က, သင်ပေးသည်။ သီချင်းအဆို အလှဲ့ကို သင်ပေးသည်။ မြကြိုင်ကလေးမှာ ကိုပန်နကစ်အား နှိမ့်ချစွာ ခင်မင်လေရာ ကိုပန်နကစ်သည် မစိန်အောင်နှင့် ခင်မင်စဉ်ကလို မဟုတ်ဘဲ စိတ်ချစွာ ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်ကို မထိခိုက်စေရဘဲ ပျော်ရွှင်နိုင်လေသည်။ ထို့ကြောင့် ပညာကို မလျှို့ဝှက်ဘဲ သင်ပေးရသည်ကို

www.burmeseclassic.com



နမြောခြင်းလည်းမရှိဘဲ ကျေနပ်နေလေ၏။

ဩဘာသောင်းထံကိုလည်း သူကလွှတ်လိုက်ခြင်းပင်၊ တစ်ခါလောက် မန္တလေးခေါ်သွားဦးမည်ဟုလည်း ရာထားသည်။ မန္တလေးသည် မြန်မာပညာသည်တို့ထွန်းကားသောဒေသဟု သဘင်သည်တို့ ယူဆလေသည်။ ကိုပန်နကစ်သည် မြကြိုင်ကလေးအတွက် ကိုခန့် ထက်ပင် ပူပန်နေမိ၏။

ကိုပွေလီကိုလည်း သူကပင် ဆော်ဩရသည်။ ''ဒီကောင်မလေးဟာ ကျော်ကြားမဲ့ဟာလေးဗျ၊ တောက်မဲ့မီးဟုတ်လား–မဟုတ်လားဆိုတာ ငယ်ကထဲက သိနိုင်သဗျ၊ ကျုပ် အာမခံရဲတယ်၊ သူ့ကို က,ပါစေ'' ထို့နောက် ကိုပွေလီနှင့် သူပင်ရှိသော်လည်း ဘယ်သူမှ မကြားအောင် ''တော်တော်ကြာ မတင်လှိုင်ထက် သာသွားမှာ စိတ်ချ''

ဆရာစိန့်ဇာတ်ထဲက ထွက်ခဲ့ပြီး မစိန်အောင်အငြိမ့်ထောင်ရာ၌ လိုက်ပြီး ဩဇာကြီးခဲ့သော ကိုပန်နကစ်ကို ကိုပွေလီသည် ဘာမှ မငြင်းဆန်နိုင်ချေ။ ထို့ပြင် ကိုပန်နကစ်မှာ အမျှော်အမြင်လည်း ရှိသူဖြစ်သည်။ အငြိမ့်ကြီးပွားဖို့သာ အရေးကြီးသည်။

ယခုတော့ မြကြိုင်သည် က,ရပေတော့မည်။ ကိုပန်နကစ်သည် တတ်နိုင်သည့်နည်းဖြင့် ပြက်လုံးများကို ထွင်ကာ မြကြိုင်ကို ပွဲထုတ်မည်ဟု တွေးဆထား၏။ မင်းသမီးကို လူပြက်က ပွဲကောင်းကောင်းထုတ်တတ်လျှင် တော်ရုံအက, အဆိုနှင့်ပင် နာမည်ကြီးနိုင်သည်။ မစိန်အောင်သေဆုံးပြီးကထဲက အတူက,ခဲ့သော တစ်ပြည်သူ တင်လှိုင်ကလေးလဲ သနားပါရဲ့။ သို့သော် တင်လှိုင်သည် အသက်အစိတ်ကျော်လျက်နှင့်မှ ပွေခြင်း၊ ရှုပ်ခြင်းမပါဘဲ အကသက်သက်၊ အဆိုသက်သက်နှင့် မကျော်

www.burmeseclassic.com



ကြားနိုင်ဘူးဆိုလျှင် . . . ကနိုင်၊ ဆိုနိုင်သူကို နေရာဖယ်ပေးရလိမ့်မည်။ ထို့ပြင် တင်လှိုင်သည် နာမည်တော်တော်ပျက်လျက်ရှိလေပြီ။ ရှုပ်ပွေသည် ဆိုသည်မှာ တော်ရုံဘဲကောင်းသည်ဟု ကိုပန်နကစ်က သဘောရသည်။ အခုဆိုလျှင် အသက်လည်းငယ်၊ လှလည်းလှသော မြကြိုင်ကလေး လာပြီလေ။

"ပထမ က,က,ချင်း အသင်းတိုက်မှာ ကရတော့ ကောင်းတာပေါ့။ မြကြိုင် ဒါအတွက် ငါ့ကို နင်ကျေးဇူးတင်ရမယ်၊ ကိုပွေလီကို ငါကိုယ်တိုင် ပြောလို့ရတာ"ဟု မြကြိုင်ကို တဖွဖွပြောမိသည်။

"ဟုတ်ကဲ့"ဟု မြကြိုင်ကလေးက ချစ်စဖွယ် ပြောသည်။

"နင် ရဲရဲ က,နော် . . . ပြီးတော့ ကြိုးစားဟေ့- ဒါဟာနင့် အခွင့်အရေးကောင်းဘဲ"

"ဟုတ်ကဲ့ ကိုပွေလီကလဲ ဒီလိုဘဲပြောတယ်"

ကိုပန်နကစ်သည် စိတ်ပူသွားပြီး "ဒီမှာ . . . နင်ပွေလီကို သိပ် အရောမဝင်နဲ့နော် . . . ဦးလေးအရွယ်ဆိုပြီးတော့ ဒီကောင်က ကောင်းတာ မဟုတ်ဘူး"

ကိုပန်နကစ်သည် မြကြိုင်ကို ကျေနပ်စွာကြည့်နေလေ၏။ ကောင်မလေးဟာ ဥပမိရုပ်လဲကောင်းတယ်၊ ပြီးတော့ သိုက်ဖွား မဟုတ်လား၊ ငါသူ့နောင်ရေးကို ထပ်တွက်ကြည့်ရဦးမယ်၊ ကိုပန်နကစ် သည် ဗေဒင်ကို ကောင်းစွာမတတ်သော်လည်း မြကြိုင်အတွက်မူ ကိုယ် တိုင် တွက်ချက်ကြည့်ချင်သည်။

"အော်. . . ပြီးတော့ မောင်နန္ဒက စန္ဒယားတီးမယ်ဆိုဘဲ၊ နင်တော့ ကံကောင်းတာဘဲဟေ့"

www.burmeseclassic.com



''ကျွန်မ ကြားပြီးပါပြီ''

''အလို တယ်မြန်ပါလား . . . ဘယ်တုန်းကသိသလဲ၊ ငါတောင် မနေ့ကမှ သိတယ်''ဟု ပြောပြီး ကိုပန်နကစ်သည် မြကြိုင်ကို သေသေချာချာကြည့်လေ၏။ ကလေးမ၏ လှပဝင်းဝါသော မျက်နှာကလေးမှာ ရှက်သွေးကလေးဖြန်းလျက် ရှိလေသည်။ နှုတ်ခမ်းကလေးများမှာလည်း မသိမသာ တုန်နေသည်။ အမယ် မျက်ရည်တောင် ဝိုင်းနေသလိုလို။

''မတင်လှိုင် ပြောလို့သိတာပါ''

''အေး . . . ဒီညဟာ နင့်ကို ဆုံးဖြတ်မယ့်ညဘဲ၊ နင်အင်မတန် သတိထားရလိမ့်မယ်''

ကိုပန်နကစ်သည် တစ်နေ့လုံးအဖို့ တွေဝေနေခဲ့သည်။ အသစ်အသစ်သော ပန်းပွင့်များသည် ဇာတ်စင်အငြိမ့်စင်များပေါ်၌ ထ၍ ထ၍ ပွင့်ကြသလို သူမြင်ယောင်မိလေသည်။ ကောင်းသော မျိုးစေ့မှ အလင်္ကာပန်းများလည်း ပွင့်တတ်သည်။ ညံ့သော မျိုးစေ့ကလည်း ပန်းမြွတ် ပန်းမွှန်တို့ ပွင့်သည်။ သဘင်သည်များလောကမှာ ဘာမှ အတည်တကျ ယူ၍မရဟူ၍ သူထင်သည်။ မျိုးရိုးလိုက်သည်ဆိုတာလည်း တစ်ခါတစ်ခါ မမှန်ချင်ပေ။ ကျော်ကြားချင်သူက ထပြီးကျော်ကြားလေသည်။ တိမ်မြုပ်သွားသူများမှာတော့ ကုန်းနှိုက်၍မရအောင် ရွှံ့ထဲနစ်နေတော့သည်။

မိမိအဖို့ရာမှာတော့ သေသွားသည့်တိုင်အောင်လည်း အမည်တော့ ကျန်ရစ်ခဲ့ပေမည်။ မိမိအတွက် သေချာပြီဖြစ်၍ မြကြိုင်ဆိုသည့် စပယ်ငုံကလေးလို ပွင့်အာထုံသင်းအောင် မြေထောင်မြှောက်ပေး ရတော့မည်။ ဒါကိုရည်၍ သူသည် မြကြိုင်ကို နာမည်ယဉ်ယဉ်ပင် ရွေးပေးခဲ့ပေပြီ၊

www.burmeseclassic.com



''မြစပယ်ကြိုင်''တဲ့ မယဉ်လား။

ကိုပန်နကစ်သည် အငြိမ့်စင်ပေါ်တွင်ထိုင်ရင်း အေးတိအေး စက်ကလေးနေသော မြကြိုင်ကို ငေးနေမိလေသည်။ ပဏာမတီးလုံးသည် သူ့နားတွင်းသို့ မဝင်တစ်ချက် ဝင်တစ်ချက်ပင်၊ မောင်နန္ဒက ပတ္တလား ဝင်တီးနေချေရဲ့။ မင်းသမီးထွက်မှ စန္ဒယားတီးမှာထင်ပါရဲ့ . . . မသိဘူးလေ။

''ကိုပန်နကစ် ကန်တော့လေ''

သည်တော့မှာ သူလည်း သတိရသည်။ အငြိမ့်စင်ထောင့်တွင် ခွေးခြေမြင့်မြင့်နှင့်တင်ထားသော နတ်ပွဲကို မ,လိုက်သည်။ အုန်းသီးကြီးမှာ ကြွဖေါင်းလုပကာ စိမ်းလျက်၊ ငှက်ပျောနှစ်ဖီးကလည်း ကားလျက် ရှိသည်။ အတော်မ,ရသည်။ ကိုပန်နကစ်သည် ထုံးစံအတိုင်း ချောချော ချူချူ ဖြစ်ဖို့ရာ မ,ပါမည့်အကြောင်း ဆုတောင်းရုံမျှမက ''ကလေးမ မြကြိုင်ကိုလဲ ထိန်းပေးလိုက်ပါဗျာ''ဟု အပိုဆုတောင်းလိုက်လေသည်။

ပထမ မင်းသမီးထွက်တော့မည်ဖြစ်၍ ပဏာမတီးလုံးလည်း ပြီးသွားပေပြီ၊ ကိုပန်နကစ်သည် ကိုပွေလီကို အချက်ပေးပြီး အငြိမ့်စင် ရှေ့သို့ထွက်လာခဲ့လေသည်။ ပုဆိုးကိုလည်း သိမ်းပြီး တင်ပလ္လင်ခွေ ထိုင်ကြသည်။ တီးဝိုင်းက သီချင်းတစ်ပုဒ်ထပ်၍ ကူးနေပြန်သည်။

ပရိသတ်ကို မသိမသာကြည့်သော် ပြောင်ပြောင်လက်လက် တွေ့ရ၏။ အောင်မယ် မင်းစိုးရာဇာတွေပါကလား၊ ပြီးတော့ နဲတဲ့ ပရိသတ် မဟုတ်ဘူးနော်။ သို့သော် တင်လှိုင်နေရာ မြကြိုင်ရောက်ယင် သည့်နှစ်ဆရှိစေရမယ်။

တီးဝိုင်းက ပြီးသည်နှင့်တစ်ပြိုင်နက် ကိုပွေလီနှင့် ကိုပန်နကစ်

www.burmeseclassic.com



တို့သည် ပြိုင်တူထလိုက်ကြသည်။ ပုဆိုးစကလည်း ဟန်နှင့်ပန်နှင့် ဆွဲကြသည်။

ကိုပန်နကစ်သည် သူ၏ရှောမွေးပမာ မျက်နှာထားကြီးကို ကိုယ့်နဂိုမျက်နှာမှာတပ်ဆင်လိုက်ပြီး အသံထွက်အောင် လည်ချောင်းရှင်းကာ ပွဲဦးထွက်ဟစ်လိုက်သည်မှာ . . .

"ဘဒ္ဒမြေကမ္ဘာ... ဩော်–ရွှေကြာငါးပွင့် ရေလွှာမှာ – ကြာမလင့်ပွင့်မဲ့ပုံ . . .

"မှတ်သား, မြတ်တရား၊ အရပ်စကား နိမိတ်သင်းထုံ . . ."

× × ×

## ၇

မြကြိုင်သည် ပန်းနွဲ့စွာ လျှောက်လျက်ရှိလေသည်။ ညသည် မှောင်ကာ ကြယ်ရောင်ပျောက်ကလေးများသည် ချိန့်စွာလင်းလေသည်။ သို့သော်လည်း စိတ်မှာတော့ များစွာကြည်နူးသည်။ အောင်မြင်စွာ က, နိုင်ခဲ့၍လား၊ ဒါမှမဟုတ် မြကြိုင်သည် ရှေ့သို့ဆက်ပြီးတွေးရန် မဝံ့မရဲ ရှိလေသည်။ သူမသည် ရုတ်တရက် ခြေလှမ်းမှားသွားမလိုဖြစ်ကာ မြေပြင် အညီမှာပင် ခြေခေါက်ပြီး ခလုတ်တိုက်မိလေသည်။ ဖုတ်များသည် ဖွားကနဲ ခြေဖမိုးပေါ်ကျလာသည်။ သို့သော်လည်း ဟန်မပျက် ဆက်ပြီး လျှောက်သွားသည်။

သူမသည် ဘယ်ဘက်ကိုလှည့်မကြည့်ဘဲ ဇက်ခိုင်လျက် ရှိလေ သည်။

မြကြိုင်၏ ဘယ်ဘက်မှာ ကိုနန္ဒသည်လည်း စိတ်မငြိမ်သက် ဟန်နှင့် ဘေးချင်းယှဉ်လျှောက်လာသည်။

www.burmeseclassic.com



သန်းခေါင်ကျော်လေပြီ၊ သူတို့သည် ပွဲသိမ်းပြီး အသင်းတိုက်မှ အငြိမ့်ဆရာအိမ်၊ အငြိမ့်ဆရာအိမ်မှ မြကြိုင်၏အိမ်သို့ ပြန်ကြသည်။ ကိုနန္ဒနှင့် မြကြိုင်မှာ အနီးလည်းအနီးဆုံး၊ လမ်းလည်း တစ်ဆက်တည်း မို့ အတူတူ လမ်းလျှောက်ပြန်ကြသည်။

ပထမတော့ မြကြိုင်သည် လာကြိုရကောင်းမှန်းမသိသော ဖခင်အား စိတ်ဆိုးလျက်ရှိလေသည်။ ဘဘ ပန်နကစ်ကို ပို့ခိုင်းမည်ကြံသည်။ ကိုပွေလီကိုတော့ သူမသည် သတိထား၍ နေရမည့်သူမှန်းသိ၍ မပို့ခိုင်းအား… အငြိမ့်အဖွဲ့သားများထဲမှ တစ်ယောက်နှင့်မှလည်း လမ်းမကြုံ စင်စစ် သူမသည် ကြောက်တော့ မကြောက် – မတင့်တယ်သည်ကိုသာ တွေးလျက်ရှိခြင်း ဖြစ်သည်။ ကိုနန္ဒနှင့်ပြန်လျှင် ဖြစ်သည်ကိုတော့ သိသည် သို့ပေမည့်။

မြကြိုင်သည် သူမဘာသာသုတ်သုတ် လျှောက်သွားမည်ဟုကြံကာ လူတွေကို နှုတ်ဆက်သည်။ အိမ်မှာ အနီးကလေးပင်၊ ဘယ်သူ့ကိုမှ ဘယ်လိုပြန်မည်ဟု မပြောဖြစ်အောင် ကြာရှည်မနေဘဲ ဆင်းခဲ့သည်။

တစ်လှမ်း နှစ်လှမ်းမျှသာရသေးလျှင်ပင် ကိုနန္ဒသည် သူ့ကို မှီလာလေသည်။ ပထမတော့ ဘယ်သူလဲဟု လန့်သွားသေး၏။ ကိုနန္ဒမှန်းသိလျှင် မပြောပြတတ်သော ခံစားရမှုမှာ ရင်တွင်းမှာ လှိုင်းကြွလာ၏။ သူမသိအောင် သက်ပြင်းရှိုက်လိုက်မှ အသက်ရှူမှန်လေ၏။

"ကျွန်တော်နဲ့ပြန်ရအောင် ကျွန်တော် လိုက်ပို့မယ်"ဟု ကိုနန္ဒက ပြောသည်။

မြကြိုင်သည် ကိုနန္ဒနှင့်ရောကောနှောကောသာ စကားပြောဘူးလေသည်။ ခုလိုနှစ်ယောက်ချင်း မကြုံဖူးဘူး၊ ပြီးတော့ သူမ ဆယ့်နှစ်နှစ်သမီး

www.burmeseclassic.com



အရှယ်လောက်က ရောက်လာသော၊ ဟိုတုန်းကတည်းက သည်အရွယ် သည်အရွယ်ပင်ဖြစ်သော၊ ပြီးတော့ မိခင်ဖခင်တို့နှင့်သာ ကျွမ်းသော ကိုနန္ဒကို လူကြီးအရာမှာထားသည်။ သည်လိုလူက ကျွန်တော်နှင့် ဘာနှင့် ရှိရှိသေသေ ပြောနေသော် အနေရကြပ်၏။ ပြီးတော့လဲ သူတို့အငြိမ့် အဖွဲ့မှာ လူပျိုဆို၍ ကိုနန္ဒတစ်ယောက်သာ ရှိလေသည်။ ကိုနန္ဒသည် မိန်းကလေးများကို ရှောင်ဖယ်ဖယ်နေသည်ကိုလဲ သိသည်။ မြကြိုင် ကလည်း မြကြိုင်မာနနှင့်မို့ သူ့ကို မျက်နှာချင်း သိပ်မဆိုင်ခဲ့ချေ။

ဘာပြောပြော ယခုတော့ သူတို့နှစ်ယောက်တည်း လျှောက်လျက်ရှိ ကြသည်။

မြကြိုင်သည် ဘာတွေးရမှန်းမသိသဖြင့် ဘာမှမတွေးဘဲ စိတ်ထဲ ဟာတာ ဟာတာနှင့် လျှောက်ခဲ့သည်။ ခါတိုင်း သွက်နေကျနှုတ်သည် အလွန်မှ လေးလျက်ရှိသည်။ ဒါကိုသိသည့် အသိတရားက ချောက်လှန့် ကာ စကားစကို ပိုပြီးရှာ၍ မရတော့ချေ။

ကိုနန္ဒကလည်း စကားစကို ရှာနေဟန်ပေါ်သည်။

အင်မတန်ကြောင်သော တိတ်ဆိတ်ခြင်းကို ဖေါက်ပြီး နောက်ဆုံး၌ ကိုနန္ဒက စကားပြောသည်။

"မြကြိုင်က က,နိုင်သားဘဲ" တဲ့။

ထိုစကားသည် ရုတ်တရက်အားဖြင့် မြကြိုင်အား မာနကို ထိခိုက် စေသလိုထင်ရသည်။ ခုနာရီဝက်အတွင်းမှာပင် အငြိမ့်တစ်ဖွဲ့သားလုံးက ချီးမွမ်းခဲ့ကြသည်။ မမျှော်လင့်သော ဆုလာဘ်ချခြင်းများကိုလည်း ခံခဲ့ ရသည်။ ဘဘ၏ ကျေနပ်သော မျက်နှာကိုလည်း မြင်ခဲ့ရပြီ၊ မတင်လှိုင်က တောင် မနာလိုစိတ်ဖြင့် နှုတ်ခမ်းစူလျက်ရှိသည် မဟုတ်လား။ သူမသည်

www.burmeseclassic.com



ခုလေးပင် အားလုံးကပိုင်းပြီး အရေးယူစရာ ဖြစ်ခဲ့ရသည်။ ကိုနန္ဒကတော့ ပေါ့ဆအေးဆေးစွာ "က,နိုင်သားပဲ"တဲ့၊ သူမ ဘယ်လောက်ပင်ပန်းခံခဲ့သည်၊ အားထုတ်ခဲ့ရသည်များကိုမှ မသိသလိုပင်။

မြကြိုင်သည် မခံချင်စိတ်ကလေးဖြင့် ဉာဏ်ပွင့်လာကာ "ကိုနန္ဒလဲ တီးနိုင်သားပဲ" ဟု ပြောလိုက်လေသည်။ မှောင်ထဲမှာ သူမ ဘာသာ လည်း ပြုံးလိုက်လေသည်။

"ကျွန်တော်တို့နှစ်ယောက်စလုံး အောင်မြင်တယ်ပေါ့ ဟုတ်လား" ဟု ကိုနန္ဒက မထီမဲ့မြင်သံနှင့်ပြောသည်။

မြကြိုင်က တိတ်ဆိတ်စွာနေလေသည်။ သူမသည် ရုတ်တရက် နောင်တရသွား၏။ ကိုနန္ဒမှာ ပညာရင့်လှပြီဟု သတိရလာလေသည်။ သူမမှာ ယနေ့မှပွင့်သော စပယ်ဦးပင်၊ ထိုကြောင့် လေသံပြော့ပျောင်း စွာနှင့် ဆက်ပြောသည်။

"ကျွန်မ သိပ်ကောင်းကောင်း က,တတ်ချင်တာပဲ"

"ကြိုးစားပေါ့ . . . ခင်ဗျားအမေကတော့ တော်တဲ့မိန်းမ တစ်ယောက်ပဲ . . ."

"ဟုတ်တယ် ကျွန်မအမေကိုမှ မီပါ့မလား မသိဘူး"

ကိုနန္ဒက သည်တစ်ခါတော့ ပြောသင့်မပြောသင့် ချိန်ဆနေဟန် ဖြင့် ငြိမ်နေပြီးမှ . . .

"ခင်ဗျား သီချင်းသိပ်မဆိုနိုင်ဘူး . . ."

"ဟုတ်လား . . . ကိုယ့်ဘာသာတော့ သိပ်မသိဘူးရှင့် . . . ဟုတ်မယ် ကျွန်မ က,ရတာ ပိုပြီးအားရတယ် . . . အသံဆိုတာက မြင်ရတာမဟုတ်ဘူး၊ ဟော လက်တို့ ခြေတို့က ကိုယ်လိုချင်တဲ့

www.burmeseclassic.com



အနေ အထား ရတယ်... ချိုးနိုင်တယ်... ကော့နိုင်တယ် မဟုတ်ဘူးလား''

မြကြိုင်သည် သူမပြောတာကို မှန်တယ်ဟု ထင်သည်။ ကိုနန္ဒက ဝမ်းသာအားရ ထောက်ခံလိမ့်မည်ဟု ထင်လေသည်။

''ဒါတော့ ကိုယ်သန်ရာ သန်ရာကိုး...''

''ရှင်''

''ဩော် ... ဒီလိုပါ၊ ဆိုနိုင်တဲ့သူကတော့ အသံဆိုတာဥသြ အော်လိုက်သလို ပွင့်ပွင့်လင်းလင်း ရင်ထဲကကို တိုက်ရိုက်လာတယ်လို့ ပြောမှာပေါ့... ပါးစပ်အဖွင့်အပိတ် နှုတ်လမ်းအနေအထား ပြောင်းတာနဲ့ကို အသံဟာ လမ်းကြောင်းပြောင်းသွားနိုင်တာပဲ၊ ပြီးတော့ အသက်အရှူ အရှိုက်နဲ့ကို လွမ်းဟန် ပျော်ဟန်၊ အို ... အစုံရနိုင်တယ် မဟုတ်လား''

မြကြိုင်သည် ဘာမှမပြောဘဲ နေလေသည်။ သူမသည် ကိုနန္ဒကို လေးစားသလိုလို မကျေနပ်သလိုလို ဖြစ်လေ၏။ သို့သော် စိတ်ဆိုး၍တော့ မရ၊ မှောင်ထဲမှာမော့ပြီး ကြည့်လေ၏။ ကိုနန္ဒသည် သူ့ကိုမကြည့်ဘဲ ပြောနေလေသည်။ ကိုနန္ဒ၏ မျက်နှာကို လှပသည်ဟု သူမထင်သည်။ ပြီးတော့ စိတ်ဝင်စားဘွယ်ရာ အဓိပ္ပါယ်တစ်ခုခုကို ဆောင်သည်ဟုလည်း ထင်သည်။

ကိုနန္ဒက သူမဘက်သို့ လှည့်လာသည့်အခါမှုကား သူမသည် ကမန်းကတန်းမျက်နှာကို လွှဲလိုက်ပြီး တစ်ကိုယ်လုံးလည်း တုန်၍သွားသည်။ ရင်ထဲက တိတ်တဆိတ် ရှိုက်မိလေသည်။

ကိုနန္ဒက ဘာမျှမသိဘဲ ''တကယ်တန်း အဆိုကောင်းတဲ့လူက ရှားသားဘဲ၊ အထူးသဖြင့် ကျွန်တော် သဘောကျတဲ့လူက ရှားတယ် ဆိုပါတော့၊ ကျွန်တော်က စိတ်ရှိလက်ရှိ တီးပစ်လိုက်ချင်တယ် ...

www.burmeseclassic.com



ဘာမှ ငဲ့မနေချင်ဘူး... တီးရိုးအတိုင်း တီးမနေချင်ဘူး၊ သီးချင်းသွား ကတော့ လွတ်မထွက်သွားရဘူးပေါ့လေ...ဒါပေမဲ့ ဝေ့ရုံ၊ သီရိုကလေးပဲ ပွတ်သပ်ပြီးသွားမယ်ဆိုပါတော့ ... အဲဒါကို ဆိုမယ့်သူက ရဲဖို့လိုတယ်။ ကျွန်တော့်ကို ဂရုစိုက်မနေဘဲ သူ့ဘာသူ ဆိုသွားစေချင်တယ်''

မြကြိုင်သည် ညည့်ဦးက မိမိဆိုခဲ့သည်များကို သတိရလာလေ၏။ စိတ်တွင်းက တီးတိုးဆိုကြည့်မိသည်။

''ချစ်သူမောင်အကို့
ရင်ဘတ်မှာဆင်ဖို့
ပန်းစပယ်မြကြိုင်
နမ်းလဲမဝနိုင်
အို ... ပန်းစပယ်မြကြိုင်
လာပါပြီ မောင်ရေ ...''

ဆိုတုန်းကတော့ အချွဲအညုကလေးတွေကိုသာ ရှာဖွေနေခဲ့သည်။ အဲသည်တုန်းက ကိုနန္ဒ ဘယ်လိုတီးနေမလဲ သိပ်ပြီး သတိမထားမိ၊ သူသည် ကိုနန္ဒ စန္ဒယားတီးတာကို တတ်နိုင်သ၍ မေ့ထားရသည် မဟုတ်လား၊ ကိုယ့်ကိစ္စကိုသာ စိတ်နှစ်ဖို့ရာ ကြိုးစားခဲ့သည်။ ဒါနှင့်တောင် က,နေရင်း တစ်ချက်တစ်ချက်တွင်က စန္ဒယားသံကို ကြားလျှင် ခြေလှမ်း ပျက်ချင်သည်။

''ဟင် ဘယ့်နှယ်လဲ...''ဟု ကိုနန္ဒမေးလျက် ရှိလေသည်။

မြကြိုင်သည် လန့်၍သွားပြီး ဘာပြောရမှန်းမသိဖြစ်သည်။ ကိုနန္ဒက အဖြေကို စောင့်လျက်ရှိလေသည်။ သူမက ရှက်အားနာ ရယ်ကလေးရယ်ကာ ''ကျွန်မ မကြားလိုက်ဘူး၊ ပြန်ပြောပါဦး စိတ်မဆိုး

www.burmeseclassic.com



ပါနဲ့နော် . . . ''ဟု ပြောလိုက်သည်။ ထို့နောက် မှောင်ထဲတွင်ပင် မျက်နှာပျက်၍ နေမိပြန်လေသည်။ ကိုနန္ဒက မြင်နိုင်မှာမဟုတ်၍ ညကို ကျေးဇူးတင်ရသည်။ သူမသည် တစ်ဝက်တစ်ပျက်များသာ ကြားလိုက်မည်ဆိုပါက ရောယောင် ဘောသောလုပ်လိုက်မည်ဖြစ်သည်။ ခုတော့ ခက်သည်။

ကိုနန္ဒက ဘာမှပြန်မပြောချေ၊ သူကလည်း မပြောဘဲနှင့်ဆက်၍ လျှောက်လာကြသည်။

မြကြိုင်သည် မိမိသီချင်းဆိုသည်ကို ကိုနန္ဒ ဘယ်လိုသဘောထားသလဲဟု အသေးစိတ် သိချင်နေသည်။ မေးလုမေးလုနှင့် ပါးစပ်တပြင်ပြင်ပင်၊ သို့သော်လည်း ကိုနန္ဒက ဘာမှစကားမစ,သည်နှင့် မပြောဖြစ်၊ ပြီးတော့ သူမသည် ကိုနန္ဒ၏အဖြေကို ရွံ့သည်။ မိမိညံ့နေမှာကို ရှက်သည်။

သို့နှင့်ပင် မြကြိုင်အိမ်ရှေ့သို့ ရောက်လာလေသည်။ ရေနံဆီမီးခွက်ကလေးသည် မှိတ်တုတ်တုတ်လင်းလျက်ပင်၊ အဖေမအိပ်သေးဘူးထင်သည်။ မြကြိုင်၏ စောစောက စိတ်ဆိုးခြင်းသည် ပြန်ထလာပြန်သည်။ တံခါးတစ်ချပ် ဟလျက်ရှိသေးသည်ကို လှမ်းကြည့်မိ၏။ လူ့အရိပ်အရောင်တော့ မတွေ့ရ။

''ကျွန်တော်ပြန်မယ်''ဟု ကိုနန္ဒကဆိုသည်။

''မဝင်တော့ဘူးလား . . . အဖေတော့ မအိပ်သေးဘူးရှင့်''

''ညဉ့်နက်ပြီဗျ– ပြန်ဦးမယ်နော်''

မြကြိုင်သည် အိမ်တွင်းသို့ရောက်သော် ဖခင်ကိုဘာမှမပြောဘဲ အထပ်ခိုးကလေးပေါ်သို့ တက်ခဲ့သည်။ အိပ်ရာထဲ ပစ်လှဲမည်ကြံပြီးမှ ပြူတင်းပေါက်က မျှော်ကြည့်သည်။

www.burmeseclassic.com



ဘလေဇာကုတ်ကို လက်နှိုက်ကာ ခပ်သုတ်သုတ် သွားနေသော ကိုနန္ဒ၏ သဏ္ဌာန် အမဲတစ်ဝက်–ကြယ်ရောင်ဟပ်သောအဖြူတစ်ဝက်ကို လှမ်းမြင်ရလေသည်။ ကိုနန္ဒသည်တွေး၍ သွားသလားတော့မသိ၊ ခေါင်း ငိုက်စိုက်ချသွားသည်။ သူ့ဘိုကေမှာ ပွတစ်ဝက်ဖြစ်နေ၏။ သူဆံပင်များမှာ ထူထဲပြီး ကြယ်ရောင်မှာ ခပ်မှုန်မှုန်လက်နေသည်သူ့ ဆံပင်များကို ကိုင်တွယ် ထိတွေ့ချင်လေ၏။ တစ်နေရာမှာ ကိုနန္ဒသည် လှည့်ကြည့် မည့်ဟန်ပြင်သည်ဟု ထင်၍ သူမသည် အိပ်ရာပေါ်လှဲချလိုက်လေသည်။ သို့သော် မလှဲချမိခင်မှာ ကိုနန္ဒသည် ဆက်ပြီးသွားမြဲသွားနေရာ ယိုင်သွား သောကိုယ်ကို ပြန်မတ်လိုက်ရသည်။

နောက်ဆုံး၌ ကိုနန္ဒသည် အိမ်တစ်အိမ်မှ ထိုးထွက်နေသော အလင်းရောင်တန်း တစ်တန်းကိုဖြတ်ပြီး ညာဘက်သို့ ချိုးကွေ့ကာ ကွယ်၍ သွားသည်။

မြကြိုင်သည် ပြူတင်းဘောင်ကိုမှီကာ ငေးပြီးနေလေသည်။

ဘဝင်ခုန်သည်။ မောသည်။ ပြီးတော့ အိမ်တွင်းရောက်မှပင် ချမ်းနေ တော့သည်။ ဆောင်းဦးလေသည် အေးစိမ့်လျက်ရှိလေသည်။ အအေးများမိခဲ့ပြီလား၊ အအေးမိ၍တော့ မဖြစ်၊ မနက်ဖြန်, မနက်ဖြန် တွေမှာ ဆက်က,ရဦးမည်၊ ချောင်းဆိုးလျှင် အသံအက်ပြီး သီချင်းဆိုနိုင်မှာ မဟုတ်။

ကိုနန္ဒကသီချင်းဆိုတာနှင့် ပတ်သက်ပြီးပြောသည့်စကားများကို အမှတ်ရနေ၏။ စိတ်သည် ညဦးက က,ခဲ့သော အချိန်ကျပြန်၍ ရောက် သွားပြန်သည်။ သူမသည် တော်တော်ပင် က,ခဲ့လေသည်။ ပရိသတ်၏ ပါးစပ်ဖျား၌ ''မြစပါယ်''ဆိုသောနာမည်သည် ရောက်သွားပြီဖြစ်ကြောင်း

www.burmeseclassic.com



ကို ရိပ်မိခဲ့လေသည်။ သူမသည် အချိန်ကိုလည်း ပိုယူခဲ့လေသည်။ ညဦးက ဉာဏ်သည်လည်း ပေါ့ပါးနေကာ ပြောသမျှစကားတို့မှာ ပရိသတ်သဘောကျချည်းဖြစ်ခဲ့သည်။ သူမကိုချည့်ကွက်၍ ချသောဆု နှစ်ဆယ်ကျော်ခန့် ရခဲ့ပေပြီ၊ ငါးကျပ်တန်၊ တစ်ဆယ်တန် စက္ကူကလေးများကို ပခုံးတွင်ချိတ်၍ က,နေစဉ် သူမ၏ပျော်ရွှင်စိတ်ကလေးသည်လည်း ငွေစက္ကူကလေးများနှင့် ရောကာ တဖျပ်ဖျပ်ခါလျက်ရှိခဲ့သည်။

စီဘီအေ အသင်းဉက္ကဌဆိုသူက ''ကိုနန္ဒနှင့် တီးဝိုင်းသို့ ဆုတော်ငွေတစ်ဆယ်''ဟု ဆုချသည့်အခါမှ သူမသည် ကိုနန္ဒရှိရာသို့ ရုတ်တရက်ငေးလိုက်မိသည်။ ကိုနန္ဒသည် သူမအား ကြည့်လျက်ရှိလေသည်။ သူ့ရဲ့အကြည့်မှာ အဓိပ္ပါယ်ရှိသလိုပါပဲ၊ အားပေးသလို ထင်ရသည်။ သူမကို ပြုံးပြလိုက်သလိုလိုလည်း မြင်ရသည်။ နဲနဲတော့ ရဲတယ်ဟု သူမထင်သော်လည်း ပြန်ပြုံးပြလိုက်မိပြီးသား ဖြစ်လေ၏။ ထိုနောက် တစ်ချီအက,တွင်မူ ''နဲနဲတော့ ရဲတဲ့မောင်ရေ. . . ချစ်သူကျွန်မကြောက်လှပါသလေ'' ဆိုသောသီချင်းကို ဆိုမိလျက်သား ဖြစ်ပြန်သည်။

မြကြိုင်သည် မျက်စိကြောင်လျက်ရှိလေသည်။ အိပ်၍ရမှာ မဟုတ်ဟု သိသည်။ နွမ်းလျလွန်း၍ အိပ်ရာပေါ် ဖြေးညှင်းစွာလှဲချမိသည်။ သူမ၏ လက်များကို ယိုးဒယားဟန်နှင့်လွှဲလိုက်ပြီး အိပ်ရာပေါ်ချသည်။ သူမ၏ သဘင်စိတ်သည် လူးလွန့်လျက်ရှိပြန်လေသည်။ သူမသည် ယခုပင် ထပြီး ကလိုက်ချင်သေးသည်။ အငြိမ့်စင်ပေါ်သို့ ကျကျနနတက်ရသည်မှာ ယခုပထမအကြိမ်ပင် ဖြစ်သော်လည်း သူမကိုယ်ကို မင်းသမီးကြီးပမာပဲ တွေးထင်နေလေသည်။ ပြီးတော့ အောင်မြင်သော လမ်းစကို

www.burmeseclassic.com



ခြေချမိပြီဟု သချောလျက်ရှိလေသည်။ သူမမှာ ကြောက်စိတ်မရှိ၊ ဘာကိုမှ သံသယမဖြစ်၊ စိတ်ကူးယဉ်ခြင်းမဟုတ်ဘဲ မိမိ၏ကျော်ကြား လာသော ကာလကို စိတ်ချစွာ မှန်းမြင်လျက်ရှိလေသည်။ များစွာ မကြာသော ကာလအတွင်း မိခင်ကဲ့သို့ ကျော်ကြားရမည်ဟု ဆုံးဖြတ် လေသည်။

သူမ အားရမိသည်မှာ ညဦးကထဲကပင် က,နေစဉ်ကများ အသင်း တိုက် ဆင်ဝင်ပေါ်ကို ကြည့်လိုက်လျှင် အသင်းသားများ၊ လူကြီး လူကောင်းများ၊ အငြိမ့်ခုံတည်ရာ ဆင်ဝင်ဘေးမှ ဘေးဘီကိုကြည့် လိုက်လျှင် ကြီးမားလှသော ပရိသတ်လူအစားစား အရွယ်စုံကို တွေ့ရသည်။ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ ကလေး၊ သက်န်းအရောင် ဝင်းဝင်းဝါဝါ တွေ့လိုက်ရလေသည်။ မိမိ စကားပြောနေလျှင် ချောင်းဆိုး သံမကြားရ၊ မိမိထွက်ကတည်းက တိတ်ဆိတ်သွားသော ပရိသတ်သည် မိမိဝင်သွားမှပင် လှုပ်ရှားဖို့ သတိရကြသည်။

သူမဝင်သွားသည့်အခါ အဦးဆုံးကသော မိန်းကလေးကို ပိတ် လုံချည် တစ်ထည်ထဲနှင့် တင်ပလ္လင်ခွေ ထိုင်မြဲထိုင်လျက်ရှိသေးသည်ကို တွေ့ရသည်။ ကောင်မကလေး၏ မျက်နှာတွင် အားကျခြင်းကို တွေ့ရသည်။ သူမကို မကြုံစဖူး မျက်နှာလိုအားရနှင့် ပြုံးသေးသည်။ မြကြိုင်ကတော့ သဘင်သည်ကြီးဟန်ပန်နှင့် ဣန္ဒြေရစွာသာ ပြန်လည် ပြုံးပြခဲ့သည်။ ခေါင်းဆောင်မင်းသမီး မတင်လှိုင်မှာမူ ငြူစူလျက် ရှိလေသည်။ ''ဘာမှတောင် အချိန်မကျန်တော့ဘူး၊ ပြီးတော့ နောက် လူက,ဖို့ က,ကွက်ကလေးလဲ ချန်ရသေးတယ်ဆိုတာ မသိ ဘူးလား''နှင့် စောင်းမြောင်းကာ ကိုပွေလီကို ဆူပွက်နေသည်ကို ကြားရသည်။

www.burmeseclassic.com



မြကြိုင်ကတော့ အေးဆေးစွာပင် အဝတ်လဲလျက် ရှိလေသည်။ သူမသည် စိတ်အလိုကျခဲ့ပြီဖြစ်၍ အင်မတန် ကျေနပ်နေကာ ရန်ဖြစ်ချင်စိတ်များမရှိပေ။ ပြုံးပြီးတော့တောင် နေမိသည်။ မြကြိုင်သည် ကျော်ကြားခြင်းကို တပ်မက်သည်ထက် တပ်မက်၍ လာလေ၏။

ယခုလို အေးဆေးသောညအခါ အိပ်ရာပေါ်လှဲပြီး အိပ်ခါနီးမှာလည်း မြကြိုင်သည် ကျော်ကြားခြင်းကို တပ်မက်လျက်ရှိသေးသည်။ စင်စစ်တော့ အိပ်မက်များအတွင်းမှာလည်း တပ်မက်ခဲ့ဖူးပြီ...

မှန်းမြင်မိသည်မှာ ကျော်ကြားပြီးယင် ငါဘယ်လိုနေမလဲ၊ ယခုကျော်ကြားနေသော သူများရဲ့ စိတ်ထဲမှာ ဘယ်လိုအတွေးမျိုးရှိသလဲ၊ ကျော်ကြားသူများဆိုလျှင်တော့ ကိုနန္ဒ...

ညဦးက ကိုနန္ဒ၏မျက်နှာထားကို မြင်မိသည်။ သူကတော့ အေးဆေးစွာပင် မျက်နှာမှာကျေနပ်သော သွေးရောင်ကလေးမှ လျှမ်းပြီးမလာ၊ သူ့မှာတော့ ရိုးပြီ ထင်ပါရဲ့။ သူလည်း အောင်မြင်သူပင်၊ ညနေက မြကြိုင်တို့ မရောက်မီ သူက အသင်းဧည့်ခံပွဲမှာ အဆိုနှင့် စန္ဒယားတီးသည်ဟု သိရလေသည်။ မြကြိုင်သည် မြူးကနဲသတိရသည်။ အဆိုကမိန်းမ ထင်ပါရဲ့။ ခုတင်က သူချီးမွမ်းသွားတာ အဲ့ဒီ မိန်းမလားမသိ။

သူမ၏ရင်တွင်း၌ လှိုင်းတစ်လိပ်ကြွလာသည်။ ထို့နောက် ရင်ဝကို ငြင်ငြင် ငြိမ့်ငြိမ့်နှင့် အောင့်သက်သက်ဖြစ်အောင်တော့ ဆောင့်သွားသည်။ သူမသည် အဆို မိန်းမကို တွေးဆကြည့်သည်။ ပဝါစုံချနှင့် ဘီးစပတ်ကြော့ကြော့နှင့် မိန်းမခပ်ကြီးကြီးဟန် ပေါ်လာလေသည်။ ခပ်ချောချောပင်အို... ဒါပေမဲ့ မဟုတ်နိုင်ပါဘူး၊ မိန်းမရုပ်ပုံသည် ပျောက်ကွယ်သွားပြီး သူမတစ်ယောက်တည်း ကျန်ရစ်သည်။

www.burmeseclassic.com



သူမ၏ စိတ်များသည် လေး၍လာခဲ့လေသည်။

သူမသည် လေတွင်လွင့်၍နေသော ခြင်ထောင်မိုးကို မော့ကာ တွေနေလေသည်။ ခြင်ထောင်သည် အမှောင်တွင် ညစ်ထပ်ထပ်ဖြစ်၍ နေသည်။ ဖခင်၏ အိပ်ပျော်နေဟန် မှန်မှန်အသက်ရှူသံကို ကြားရသည်။ စိတ်တွင်းမှာ မပျော်ပိုက်ခြင်း အရိပ်အရောင်သည် ကုန်း၍ကုန်း၍ ထသလို ထင်ရလေသည်။ မိခင်ကို သတိရပြန်၏။ ကိုယ့်ကိုယ်ကို အားကိုးခြင်း များသည် ပျောက်၍သွားလေသည်။

ပြူတင်းပေါက်၌ ကြယ်တို့သည် တဖြည်းထက်တဖြည်း တောက်ပ လာကာ ညဥ့်နက်ခြင်း၏ သက်သေကို ထူကြ၏။ ခုနှစ်စင်ကြယ်ကိုရော မောင်ရင်ဆိုင်းတန်းကိုရော တစ်ပြိုင်တည်း မြင်ရသည်။ ခုနှစ်စဉ်ကြယ်မှာ ကွေးကောက်လျက်ရှိပြီး မောင်ရင်ဆိုင်းတန်း ကမူ အရှေ့မြောက်နှင့် အနောက်တောင်ကိုဖြတ်ကာ ခပ်စောင်းစောင်း တန်းလျက်ရှိသည်။

မြကြိုင်သည် ကြယ်များကိုစိတ်ဝင်စားသွားပြီး ရင်အေး၍ လာလေသည်။ သတိတရားဖြစ်၍ လာသည်။ စင်စစ်တော့ ယခုလို ဗွေဆော်ဦးအောင်မြင်သောညမှာ ကြည်နူးဝမ်းသာဖြစ်ရမည့်အစား အိပ်ရာပေါ်တွင် မျက်စိကြောင်ပြီး ငေးမောနေရခြင်းများမှာ နိမိတ် မကောင်းလှဟု သူမ,ထင်လေသည်။ ဘာပဲဖြစ်ဖြစ် အငြိမ့်ခုံပေါ်သို့ တက်ပြီး လူတိုင်း၏ နှုတ်ခမ်းများကို ''မြစပယ်ကြိုင် မြစပယ်ကြိုင်''ဟု သီးအောင် တော့ဖြင့် သူမလုပ်မည်ဟု ဆုံးဖြတ်လေသည်။ ပြီးတော့ သူမသည် ကိုနန္ဒကို ရှောင်မည်ဟု တွေးလိုက်လေသည်။ ညဦးကဆိုလျှင်လည်း မလွှဲမရှောင်သာသော အဖြစ်မျှပင်၊ မြကြိုင်၏ ကြိုးစားချက် ဘာမှ မပါ။ ကိုနန္ဒက နောက်ကလာပြီး လှမ်းခေါ်တာမဟုတ်လား. . .။ သူက

www.burmeseclassic.com



စခြင်းပင် . . .။

သို့သော် မြကြိုင်၏ခေါင်းမာသော ကိုယ့်ကိုယ်ကို အထင်ကြီးစိတ် ကလေးက အလုပ်နှစ်ခုကို တစ်ယောက်ထဲ ပြိုင်တူဘာကြောင့် လုပ်လို့မရ ရမှာလဲဟု တစ်ထောင့်က ထပွက်သည်။ ထို့ပြင် မြကြိုင်၏ မိုက်မဲသော စွန့်စားချင်စိတ်ကလည်းအားပေးအားမြှောက် လုပ်သည်။

ထို့ကြောင့် ထိုညအဖို့ မြကြိုင်သည် စိတ်လှုပ်ရှားစဖွယ် အိပ်မက်ကို မက်သည်၊ အိပ်မက်ထဲတွင် ကိုနန္ဒနှင့် သူမသည် အလွန်တရာ ရင်းနှီး လျက်ရှိကြသည်။ တစ်ယောက်ကိုတစ်ယောက်မှီပြီး ထိုင်နေကြသည်။ ဘာဘ ကိုပန်နကစ်က သူ့ရှောမွေးမျက်နှာကြီးဖြင့် အသံဝါကြီးနှင့် သီချင်း အော်ဆိုနေလေသည်။

× × ×

# ၅

မနက်အိပ်ရာမှ ထလျှင်ထချင်း ခေါင်းတွင်းသို့ဝင်လာသည်မှာ ညက အငြိမ့်စင်ပင်တည်း၊ သို့သော်လည်း ညက က,သော မြစပယ်ကြိုင်မှာ မိမိကိုယ်တိုင်မဟုတ်ဘဲ သူစိမ်းပမာ ဖြစ်၍နေလေ၏။ မြစပယ်ကြိုင်ကို သူစိမ်းတစ်ယောက်ပမာ ဝေဖန်ကြည့်၏။ သည်တော့ စိတ်အား အနည်းငယ်,ငယ်၍လာသည်။ ညက အကနှင့်အဆိုမှာ အင်မတန်မှ သေးနုတ်သေးသည်ဟု ထင်သည်။ ဆရာဖြစ်သူ ဩဘာသောင်းနှင့်စာလျှင် မိခင်မစိန်အောင်နှင့်စာလျှင် စင်စစ် သူမ၏ ငယ်ဂုဏ်နှင့်လှဂုဏ်ကလေးကသာ မတင်လှိုင်ကို နိုင်ခဲ့ခြင်းဖြစ်သည်။ အေးလေ က,ရာ၊ ဆိုရာမှာလဲ နိုင်ချင်နိုင်မပေါ့။ သို့သော် မတင်လှိုင်ကို သူမ အထင်သေးသည်။

မြကြိုင်၏ စိတ်ထဲတွင်စွဲနေသည်မှာတော့ ကျော်ကြားခဲ့ ပြီးသော သဘင်သည်တို့ပင် သူမသည် ငယ်ရွယ်စဉ်ကတည်းကပင် တစ်မေ့တစ်မော လေ့လာခဲ့ဖူးလေသည်။ ''တစ်ခိုင်လုံးရွှေလာပြီ လေဘာတီ၊

www.burmeseclassic.com



ရွှေလာပြီ . . . ပြီးတော့မှ ပြီးတော့မှ လေဘာတီ''ဟု ဆိုကာ ပုဝါကလေးမ,ပြီး ထိုင်လျက် ပတ်ခြာလှည့်ကသော လေဘာတီမြရင်၏ အဆိုအကကို မမေ့နိုင်ပေ။ မစိန်သုံးကြီး၏ ငြိမ့်ငြိမ့်ယဉ်ယဉ်အကကိုလည်း မှတ်မိလိုက်သေး၏။ သဘင်သည်ပေါင်းများစွာကို နီးစပ်ခဲ့ဖူးလေသည်။ မိခင်ကိုယ်တိုင်ကပင် ထင်ရှားသူဖြစ်လေသည်။ မြကြိုင်ထင်မှတ်သည်မှာ အားလုံးသော သဘင်သည် အကျော်အမော်တို့၏ တူညီပုံတစ်ချက်မှာ သူတို့၏ အံ့ဩစဖွယ် မျက်နှာထားဖြစ်သည်။ သူတို့၏ မျက်နှာထားမှာ မိမိသာလျှင် အရေးအကြီးဆုံးဟူသော အဓိပ္ပါယ်ကိုဆောင်ကာ ပရိသတ် ဝိုင်းပြီးကြည့်နေကြခြင်းကို မာနလျှမ်းစွာ တုံ့ပြန်လေသည်။

ဤမျက်နှာထားကို ညကတပ်ဆင်နိုင်ခဲ့သည်။ သူမ၏ ဝါရင့်နေသလို ဟန်အမူအရာက အကအဆိုထက် အောင်မြင်ခဲ့လေသည်။ စကားအပြော အဆို၊ လေယူလေသိမ်းမှာတော့ သူမအဖို့ မခဲယဉ်း – ''ဒီဘက်က ကိုပန်နကစ်လားရှင့်''ဟု လူပြက်ကို ယပ်တောင်ရိုးနှင့် ရိုက်ကာ အငြိမ်သတို့မ၏ အသံနွဲ့ကလေးနှင့် မေးလိုက်ပုံမျိုးကို ပေါ့ပေါ့ကလေးပင် လုပ်နိုင်ခဲ့သည်။

ပြီးတော့ သူမသည် သဘင်သည်တို့၏ အသုံးအနှုန်းကို ကြားရဖန်များ၍ အလွတ်ရခဲ့လေသည်။ သင်ကြားထားတာထက်ပင်ပိုပြီး သူမဘာသာပြောနိုင်ခဲ့လေသည်။ ဥပမာ ထုံးစံအတိုင်း စီဘီအေ အသင်းကို ချီးမြှောက်ပြီး ပြောရာမှ . . .

''စင်စစ်တော့ သဘင်သည်များကို ထမင်းတစ်လုပ်ကျွေးနေတာ ဟောဒီလမ်းမတော်ရပ်ကွက်ပါပဲရှင့်၊ ဟုတ်ကဲ့လား''

''ဟုတ်ပ့ါ ဟုတ်ပ့ါ''ဟု

www.burmeseclassic.com



ကိုပွေလီနှင့် ကိုပန်နကစ်က ပြိုင်တူထောက်သည်။

"အဲ . . . အဲဒီရပ်ကွက်မှာ ကျေးဇူးရှင်ကြီးတစ်ဦးကတော့ ကြက်သရေမင်္ဂလာ အဖြာဖြာနဲ့ အောင်ဖေယျာ အောင်နိမိတ်နဲ့ အောင်အတိတ်ကို ယူနေတဲ့ စီဘီအေ အသင်းကြီးပေပဲ . . . ကိုပွေလီရဲ့ ပြီးတော့ စပယ်တို့လို အငြိမ့်စင်ပေါ်တက်စ သမီးကလေးတွေကိုလဲ နာမည်ပေးတတ်ပါသရှင့်၊ အဲဒီလို ကိုယ့်ကို အရာရာကြည့်ရှုတတ်တဲ့ အသင်းတိုက်ကြီးပေါ်မှာ က,ရတယ်ဆိုတော့ ခိုလို့ကပ်လို့ မဖြစ်ပေဘူးရှင့်နော် . . ."

"ကြိုးစားရပေလိမ့်မယ် . . . ကြိုးစားရပေလိမ့်မယ် . . ."ဟု လူပြက်များက လေးလေးနက်နက် လိုက်သည်။

ထို့နောက် "ပန်းစပယ် နန်းလယ်မပေါ်ခိုက်ဟာမို့ ဆိုတဲ့သီချင်းကလေးလိုပဲရှင့်"ဟုပြောကာ နှစ်ဆစ်ချိုးကလေးကို ခပ်မြန်မြန် ဆိုလိုက်သည်။ "အဲသည်လိုဘဲရှင့် ... မြကြိုင်... မြကြိုင်လို့ တစ်ကြိုင်ကြိုင်မွှေးတဲ့ပန်းစပယ်ကလေးမပေါ်ခင်က တောကြိုတောင်ကြား ပေါက်တဲ့ ခံပွင့်ကလေးတွေကို အပျော်ဆင်နေရတဲ့ ဟော . . .

"ချစ်သူ ကိုကိုတို့
ရပ်ဘတ်မှာဆင်ဘို့ ...
ပန်းစပယ်မြကြိုင် . . .
နမ်းလဲ မဝနိုင်ဘူးတဲ့ ...
ကိုပွေလီရေ ...
　　အို ပန်းစပယ်
မြကြိုင်လာပါပြီ ...

www.burmeseclassic.com



မောင်ရေ ...”

စသဖြင့် အချီအချ ကျနစွာပြောဆိုနိုင်ခဲ့သည်။

မြကြိုင်သတိထားမိခဲ့သေးသည်မှာလည်း သူမအား ဆုငွေ ချကြသူများမှာ အက,နှင့် ကျကြသူများ မဟုတ်ဘဲ၊ စကားနှင့် ကျသွားသူများဖြစ်သည်ဆိုတာကိုပင်။

စကားအပြောအဆို ဘယ်လောက်အရေးကြီးသည်ကို နဂိုတည်းက သိသည်။ တစ်ပြည်သူ မတင်လှိုင်ကို ကြည့်၊ ကနိုင်တာလည်း မဟုတ်၊ ဆိုနိုင်တာလည်း မဟုတ်ဘဲ၊ စကားပြောရာမှာ ပလစ်–ပလစ်နေအောင်တက်ပြီး၊ မျက်စ၊ မျက်နတွေ ကြွယ်လွန်း၍သာ အငြိမ့်သမဘဝနှင့် အငြိမ့်သက်ရှည်နေခြင်း မဟုတ်လား။

သည်တော့ မြကြိုင်သည် အက၊ အဆိုကို ကြိုးစားဦးမည်ဟု ဆုံးဖြတ်သည်။

အငြိမ့်သမတို့အဖို့ အကသည် အဆိုထက်ပင် အရေးကြီးသေးသည်ဟု ထင်လေသည်။ ဘာကြောင့်ဆိုလျှင် အမေဖြစ်သူတစ်ခါက အအေးမိပြီး ရင်ကြပ်သည်ကို သတိရမိသည်။ မြကြိုင်မှာ ခပ်ငယ်ငယ်ပင်ရှိသေးသော်လည်း အကုန်မှတ်မိနေသည်။ အမေက အငြိမ့်စင်နောက်ကျကျ အစွန်းမှ ထိုင်ပြီးအန်လျက် ရှိနေလေသည်။ ကြီးတော်တုတ်က အမေ့ရင်ကို ဖိပေး၊ ကျောကို နှိပ်ပေးနှင့် ရှိ၏။ အမေက တော်တော်နေမကောင်း၊ သို့သော်လည်း ခေါင်းဆောင်မင်းသမီးဖြစ်၍ မနေသာက,ရပေဦးမည်။

ထို့ကြောင့် အချိန်ကျသည့်အခါမှာ ကွမ်းရွက်ရေနှင့် လျက်ဆား

www.burmeseclassic.com



ကို ဖျော်သောက်ပြီး သနပ်ခါးလိမ်းကာ ... ထမီလဲကာ ထ,ရသည်။ ရှုံ့မဲ့နေသော မျက်နှာထားမှ ကြာမှုပြုံးကလေးသို့ အံ့သြစဖွယ် ပြောင်းလိုက်နိုင်သေးသည်။ နောက်ဘာမှ မဖြစ်သလိုပင် မခိုမကပ် ကသည်။

အမေသည် လုံးလုံး မခံနိုင်သည်ကို မှတ်မိနေသေးသည်။ တစ်ပုဒ်နှစ်ပုဒ်ကို စမ်းကြည့်ရှာပါ၏။ အသံက မထွက်တစ်ချက် ထွက်တစ်ချက်နှင့် ရှိလေသည်။ ထို့ကြောင့် လက်လျှော့လိုက်ရသည်။ တီးဝိုင်းနှင့်ကချည်းပဲ သွားသည်။ ပရိသတ်ကို ''အသံ မရဘူးရှင် – ပွဲဆက်တွေကများလို့ အအေးမိထားပါတယ်''ဟု တောင်းပန်ထားသည်။

ဘယ်သူကမှလည်း မကျေမနပ်မဖြစ်၊ မစိန်အောင်ကို လက်ခေါက်မှုတ်မြဲ မှုတ်ကာ လေချွန်မြဲချွန်ကာ ဆုချမြဲချ ကြလေသည်။

ဒါကြောင့် ကိုနန္ဒပြောသလို သီချင်းဆိုကောင်းစရာ သိပ်မလိုပါဘူး။

မြကြိုင်သည် ညက အငြိမ့်ကခဲ့သည်ကို စမြုံ့မပြန်ဘဲ မနေနိုင်သော်လည်း မာနကြီးစဖွယ် ကြီးကျယ်သည်ဟုတော့ မထင်မှတ်ချေ။ သူမ၏ အတွင်းမျက်စိ၌ သည်ထက်တောက်ပြောင်သော ဘဝကို မြင်လျက်ရှိလေသည်။ ပွဲလမ်းသဘင်တိုင်းမှာ မြစပယ်ကြိုင် အငြိမ့် မပါလျှင် မပြီး၊ နောက်ပေါက်မည် အငြိမ့်သမတို့သည်လည်း မြစပယ်ကြိုင်၏ တပည့်အဖြစ်သို့ အလုအယက်၊ သူမသည် ကိုယ်ပိုင်အငြိမ့်ထောင်ဖို့ရာ ငယ်ငယ်ကတည်းက စိတ်ပြင်းပြသည်။ မိခင်၏ မစိန်အောင်အငြိမ့်သည် တစ်ဆင့်တစ်ဆင့်နှင့် မတင်လျှင် လက်ရောက်၊ ယခုတော့ ကိုပွေလီလက်ထဲရောက် စသည်ဖြင့် ဖြစ်ရသည်ကို နှစ်မြောလျက်ရှိသည်။ မိခင်သာ ငယ်ငယ်ရွယ်ရွယ်နှင့် မသေခဲ့ဘူးဆိုလျှင် မြကြိုင်အလိုပြည့်ဖို့မှာ ဖြောင့်ဖြူးသောလမ်းပွင့်။

www.burmeseclassic.com



''အို ... ကြာလှ နှစ် နှစ်ပေါ့''ဟု သူမ ကြုံးဝါးလေသည်။

ဖွဲ့ပင်ထားရသော်လည်း မလွယ်ကူလှဟူ၍တော့ မြကြိုင် သိသည်။ မြကြိုင်က အငြိမ့်စင်ပေါ်တက်မည်ကြံစဉ်မှာ တစ်ခြားသော အငြိမ့်များသည် ကျော်ကြားနှင့်လေပြီ– မြသန်းကြည်တို့၊ ရွှေနှင်းဆီတို့၊ ရုပါရုံ ခင်ကြည်တို့၊ တရုတ်မကလေး မတင်ကြည်တို့ အပြိုင်တွေ များလှလေသည်။ ပြီးတော့ သူတို့ကို အထင်သေး၍ မဖြစ်၊ သူတို့သည် က,နေကျလည်း ဖြစ်သည်။

မြကြိုင်သည် ''တစ်ကယ်လို့များ ရှုံးနိမ့်ခဲ့ရင်''ဟူသော အတွေး၌ တုန်လှုပ်၍ သွားလေသည်။ ဖခင်ဖြစ်သူ၏ မျက်နှာကို မြင်ရလေသည်။ အသည်းနာကျင်ပါသေးငဲ့၊ ရှုံးနိမ့်မှုကို ရွံ့ရှာ၏။ ရှုံးနိမ့်မှု၏ တည်ရာဖခင်ကို မုန်းတီးသည်။ အရက်ကွဲခြင်းကိုသာ ထပ်တလဲလဲပြုတတ်သော ဖခင်ကို မုန်းသည်။ မုန်းသည်။ မိမိတော့ သည်လို မဖြစ်စေရ။

သူမသည် ဖခင်၏ ရှက်စဖွယ်သတင်းများကြောင့် မိခင်အတွက် ဂုဏ်ယူသင့်သလောက်တောင် မယူရဲဘဲ ရှိလေသည်။ အမေ့သမီးရယ်လို့ ကြွားဝင့်လိုက်လျှင် အဖေ့သမီးရယ်လို့ အရှက်ရပေဦးမည်။ သူမသည် ငယ်ငယ်ကတည်းကပင် အဖေဖြစ်သူအား လှောင်ပြောင် သရော်ကြခြင်းများကို နားလည်ခဲ့ရလေသည်။ ကလေးပင်ဖြစ်သော်လည်း အရှက်ကွဲခဲ့ရလေသည်။

ငယ်ငယ်တုန်းကတော့ အလိုလိုက်တတ်သော ဖခင်ကို ချစ်ခဲ့ဖူးသည်။ အမေက ခပ်ဆတ်ဆတ်ရယ်၊ အမေ့ကိုတော့ သူမကြောက်၏။ လူမှုရေးရာ နားလည်လာတော့ ကိုခန့်ဆိုသူကို အဖေတော်ရခြင်းအတွက် ရှက်သည်။

www.burmeseclassic.com



သူမ၏ ကလေးဘဝသည် ကြောက်မက်ဖွယ်ရာ မဲမှောင်သော အရိပ်ကြီးများရှိသည်ဟု ထင်၏။ သူမသည် ငယ်ငယ်က အတတ်အသိ လွန်သော ကလေးစားမျိုး ဖြစ်သည်။ လူကြီးတွေက နားမလည်ဘူး၊ မသိဘူးထင်သော ကိစ္စမျိုးကို သူမနားလည်ခဲ့လေသည်။ ဒါတွေအတွက် ကြောင့်ပင် ကလေးဘဝ၏ ပျော်ရွှင်မှုများဆိုသည်ကို သူမကောင်းစွာ မရရှိခဲ့။

ဥပမာဆိုရလျှင် အစီအစဉ်နှင့် မပြောနိုင်သော်လည်း မှတ်မိသော ရုပ်ပုံကားချပ်များစွာရှိသည့်အထဲမှ တစ်ချက်မှာ ကိုပွေလီနှင့်အမေ၊ အမေ ဖြစ်သူတို့ပင်၊ သူမသည် အလွန်ငယ်ရွယ်သေးကာ ကြက်တောင်စည်း ကလေး ဖတ်လတ်နှင့် ဂါဝန်ကလေး ဝတ်စဉ်ပဲရှိသေး၏။ ဖြူးကနဲ လူကြီး နှစ်ယောက် ပူးပူးကပ်ကပ်နေကြပုံကို မြင်ရသည်။ ထိုစဉ်က အလွန်တရာမှ ကြောက်ရွံ့ပြီး ဘာမှန်းမသိ ထိတ်လန့်လျက်ရှိသည်။ မိမိကိုမြင်၍ အမေက ကိုပွေလီကို တွန်းပစ်လိုက်သည်ကို သတိရ၏။ ကိုပွေလီက ''ခလေး ပဲကွာ''ဟု ပြောသည်ကို ယခုထက်ထိ မှတ်မိသေး၏။ ''ခလေးပဲကွာ ခလေးပဲကွာ . . . ခလေးပဲကွာ'' အသံသည် သူမအား ဖျားသည့် အခါများတွင် ခြောက်လှန့်ခဲ့သည်။

မြကြိုင်သည် အမေမို့လို့ အပြစ်မမြင်နိုင်သော်လည်း ဖခင်ဖြစ်သူ၏ မယားက ဘာပြောပြော ယုံတတ်သောမျက်နှာကြီးကို မုန်း၏။ လူတိုင်းက ဝိုင်းလှောင်သော မျက်နှာ၊ မယားက အရူးလုပ်ထားသော မျက်နှာ၊ သည်မျက်နှာကြီးကို မုန်း၏။ အဖေကို မုန်းလိုက်သောအခါ သူမ ရင်နာ ခြင်း သက်သာသည်။ ထို့ကြောင့် အဖေ့ကို မုန်းလိုက်သည်။

မြကြိုင်သည် ဖခင်ဖြစ်သူကို မှုန်မှိုင်းသော မျက်လုံးများနှင့် အမြဲ

www.burmeseclassic.com



တစေ ကြည့်နေခဲ့ဘူးသည်။ အဖေသည် သူစိမ်းနှင့်လည်း သူကလျှော့သည်။ မယားနှင့်လည်း သူက လျှော့သည်။ စော်ကားလာသူမှန်မျှကို မပြုံးတပြုံးနှင့် ဘာမှမပြောဘဲ နေတတ်သည်။ ဂရုမစိုက်သလိုထွက်ပြီး သွားတတ်သည်။ သို့ရာတွင် နည်းနည်းလွန်လာပြီထင်လျှင်ဖြစ်စေ၊ အဖေက မျက်နှာငယ်ကလေးနှင့် အားကိုးကြီးတစ်ခုနှင့် မော့ကြည့်လျှင် ဖြစ်စေ "ဟင်း...ဟင်း"ဟု လှောင်သူကို မျက်နှာထား မတင်းတတင်းနှင့် ဟန့်တတ်သည်။

အဖေက မော့ကြည့်သည်ဆို၍ ပြောရဦးမည်။ စင်စစ်မှာ အဖေက အမေ့ထက် တစ်လက်မလောက်တော့ မြင့်မည်ထင်သည်။ သို့သော်လည်း အမေက ရင်ခပ်ကော့ကော့၊ ခပ်တောင့်တောင့် နေတတ်သည်။ အဖေက အင်မတန် ဒူးညွတ်သည်။ ထို့နောက် နှစ်ယောက်စလုံးမှာ အရပ်တူ ဖြစ်၍ သွားသည်။ ဒါကို အဖေက ခေါင်းကို မော့၊ မေးကိုငေါ့ပြီး မျက်လွှာချနှင့် ကြည့်ကာ တောင်းပန်သည့်အမူအရာ ပြတတ်သည်။ သည်အခါမျိုးတွင် အဖေသည် ခါးကိုလည်း ကုန်းထားတတ်လေရာ မော့ကြည့်သည်ဟု အပြစ်လွတ်စွာ ဆိုနိုင်ပါ၏။

အမေ သေသွားပြီးသောအခါ မြကြိုင်တို့ သားအဖသည် အလွန် တရာမှ နက်သော အသူတရာချောက်ထဲသို့ ရောက်နေခဲ့သည်ဟုသာ ဆိုချင်တော့လေသည်။ အမေက အငြိမ့်အဖွဲ့မှာ ဝင့်ဝါခဲ့သလောက် ဖအေက လူတကာ့ ခိုင်းဖက်ဖြစ်ခဲ့လေသည်။ မယားပိုင်သော အငြိမ့်ကို ကိုယ့်လက်ထဲရောက်အောင် မယူတတ်သည့်လူစား၊ သည်လိုနှင့် သူတို့ သားအဖမှာ အမေ့ဆီက ကျန်ခဲ့သော ရွှေလက်ကောက်များ၊ ရွှေဆွဲကြိုးများ၊ ဆုတံဆိပ်၊ ရွှေဒေါ်လာပြားများကို ရောင်းချပစ်ခဲ့ရသည်။

www.burmeseclassic.com



သူမ၏ ကုန်လွန်ခဲ့သမျှ တစ်ဘဝလုံးမှာ အားငယ်ခြင်း၊ နာကျည်းခြင်း၊ ကြိတ်၍ကြုံခြင်းများကိုသာ နားလည်ခဲ့သည်။

သူမသည် ဖခင်၏အရှက်ကွဲခြင်းများကို မိမိက အသရေဆယ်ရန် ဝတ္တရားရှိသည်ဟုလည်း ထင်လေသည်။

မြကြိုင်သည် သက်ပြင်းချလျက် ရှိလေသည်။

နေသည် ဝင်းပခဲ့လေပြီ။ ရွှေရောင်နုနုမှ အဖြူစင်းကြီးများ အဖြစ်သို့ ပြောင်းပြီးမြင့်လေပြီ။

ကြည့်စမ်း. . . ဒါဟာ လန်းဆန်းသော နံနက်၏ အတွေ့များတဲ့လား၊မြကြိုင်၏ မျက်နှာမှာ အနည်းငယ်ရှုံ့လျက်ရှိသည်။ သည်လို အိပ်ရာထ,ထခြင်း စိတ်မချမ်းသာစရာတွေ တွေးမိအောင်လုပ်တတ်သော ဖခင်ကို စိတ်ဆိုးမိသေးသည်။

ဒေါ်သသည် ထွက်စရာရှိလျှင် ထွက်၍လာကာ အိပ်ရာမှ ဖြုံးကနဲထသည်။ စောင်ကိုခွာပြီး ခြေရင်းသို့ကန်ထုတ်ပစ်ကာ အထပ်ခိုးပေါ်မှ ဆင်းခဲ့သည်။ နောက်ဖေးချောင်တွင် ဖခင်သည် ထမင်းအိုးတည်လျက် ရှိလေသည်။

သူမသည် တစ်ချက်မျှ မဲ့လိုက်ပြီး. . .

''ဒါဟာ အဖေ့အလုပ်မဟုတ်ပါဘူး၊ ခါတိုင်း. . . ကျွန်မလုပ်တာ သိသားနဲ့ . . .''ဟု ဒေါ်နှင့်မောနှင့် ပြောသည်။

''ဩော်. . . နင်အိပ်ပျက်နေမှာစိုးလို့ပါဟဲ့''

ဖခင်ဖြစ်သူသည် ဆောင့်ကြောင့်ထိုင်ရာမှ သူမ၏ မျက်နှာကို အားငယ်စွာ မော့ပြီးကြည့်လေသည်။ မြကြိုင်သည် ရင်ထဲမှဆို့၍ သွားသော်လည်း စိတ်တင်းလိုက်ကာ မျက်နှာလွှဲလိုက်၏။ အသံမပျော့

www.burmeseclassic.com



မမာနှင့် –

"အိမ်ရှေ့မှာ လူကြီးပီပီ သွားနေချည်ပါ၊ ကျွန်မအားလုံး နားလည်ပါတယ်"ဟု ပြောသည်။

ကိုခန့်က ထင်းစကလေးများကို ဟိုထိုးသည်ထိုးနှင့် ယောင်ကန်းကန်းလုပ်နေပြီး လေးကန်စွာ ထသည်။ ဖုံပွပွ ပလေကပ်လုံချည်ကလေးကို ပြင်ဝတ်သည်။ သမီးကို မကြည့်တော့ဘဲ "ငါလွှက်ရည်ဝယ်ထားတယ် – ဂျိုင့်ထဲမှာ နှင့်ဖို့ချန်ထားတယ်"ဟုပြောကာ အိမ်ရှေ့သို့သွားသည်။

မျက်နှာသစ်သည့်အခါ မျက်နှာချေနှင့် ရေရောကာ ဖြူပြီး ကျလာသည်။ မြကြိုင်သည် တစ်ချက်တစ်ချက်ငေးပြီး နောင်ရေးကို တွေးလျက်ရှိလေသည်။ သူမကိုယ်တိုင် အငြိမ့်ထောင်သည့်အခါ လိုအပ်သည့် လူများစာရင်းလုပ်၍ နေသည်။

နွေးရုံသာ နွေးတော့သော လွှက်ရည်ကို သောက်နေစဉ်မှာတော့ သူမသည် ညက ကိုနန္ဒနှင့်အတူပြန်ခဲ့ပုံနှင့် သူ့ကို မက်သည့်အိပ်မက်တို့ကို ရောနေသည့်အတွက် မနည်းပင်ခွဲခြား၍ ယူရလေသည်။ မိမိကြီးပွားဖို့အရေးများကို မေ့၍သွားကာ ငေးမောနေမိပြန်လေသည်။

ထို့နောက် ကိုနန္ဒက ဘယ်လိုအဆိုမျိုးကို လိုချင်သည် ဆိုတာကို စဉ်းစား၍ နေလေသည်။ သူမသည် သီချင်းဆိုချင်စိတ် ပေါ်၍လာလေသည်။

သို့သော်လည်း လေလွင့်လုလုစိတ်ကို အချိန်မီ ချုပ်တည်းကာ ထမင်းချက်ဖို့အရေးကို လှည့်တွေးလိုက်သည်။

× × ×

www.burmeseclassic.com

# ၆

စီဘီအေ အသင်း၌ (၇)ညကခြင်း၏ စာရင်းကို ရှင်းလိုက်သည့် အမြတ်မှာ ရှုပါရုံ ခင်ကြည်အငြိမ့်မှ လက်ထောက်ကဖို့ လာခေါ်ခြင်းပင် ဖြစ်လေသည်။

မြကြိုင်က ပထမတော့ တွေနေသေးသည်။ သို့သော် ခဏချင်းပင် အဖြေပေးသည်။

"ကျွန်မ မကနိုင်သေးပါဘူးရှင့်၊ ကိုပွေလီနဲ့ စာချုပ်မချုပ် ရသေးတာတော့ မှန်ပါတယ်၊ ကျွန်မ ဘယ်သူနဲ့မှတော့ စာချုပ် မချုပ်ရသေးပါဘူး။ ဒါပေမဲ့ အဲလေ ကျွန်မ စာချုပ်နဲ့ကမယ်လို့ ရည်ရွယ်ရင် ရှင်တို့ကိုပါ ထည့်ပြီးစဉ်းစားပါ့မယ်လေ. . ."

ဖခင်ဖြစ်သူက မြကြိုင်လုပ်ပုံကို နားမလည်ချေ။ သမီးဖြစ်သူကမူ သူမလျှို့ဝှက်ချက်နှင့် သူမ နေသည်။

မြကြိုင်က ဤသို့ငြင်းပယ်ခြင်းမှာ သူမ၏ မာနက ခိုင်းစေခြင်း

www.burmeseclassic.com



ဖြစ်လေသည်။ မြကြိုင်သည် ဘယ်သူ့လက်ထောက်မှ မလုပ်နိုင်ပေ၊ အင်မတန်ညံ့သော အငြိမ့်ပင်ဖြစ်သွားပါစေ၊ ထိုအငြိမ့်ကို ခေါင်းဆောင်သာ သူမ လုပ်မည်။ ပြီးတော့ သူ့အမေ၏ ဂုဏ်ကိုလည်း ထိန်းသိမ်းရမည်ဟု သူမ ထင်လေသည်။ ယခုလောလောဆယ်တော့ ဘာမှ မလုပ်တတ်သေး။

“ဘာဘကို တိုင်ပင်ဦးမှ ပါပဲ”ဟု တွေးမိသည်။ ကိုနန္ဒကို တိုင်ပင်ရလျှင်လည်း ကောင်းမည်ဟု ထင်သည်။ ကိုနန္ဒမှာ မျိုးရိုးကောင်းပြီး ပညာလည်း တတ်သည်ဟု အဆိုရှိသည်။ သို့သော်လည်း သူနှင့်က မကျွမ်းသေး။

တစ်နည်းအားဖြင့်ဆိုပြန်လျှင်လည်း တိုင်ပင်ရုံနှင့်တော့ ဘာမှ စကားဆိုစရာ မရှိပါဟု ထင်သည်။ အဦးညကစပြီး သူတို့နှစ်ယောက် (၇)ညစလုံး အတူတူပြန်ခဲ့ကြလေပြီ၊ မြကြိုင်၌ တစ်ခြားသော အငြိမ့်သမတို့လို နောက်က အဒေါ်တို့၊ အမေတို့၊ အမတို့ မပါ။ ဖခင်ကိုတော့ သူမသည် လာပြီးမကြိုစေချေ။ သူမ၏ တိတ်တဆိတ် လှုံ့ဆော်တတ်သော စိတ်ကလေးကပင် ကိုနန္ဒနှင့်အတူပြန်ဖြစ်အောင် လုပ်ကြံလေသလားတော့ မသိ။

ထို (၇)ညစလုံးပင် ပင်ပန်းလျက်နှင့် ကောင်းကောင်းအိပ်၍မရသော ညများဖြစ်လေသည်။ အိပ်မက်များလည်း ခြောက်ချားလှသည်။

မြကြိုင်သည် ကိုယ့်ကိုယ်ကိုတော့ သတိပေးနိုင်သမျှ ပေးလျက်ရှိ၏။ သူမသည် ကိုနန္ဒနှင့်ပေါင်းသင်း ဆက်ဆံရာ၌ လှေခါးအလယ်၌ ရေခံသလိုဖြစ်နေပြီဟု နားလည်သည်။ အထက်ကို ဆက်တက်မည်ဆိုလျှင်လည်း တက်နိုင်သည်။ အောက်ကို ပြန်ဆင်းမည် ဆိုလျှင်လည်း

www.burmeseclassic.com



ဆင်းနိုင်သည်။ ပြီးတော့ ဆုံးဖြတ်ဖို့ရာမှာ သူမတစ်ယောက်တည်း၏ ကိစ္စပင်ဖြစ်သည်ဟုလည်း သိရှိသည်။

သူမ၏ စိတ်ရင်းမှာ တစ်လမ်းတည်းသွားဖို့ပင်တည်း။ သူမမှာ ရှေ့၌ အားလပ်ခွင့် မရှိတော့ပေ။ တစ်ယောက်နှင့် စာချုပ်လိုက်သည်နှင့် တစ်ပြိုင်နက် အကသင်ရင်း၊ သီချင်းတိုက်ရင်း၊ အငြိမ့်ခုံပေါ်တက်ရင်းနှင့် အချိန်တွေကုန်သွားမည် ဆိုတာသိသည်။ ကြိုးစားရမည်ဟူသော လေးကန်သည့် ဝန်ကြီးသည် သူမအပေါ် ဖိစီးလျက်ကမှ သူ့အာရုံ ထွေပြားမည် ဆိုလျှင်တော့ သူမပင်ပန်းဖို့သာ ဖြစ်လေသည်။ . . . အို ငါအပင်ပန်းခံနိုင်ပါတယ် ဟု စိတ်မိုက်ကလေးက ဆိုသည်။ သို့သော်လည်း မြကြိုင်၏ ဆင်ခြင်တုံဉာဏ်ကလေးက သူမအား တွေဝေစေသည်။

နောက်ဆုံး၌ ကိုနန္ဒကို မတိုင်ပင်တော့ဘူးဟု ဆုံးဖြတ်လိုက်လေ၏။

သို့သော်လည်း သူမ၏ဆုံးဖြတ်ချက်နှင့် လျော်ညီစွာ လှေခါးက ဆင်းခဲ့ရမည့်အစား ကိုယ့်ဘာသာကိုယ် သိသလိုလို၊ မသိသလိုလိုနှင့် ထင်ထင်ရှားရှားကြီးပင် မဟုတ်သော်လည်း လှေကားကို နောက်ပြန် တက်မိလျက်ရှိသည်။

နေ့စဉ် တွေ့နေသည့်လူလည်းဖြစ်ပြီး မိမိ၏အလုပ်နှင့်လည်း ဆက်သွယ်နေသော လူတစ်ယောက်ကို လုံးဝရှောင်ဖို့ရာတော့ မဖြစ်နိုင် တော့ချေ။ ပြီးတော့လဲ အို . . . မြကြိုင်သည် စွန့်စားဖို့ရာကို ကြောက်ရွံ့ ခြင်း မရှိတော့ချေ။ သူမသည် ဘာမှ တွေးဆခြင်းမရှိတော့ဘဲ စိတ်အလို လိုက်လျက်သာ ရှိလေသည်။

ဘာပဲလုပ်လုပ် ကိုနန္ဒနှင့်တော့ အမြဲပင် နီးစပ်လျက်ရှိလေသည်။ ဩဘာသောင်းနှင့် အကသင်လျှင်လည်း ကိုနန္ဒက ပတ္တလားတီးသည်။

www.burmeseclassic.com



အဆိုသင်ပြန်တော့လည်း ကိုနန္ဒက တီးသည်။ ကိုနန္ဒနှင့် သူမသည် ခင်မင်လျက်ရှိပြီး ကိုနန္ဒလိုလူက သူမအက၊ အဆို သင်သည်ကို တီးပေးသည်မှာ ကျေးဇူးတင်စရာပင် ဖြစ်ပေ၏။ အဘယ်ကြောင့်ဆိုသော် သူမသည် ကိုပွေလီနှင့်လည်း စာချုပ်မချုပ်ရသေး၍ ကိုနန္ဒ၌ မြကြိုင်အတွက် ဘာမှ တာဝန်မရှိချေ။

သူမကတော့ ကိုနန္ဒကို ကျေးဇူးတင်ယင်းနှင့်ပင် သူနှင့်ရင်းနှီးလာခဲ့ရသည်။ ကိုနန္ဒနှင့်ရင်းနှီးလေလေ သူ့ကို အထင်ကြီးလေလေပင်၊ ကိုနန္ဒကို တွေ့ဖူးသောတစ်ခြားသော ယောကျ်ားများနှင့် မတူဘူးဟု သူမ ထင်သည်။ သူ့ကို လေ့လာရသည်မှာ ပျော်စရာကောင်းသည်။

ကိုနန္ဒသည် သိမ်မွေ့သောယောကျ်ားဖြစ်ကာ သူမ,တွေ့ဖူးသမျှဆိုလျှင် အငြိမ့်ထဲ၊ ဇာတ်ထဲ၊ အရပ်ထဲက လူများကဲ့သို့ ကြမ်းခြင်း၊ ရိုင်းခြင်းများကို သူ့ထံမှ တစ်ခါမှ မတွေ့ရပေ။ မြကြိုင်သည် မိန်းကလေးပီသစွာ အယဉ်အကျေးကို ကြိုက်လေသည်။ ပြီးတော့ သူမ၏ မိခင်က စပြီးဖေါက်ပြန်ကြသော အပြစ်တို့ကို တွေ့လွန်း၍ထင်ရဲ့၊ အကျင့်ပျက်သူများကို မုန်းသည်။ ကိုနန္ဒကမူ အကျင့်စာရိတ္တဖြူစင်သည်။

အားလုံးထဲမှာ သူမ,အားကျမိခြင်းမှာတော့ ကိုနန္ဒ၏ ဂီတပညာပင်။

ကိုနန္ဒသည် တူရိယာများတီးခတ်ဖို့ ဂီတပညာများတီးခတ်ဖို့ ဂီတပညာနှင့် အောင်မြင်ဖို့ သက်သက်မွေးဖွားလာခြင်း ဖြစ်လေသလားဟု ထင်မိသည်။ သူ့မှာ တစ်ခြားစိတ်ဝင်စားစရာလည်း မရှိတော့သလိုပင် သူ့မှာဂီတနှင့်ပတ်သက်ပြီး ဘယ်တော့မှပွင့်အာထွက်သွားမည် မဟုတ်သော လျှို့ဝှက်ချက်ကလေးတွေ ရှိနေသည်ဟု ထင်သည်။ ထို

www.burmeseclassic.com



လျှို့ဝှက်ချက်များသည် သူ့အား အကောင်းဆုံး တီးခတ်စေခဲ့လေသည်။ သူ၏ လျှို့ဝှက်ချက်ကလေးများ သူကဖန်ဆင်းထားသော မူပိုင်များလည်း ဖြစ်သည်။ သည်တော့ ကိုနန္ဒ၏အမည်မှာ ယခုအချိန်ကာလကို ပြန်ပြီး လက်ညှိုးညွှန်သမျှ ဘယ်အခါမဆို ပေါ်လွင်တိုးထွက်ခဲ့ဖို့ပဲ ဖြစ်သည်။ ဤသို့ မြကြိုင်က ယုံကြည်သည်။

ကိုနန္ဒက တီးလျှင်မြကြိုင်သည် တစ်မျိုးက,လို့ကောင်းသည်၊ ဆိုလို့ကောင်းသည်။ သူ၏ လက်ဖြင့် ဖန်တီးလိုက်သော ဂီတသည် သူမ၏ ကျောရိုးကို ဖေါက်ခွဲဝင်ပြီးမှ အကြောလေး အကြောမွှားတို့အထိ ပျံ့နှံ့စေသည်ဟု ခံစားရမိလေသည်။

ပတ္တလားကို သူတီးလိုက်လျှင် တစ်ခြားသူတွေ တီးသလို သံ,သံ မပါဘူး ထင်ရသည်။ လက်အဆ အင်မတန်ကောင်းလို့ပဲလေလားကွယ်၊ အငြိမ့်မှာတော့ အသံပြည်အောင် တီးရသဖြင့် ဝါးပတ္တလားကို မသုံး၊ သို့သော် သူနှစ်သက်သော ဝါးပတ္တလားကိုများတီးလျှင် မြကြိုင်သည် အံ့ဩစိတ်ဖြင့် အပြည့်သိပ်လျက်သာ ရှိတတ်လေသည်။

မြကြိုင်သည် တစ်နည်းအားဖြင့် ကိုနန္ဒကို ယိုင်လျက်ရှိလေသည်။ သူနှင့်တစ်နေ့ တန်းတူ ဖြစ်စေရမည်။

သူက ဂီတနှင့်ကျော်ကြားသူဖြစ်လျှင် မြကြိုင်က အကနှင့် ကျော်ကြားသူဖြစ်ရမည်။ မိမိက အခု တစ်ဖက်သတ် လေးစားနေပေမည့် မြကြိုင်ကိုသူက လေးစားရသည့် အခွင့်အရေးကိုလည်း ပေးဦးမည်။

သူကမူ ကျော်ကြားခြင်းကို မမှုသလိုပင်။

''ကိုယ့်နောက်ကို ကျော်ကြားခြင်းက လိုက်တာဟာ ကောင်းရင် ကောင်းမယ်၊ ကိုယ်က ကျော်ကြားခြင်းနောက်လိုက်တာက မကောင်း''ဟု

www.burmeseclassic.com



သူက ပြောဖူးသည်။

မြကြိုင်ကမူ အဓိပ္ပါယ်ကို သိပ်ပြီးနားမလည်ချေ။ သူသည် တစ်ကို ထက်ခြမ်းခွဲနေသည်ဟု ထင်လေသည်။ သို့သော်လည်း နားလည်ဟန်နှင့် နေလိုက်ပြီးမှ သူ့သဘောကို သိလို၍ မေးသည်။

''ကျော်ကြားတယ်ဆိုတာ ပညာသည်မှန်သမျှ လိုအပ်တာပဲ မဟုတ်လား''

''ဒီလိုပဲ ပြောကျတာပဲ''

''ကိုနန္ဒတော့ ဒီလိုမထင်ဘူးလား''

''ကျွန်တော်က ဒီလိုထင်တယ်၊ မထင်ဘူးဆိုတာကို မရှိပါဘူး၊ ဘာကြောင့်လို့ဆိုတော့ ကျော်ကြားခြင်းအတွက်နဲ့ပတ်သက်ပြီး ကျွန်တော် သိပ်မတွေးလို့ပါ''

''ဒါဖြင့် ရှင်တီးမှုတ်နေတာတွေဟာ ရည်ရွယ်ချက်မရှိဘူးပေါ့ ဟုတ်လား၊ အသက်မွေးဝမ်းကျောင်း အနေနဲ့ပဲပေါ့ါဟင်''ဟု မြကြိုင်က မနေနိုင်သလိုမေးရာ ကိုနန္ဒကပြုံး၍သာ နေလေသည်။

''ဒါဟာ ရှင့်လိုလူတော်တစ်ယောက်အဖို့ မဖြစ်နိုင်ပါဘူး''ဟု မြကြိုင်က ထပ်ပြောမိလေသည်။

''ဒီလိုပါ''ဟု ကိုနန္ဒက စကားစသည်။ ''ကျွန်တော် တီးမှုတ် နေတာဟာ အသက်မွေးရပါစေတော့ဆိုပြီး သက်သက်လုပ်နေတာတော့ မဟုတ်ဘူးပေါ့၊ အမှန်က ကျွန်တော်ဟာ တီးမှုတ်မယ်၊ ပြီးတော့ အဆီ အနှစ်ကလေးတွေကိုစုပြီး ပရိသတ်ကို ချပြမယ်။ ကျွန်တော်ကြည်နူး သလို ပရိသတ်ကြည်နူးစေမယ်၊ ပြီးတော့ အသစ်အဆန်းတွေကို ကျွန်တော်က ရှာပြီးပေးမယ်''

www.burmeseclassic.com



''ကိုနန္ဒဟာ ကျော်ကြားတာကို လုံးလုံးမတွက်ဘူးပေါ့''

''ဒါကို ကျွန်တော်ဖြေရင် ကျွန်တော့်ကို အပြစ်မြင်လိမ့်မှာ၊ ဒါမှ မဟုတ် ကျွန်တော့်ကို လိမ်တယ်ထင်မှာ၊ ဒီတော့ ကျွန်တော်မဖြေဘူး နော်''

မြကြိုင်သည် ကိုနန္ဒကို စကားတတ်သည်ဟု ထင်မိလေသည်။ သူပြောသော စကားမျိုးကို အငြိမ့်ကလျှင် ထည့်ပြောမည်ဟု နည်းယူ လျက် ရှိလေသည်။

မြကြိုင်က ကိုယ်ကိုတောင့်ကာ တည်ငြိမ်စွာဖြင့် တထစ်ချ အသံနှင့်– ''ကျွန်မကတော့ ကျော်ကြားဖို့အတွက်ကို ဘာဘဲဖြစ်ဖြစ် လုပ်မယ်ရှင့်''

ပြောပြီး ပြီးချင်းတော့ နောင်တရ၏။ သူမသည် အမှန်ကိုပြော လိုက်ခြင်းဖြစ်သော်လည်း မိမိ၏ဇာတိ မျိုးရိုးကို ဖော်ရာကျမည်လားဟု တွေးမိလေသည်။ ကိုနန္ဒဟာ မျိုးရိုးကောင်းသူဖြစ်သည့်တွက်များ မိမိတို့ သဘင်သည်မျိုးရိုးအစစ်လို ကျော်ကြားမှုကို မတပ်မက် လေသလားဟု တွေးမိလေသည်။ စင်စစ်တော့ သူမသည် ကိုနန္ဒကို မိမိထက်မြင့်မြတ်သူ တစ်ဦးဟုထင်လေသည်။ သို့သော် ထိုအထင်ကပင် သူမအားပို၍ မာနကြီး စေသည်။ သူမသည် ဘာဖြစ်သလဲ ငါဟာ ပညာနဲ့လုပ်ကိုင်စားတဲ့ အမျိုးပဲဟု ချက်ခြင်းတွေးမိကာ မျက်နှာကိုမော့ပြီးနေသည်။

ကိုနန္ဒက သူမကို ခဏမျှစိုက်ငေးနေပြီး ''ခင်ဗျား ငယ်သေးလို့ပါ'' ဟု ခပ်တိုးတိုး ပြောလေသည်။

''ဒီလိုဆိုရင် ကျွန်မဟာ အမြဲတန်းငယ်နေပါစေလို့ ဆုတောင်းမယ်၊ ဘာကြောင့်လဲဆိုတော့ ကျော်ကြားဖို့ရာသာမဟုတ်ဘူးဆိုရင် ကျွန်မ

www.burmeseclassic.com



ခုလိုဘယ်အပင်ပန်း ခံနေမှာလဲ၊ ကျွန်မအတွက် ကျွန်မပြောတာလေ၊ ပြီးတော့လဲ ကျော်ကြားတာကို ဂရုမစိုက်ဘူးဆိုတာ ကျော်ကြားပြီးတဲ့လူတွေ၊ ဒါမှမဟုတ် ဘယ်တော့မှ ကျော်ကြားမှာမဟုတ်တဲ့လူတွေ အဲဒီလူတွေကသာ ပြောတယ်လို့ကျွန်မထင်တယ်''

မြကြိုင်သည် ကိုနန္ဒနှင့်စကားပြောရသည်ကို ပညာတိုးသည်ဟုထင်သည်။ သူမ၏ အငြိမ့်ထဲတွင် ခုလိုကြီးကျယ်သော အကြောင်းအရာများ(သူမကတော့ သည်လိုပဲထင်သည်)ကို ဆွေးနွေးရမည့်လူ မရှိပေ။ မြင်းပွဲအကြောင်း၊ အနီးထောင်ဝိုင်းအကြောင်း၊ ဒါတွေကိုသာ ပြောလေ့ရှိကြသည်။ သူမပညာနှင့်လုပ်ကိုင်စားမည့်သူဖြစ်၍ မိမိနှင့်ပတ်သက်သော ပညာအကြောင်းကို စဉ်းစားရမည်၊ ပြောဆိုရမည်ဟု ထင်သည်။

ပြီးတော့ သူမကိုယ်တိုင်၏ မိခင်ဖခင်များဖြစ်သော အောင်မြင်သူတစ်ယောက်နှင့် ရှုံးနိမ့်သူတစ်ယောက်တို့ကို နှိုင်းယှဉ်ပြီးကြည့်ခဲ့ရပြီမဟုတ်လား၊ လူတစ်ဦးတစ်ယောက်သည် ကျော်ကြားဖို့ရာမှာ လွယ်ကူလှသော အလုပ်တော့ မဟုတ်ဟုထင်သည်။ ကျော်မည့်သူ အဖို့ကျတော့လည်း လွယ်သည်ပင်ဖြစ်စေ၊ ခက်သည်ပင်ဖြစ်စေ အောင်မြင်ခြင်းကို တည်ဆောက်ရာ၌ အခြေခံအုတ်ချပ်များကို တစ်စတစ်စ စုဆောင်းခဲ့ဖို့ လိုသည်ဟု သူမထင်သည်။

သူမသည် ကိုနန္ဒ၏အောင်မြင်ခြင်း အရင်းခံကို မေးဖူးသည်။

ကိုနန္ဒက အေးဆေးစွာပင် ''ကျွန်တော် မွေးကတည်းကပဲ တီးခဲ့တယ်''ဟု ပြောတတ်သည်။

''ကျွန်မလဲ မွေးကထဲက ကခဲ့ပါတယ်၊ ခုမှသာ စင်ပေါ်တက်တာ''

''သိပ်မပူပါနဲ့လေ – မကြာပါဘူး''ဟု ကိုနန္ဒက ရယ်မော

www.burmeseclassic.com



ပြောတတ်သည်။

မြကြိုင်သည် ရှက်သလိုလိုဖြစ်သော်လည်း ကျော်ကြားလိုစိတ်အတွက်တော့ ဘာမှရှက်စရာမရှိဟု ထင်လေသည်။

သူမ၌ ကျော်ကြားရင်ဟူသော အတွေးတို့သည် တစ်နေ့ထက်တစ်နေ့ ဖွံ့ဖြိုးလာခဲ့လေသည်။ ကျော်ကြားလျှင် သူမသည် ဖခင်အတွက် ရှက်ခဲ့ရသည်များ ပျောက်သွားလိမ့်မည်ဟု မျှော်လင့်သည်။

မြကြိုင်သည် သူမအဖို့ ကံကောင်းသော နေ့များ စတင်ခဲ့ပြီဟု ယုံကြည်လာသည်။ သူမသည် ပျော်၏။ အပျော်တစ်ခုစီတော့လဲ စိတ်စွဲ၍ မကြည့်၊ မိမိ၏ အလုပ်ကိစ္စအတွက် ပျော်သည်ဟုပဲ ထားလိုက်ပါလေ၊ ပျော်ခြင်း၏ အကြောင်းရင်း ဘယ်နှစ်ခုရှိသည်ဟုလည်း သူမ မရေတွက်ဖို့၊ ပျော်ရွှင်ခြင်းစမ်းရေယာဉ်လှိုင်းလုံးကလေးများ စီးပြီးတော့ကာ မျှောမိလေသည်။

သည်လို လှိုင်းစီးရာမှ သူမတစ်ယောက်ထဲပဲလား၊ ဘယ်သူကော သူမနှင့်တူညီစွာ ပျော်ရွှင်ပေးသလဲ၊ မပျော်ရွှင်ဘူးလား ဆိုတာတော့ သူမ မသိ။

ပျော်ရွှင်ခြင်းများသည်လည်းစိတ်မချမ်းသာခြင်းကဲ့သို့ပင် အဖော်အပေါင်းနှင့် လာတတ်သည်။

မြကြိုင်သည် တော်တော်ကိုပင် စန်းပွင့်လျက်ရှိလေသည်။ ကလပ်များ၌ သီချင်းဆိုရသည်၊ ကရသည်၊ မတင်လှိုင်မှာ ခေါင်းဆောင်ပင်ဖြစ်သော်လည်း သူမထက် မှိန်လျက်ရှိလေသည်။ မဟာဗန္ဓုလလမ်းတွင် ဆိုင်သစ်တွေဖွင့်သမျှ မြကြိုင်ကို ခေါ်အကနိုင်းခြင်းဖြင့် ကြော်ငြာကြသည်။ မြကြိုင်မှာ လက်ထောက်ရယ်ဟု မဟုတ်တော့ဘဲ ကချင်

www.burmeseclassic.com



သလောက်ကလျက် ရှိတော့သည်။ တရုတ်နှစ်သစ်ကူးမှာများဆိုလျှင်တော့ မြကြိုင်သည် ရက်ချိန်းပေး၍ မလည်နိုင်အောင် ဖြစ်ရလေသည်။

သည်လိုနှင့် တစ်နွေမှ နှစ်နွေသို့အကူး တစ်ခုသောအချိန်မှာ ကိုပွေလီသည် လက်တွင်းက စာချုပ်နှင့် သူမထံသို့ ရောက်ခဲ့သည်။

မြကြိုင်က တင်းနိုင်သရွေ့ တင်းသည်။ သူမသည် ကိုပွေလီကို သိပ်ပြီး မျက်နှာကျောမတည့်လှသည့်အတွက်ကြောင့်လည်း တင်းချင်တာထက်ပိုပြီး တင်းလျက်ရှိလေသည်။ သို့သော် ကိုနန္ဒသည်ပဲ အငြိမ့်ပိုင်ရှင်ဖြစ်ပစေဦးတော့ သူမမလျှော့နိုင်သည့် တစ်ချက်မှာ ခေါင်းဆောင်မင်းသမီးဖြစ်ဖို့ပင်တည်း။

ကိုပွေလီက သည်လိုပြောသည်။ "အရာရာမှာ မြကြိုင်သဘောကျဖြစ်ရပါစေ့မည်၊ သို့သော်လည်း မတင်လှိုင်ကို ပစ်ပစ်ခါခါပြုဖို့ရာ ရက်စက်လွန်းရာကျမည်၊ နဂို ခေါင်းဆောင်မင်းသမီးအဖြစ်က နေ့ချင်းညချင်းလက်ထောက်ဖြစ်သွားဖို့ရာမှာ အလွန်ထိခိုက်လှသော ကိစ္စတစ်ရပ်မို့ ဖြစ်ပါသည်။ မမြကြိုင်က ကသည့်အခါ နောက်ဆုံးမှ ထွက်ချင်လည်း ထွက်တာပေါ့၊သို့သော် ဆိုင်းဘုတ်ကိုတော့ နှစ်ဦးစလုံးနာမည် တပ်ပါရစေ" မြစပယ်ကြိုင်နှင့် တစ်ပြည်သူ မတင်လှိုင်၊လူပြက် ပန်နကစ်၊ ပွေလီ" အဲသည်လိုဆိုလျှင် မကောင်းဘူးလား"

မြကြိုင်သည် မတင်လှိုင်ကို အားနာသောစိတ်ကလေးလည်း ရှိသည်။ ကိုပွေလီပြောသည်မှာ မှန်သည်ဟုထင်သည်။ ပြီးတော့ သူမ၏ စိတ်ထဲတွင် တစ်ခုရှိခြင်းမှာ ဆူးလေဘုရားပန်းခြံ၌ စနေနေ့များမှာ ကလိုခြင်းပင်၊ သူမသည် ဆူးလေဘုရား ပန်းခြံတွင်းမှာ ကရလျှင် မြသန်းကြည်တို့၊ မတင်ကြည်တို့ကို ယှဉ်နိုင်ပြီဟု ထင်လျက်ရှိလေသည်။

www.burmeseclassic.com



သူမ ဘယ်မျှ အကကောင်းကောင်း၊ အဆိုကျော်ကျော် အနောက်ပိုင်း တရုတ်ပိုင်းတွင် ကျက်စားရုံဖြင့် တစ်မြို့လုံးက အသိအမှတ် မပြုသေးဟု ထင်သည်။ ပန်းခြံထဲတွင် ကရလျှင် သတင်းစာထဲတွင် ကြော်ငြာခြင်း ခံရမည်၊ သည်ကမှ တစ်ဆင့် မြန်မာပြည်အရပ်ရပ်မှ အငြိမ့်ငှားသူများ လာကြမဲ့ဖြစ်သည်ဟု သူမသည် ယူဆသည်။ သူမှာ စာချုပ်ချုပ်ထားသော အငြိမ့်အဖွဲ့ရှိလျှင် ပန်းခြံထဲကဖို့ရာမှာ မခဲယဉ်းပေ၊ ကိုပွေလီအငြိမ့်မှာ လူပြက်အသင့် တီးဝိုင်းအသင့်ရှိနေပြီ၊ ပြီးတော့ အဖွဲ့သားများမှာလည်း ကိုယ့်မိခင်၏ လူဟောင်းများဖြစ်သည်။

ယခုကို တစ်ညဘယ်လောက်၊ တစ်ပတ်ဘယ်လောက် စသည်ဖြင့် အငှားလိုက်၍ ကရခြင်းမှာ သေးသိမ်သည်ဟုလည်း ထင်သည်။

ထို့ကြောင့် မြကြိုင်သည်နှစ်နှစ်တွက် စာချုပ် ချုပ်လိုက်လေသည်။ ဒါတောင် ကိုပွေလီက သုံးနှစ်ချုပ်ပါ လုပ်နေသေးသည်။

မြကြိုင်သည် မတင်လှိုင်ကို သနားနေသေး၏။ သို့ရာတွင် ''တော်တဲ့လူတက် မတော်တဲ့လူ ထွက်ပေါ့''ဟုတွေးလျက်ရှိသည်။ ဘာပဲ ဖြစ်ဖြစ် မတင်လှိုင်၏နေရာတွင် မိမိဝင်ကြည့်သည့်အခါမှ မိမိသာဆိုလျှင် အင်မတန် မခံမရပ်နိုင်ဖြစ်မှာဟု တွေးမိလေသည်။ မတင်လှိုင်ကို ဆုံမိလျှင် ချိုသာပျော့ပြောင်းသော အမူအရာကို ပြမိသည်။

မတင်လှိုင်ကတော့ သိပ်ပြီးဟန်မပျက်လှ၊ အမူအရာ ဆောင်နိုင်သေး၏။ ''ကျွန်မတို့က ဝမ်းသာပါတယ်၊ သူများကောင်းစားတာ မနာလို မဖြစ်တတ်ပါဘူး''ဟု ပါးစပ်က ပြောနိုင်သေး၏။ သို့သော် နှုတ်ခမ်းမှာ မချိပြုံးမျှသာ ရှိသည်။ ပြီးတော့ မတင်လှိုင်သည် သူ့ကိုယ်သူ ဖြစ်ကတတ် ဆန်းပစ်၍ ထားသည်ဟုလည်း ထင်ရသည်။ စင်စစ် မတင်လှိုင်သည်

www.burmeseclassic.com



တိတ်တဆိတ်မက ပျက်၍နေသည်ဟု သိရသည်။

မတင်လှိုင်က ''ကျွန်မတို့က ဟောင်းပြီ–အိုပြီလေ. . .'' ဟု ပြက်ရယ်စကား ပြောသေးသည်။''လူတွေက အသစ်လေးတွေမှ စုံမက်တာရှင့်''ဟု ခနဲ့သေးသည်။

မြကြိုင်ကမူ သည်းခံပြီးသာနေ၏။ သို့ပေမယ့် ''အိုတိုင်းဘယ်ဟုတ်မလဲ မတင်လှိုင်ရယ်၊ ရှင်က ရှင့်ကိုယ်ရှင် အပေါ်စားထဲ ချလိုက်တာကိုး''ဟု စိတ်တွင်းက ပြောနေမိလေသည်။

မတင်လှိုင် ကွယ်သွားလျှင်မူသူမသည် ဒေါ်သအနည်းငယ်ဖြစ်ကာ ''အောင်မယ် သူက အသစ်ကလေး အဟောင်းကလေးနဲ့ ဒီစကားတွေက အတန်းထဲမှာသုံးတဲ့ စကား။ သိရဲ့လား။ သူ့အဲဒီက တက်လာဟန်တူတယ်'' ဟု တစ်ယောက်တည်း ပြောပစ်လိုက်မိလေသည်။

သွေးအနည်းငယ်အေးသွားလျှင်တော့ သူမသည် မတင်လှိုင်လို မိန်းမစားနှင့် ဖက်ပြိုင်ပြီးဖြစ်စရာ မလိုဟု ထင်သည်။ မတင်လှိုင်မှာ မကြာခင် ချုံးချုံးကျမည့်သူဖြစ်သည်။ ယခုဆိုလျှင် က,တာ၊ ဆိုတာထက် ခေါ်လျှင်ရတာကို လူတွေက အသုံးချနေသေးခြင်းပင်၊ သည့်နောက် အနည်းငယ် အိုသွားလျှင် လူတွေက စွန့်လွှတ်လိုက်လိမ့်မည်။

မတင်လှုင်ဟာ အက,အဆိုကို ကြိုးစားမယ်ဆိုရင် သည့်လောက် မညံ့ပါဘူး၊ ကျော်နိုင်ပါတယ်။ ပြီးတော့ အမေ့တပည့်ရင်း မဟုတ်လား၊ ခက်တာက အလွယ်လမ်းကို လိုက်ချင်သည်၊ က,ရဆိုရပြီး ကျော်စောခြင်းကို ရှာသည်မှာ ပင်ပန်းသည်။ ပြီးတော့ မရေရာ။

ပြီးတော့ မတင်လှိုင်ဟာ ငွေတယ်မက်တယ်နဲ့တူတယ်ဟု မြကြိုင် တွေး၏။ ငွေကလေးမြှောက်ပြလိုက်လျှင် ကောက်ကောက်ပါအောင် လိုက်

www.burmeseclassic.com



တော့တာပဲ ထင်ရဲ့၊ မတင်လှိုင်မှာ တရုတ်သူဌေးတစ်ယောက်၏ မယား အငယ်လည်းဖြစ်ကာ လူမိုက်ခားဖိုးမြနှင့်လည်း ညားနေသည်၊ ကိုပွေလီ နှင့်လည်း မကြောက်မရွက် နေသေးသည်။ ဟိုတစ်လောက ခားဖိုးမြနဲ့ ကိုပွေလီတောင် တစ်ယောက်နဲ့တစ်ယောက် အလစ်ချောင်းနေကြတယ်လို့ ကြားရတယ်။

မတင်လှိုင်မှာ တစ်ပြည်သူ အမည်တပ်ထားသဖြင့် အငြိမ့်ခုံပေါ် စကားပြောလျှင် ခပ်ဝဲဝဲပြောကာ ရှမ်းမကလေးဟု သူ့ဘာသာ ကျေညာ တတ်သည်။ မတင်လှိုင်၏အမေဖက်က ရှမ်းအနည်းငယ်နွယ်သည်ဟု တော့ ကြားဖူး၏။ သို့သော တစ်ပြည်သူသည် ရှမ်းပြည်နယ် ဘယ်မှာရှိတယ်ဆိုတာ သိချင်မှတောင် သိမည်။ ရှမ်းက,တော့ အလွန်ကောင်း၏။ မြကြိုင်ပင် မသိမသာ နည်းယူမိသေးသည်။

"ငါဟာ မတင်လှိုင်နဲ့ အတူက,ပေမဲ့ သိပ်ရောလို့တော့ မကောင်း ဘူး၊ ငါပါ နာမည်ပျက်သွားဦးမယ်"ဟု သူမတွေးလျက် ရှိ၏။

သူမသည် စာချုပ်ချုပ်လိုက်ခြင်းအားဖြင့် အငြိမ့်ခုံပေါ် စွဲမြဲသောခြေ တစ်လှမ်း တက်လိုက်ခြင်းမှာ... လောကတွင်းသို့ ခြေတစ်လှမ်းနင်းလိုက် ခြင်းပင် ဖြစ်သည်ဟု သတိရမိ၏။ အငြိမ့်ခုံဟာ... လောကဇာတ်ခုံပဲ၊ ဘာထူးသေးလဲ လောက၏ တန်ပြန်ရိုပ်များ အငြိမ့်ခုံပေါ်လာဟပ်သည်ကို မိမိတို့က တကယ့်သဏ္ဍာန်ယူရခြင်းပင်။

မြကြိုင်သည် မိမိ၌ အမေမရှိသည့်အဖြစ်ကို သတိရမိလေသည်။ ဖအေရှိပါသော်လည်း သူမက စိတ်ထဲထည့်မတွက်၊ မိတ်ဆွေကောင်း တော့ နှစ်ယောက်ရှိသည်ဟု ယူဆ၏။ ဘဘနှင့် ကိုနန္ဒ။

ဘာပဲဖြစ်ဖြစ် သူမသည် မကြောက်၊ တစ်ယောက်တည်းပဲ

www.burmeseclassic.com



ဖြစ်ပစေဦးတော့ မကြောက်၊ ကြီးမြင့်ရေးအတွက် စွန့်စားမည်။ လိမ့်လဲလျှင် လိမ့်လဲသွားပါစေ၊ စင်စစ် သူမ၏အင်အားကို ယုံကြည်၏။ မလိမ့်လဲနိုင်ဟု သေချာ၏။

ယခုအချိန်မှာတော့ ကိုပွေလီသည် အနောက်ပိုင်းမှ ကျဉ်းမြောင်းသော သူ၏လမ်းကလေးတွင် ရေနံချေးသုတ်နှစ်ထပ်အိမ်အပေါ်ထပ်မှ နေပြီး ဆိုင်းဘုတ်သစ် ချိတ်နေပေမည်။

မြကြိုင်ကမူ စိတ်တွင်းမှ ထ,လာပြီး ဆိုင်းဘုတ်အသစ် ထပ်ချိတ်၏။ ''မြစပယ်ကြိုင်'' ငါတစ်ယောက်တည်းရဲ့ နာမည်သာ လူတွေဟာ ခေါ်ကြရမယ်။ မြကြိုင်သည် အနည်းငယ် စိတ်ရှုပ်သွားကာ ခေါင်းကို ခါပြီး မကြာပါဘူးဟု သူမဘာသာ ပြော၏။ မကြာပါဘူး... မကြာပါဘူး။

စာချုပ်ပြီး၍ မကြာခင်မှာ ကိုနန္ဒနှင့်ဆုံလျှင် သူ့သဘောကို မေးမိသည်။ သူမ လုပ်သမျှတို့ကို ကိုနန္ဒက ဘယ်လိုသဘောရမလဲ ဆိုတာသည် အမြဲတမ်း ပြဿနာများပင်၊ ကိုနန္ဒ၏ သဘောရပုံမှာ သူမ အဖို့ အရေးကြီးသည်ကိုတော့ မငြင်းဆန်နိုင်ပေ။ ယခုတလော မြကြိုင်၌ မငြင်းဆန်နိုင်တာတွေ တစ်ဖြည်းဖြည်းများပြီး လာလေပြီ။

ကိုနန္ဒက အစကတော့ ''ကောင်းသားပဲ''ဟု ဆိုသည်။

စကားပြောနေကြရင်းနှင့် နောက်တော့ ''မမြကြိုင်က အက, သန်တယ်နော်၊ အဆို မသန်ဘူး''ဟု မေးသည်။

''ဟုတ်တယ် ဒါပေမဲ့ ဆိုလဲဆိုချင်ပါတယ်''ဟု သူမက ဖြေသည်။

''အဆို ကျင့်ပါလားဗျ၊ လေဘာတီ မြရင်တို့ဆိုအခု မက,တော့ဘူး၊ ဆိုတာနဲ့လဲ ထင်ရှားနိုင်တာပဲ၊ လေဘာတီဆိုပုံက ညက်တယ်လို့

www.burmeseclassic.com



ခေါ်ချင်တယ်၊ မမြကြိုင်ကကော ဘယ်လိုဆိုမလဲ''

ကိုနန္ဒသည် ပြုံးလျက်ရှိလေသည်။ သူပြုံးလျှင် မြကြိုင်သည် စိတ်တစ်မျိုးကြောင်တတ်သည်။ သူသည် ကြာရှည်စွာပြုံးတတ်သည်။ မြကြိုင်က သူနှင့်ပြိုင်ပြီး မပြုံးနိုင်ချေ။

''ဟင်. . . ဘယ်လို ဆိုမလဲ''

''အို... ကျွန်မဘယ်လို ဆိုရမလဲ မသိပါဘူး၊ ကတဲ့အခါဆိုသလို ဆိုရင် မရဘူးလား''ဟု မြကြိုင်က စိတ်ရှုပ်တစ်ဝက်နှင့်ဖြေလျှင်. . .

''ကျွန်တော် အရင်တစ်လောက ပြောသလို မဆိုနိုင်ဘူးလား''

''ကျင့်ရင် ရပါလိမ့်မယ်''ဟု မြကြိုင်က ဖြေမိသည်။

ကိုနန္ဒက မမြင်သာသောအရပ်သို့ ငေးမျှော်သလို ရီဝေသော မျက်လုံးများဖြင့် ငေးမောပြီး ''ကျွန်တော် စန္ဒယားတီးချင်တယ်ဗျာ... မမြကြိုင်အသံနဲ့ လိုက်မယ်''ဟု ဖြေးဖြေးပြောသည်။

''ကိုနန္ဒ စန္ဒယားလဲတီးနိုင်တယ်နော်''

''ကျွန်တော် စန္ဒယားက စ,တီးတာပဲ၊ ငယ်ငယ်ထဲက''

''အို. . .''ဟု မြကြိုင် အံ့သြလိုက်မိ၏။ သူမသည် ကိုနန္ဒ၏ ငယ်ကအကြောင်းများကို သိချင်နေလေသည်။ သူငယ်ငယ်တုန်းက အကြောင်းဆိုတာ သူ့အချစ်ရေးများလဲ ပါတယ်လို့ဆိုလိုတာ အမှန်ပါပဲ။

သူတို့သည် တိတ်ဆိတ်၍ နေကြလေသည်။ နှစ်ယောက်လုံး၏ စိတ်တွင်းမှ တစ်မျိုးတည်းသော မေးခွန်းတို့လည်း ကွဲရှ၍ နေချင်နေမည်။

မြကြိုင်သည် စွန့်စားပြီး ကိုနန္ဒမျက်နှာကို သေသေချာချာ ကြည့်လေ၏။ သူ့မျက်နှာမှာ စိတ်မချမ်းမြေ့သော သဏ္ဍာန်တွေ့ရသည်။ သူမသည် တတ်နိုင်သလောက် နှစ်သိမ့်ပေးချင်သည်။ သူ၏ အချိုး

www.burmeseclassic.com



ကျသော ခေါင်းကို သပ်ယပ်ပေးချင်သည်။ သူမ၏စိတ်ကို ရိပ်ဖမ်းမိပြန်သည့်အခါ သူမပါစိတ်ကို ချမ်းမြေ့ခြင်းမရှိတော့ပေ။ သို့ရာတွင် မိမိကိုယ်တိုင်၏ စိတ်မချမ်းမြေ့ခြင်းကို ဂရုမစိုက်လိုတော့ချေ။

"ကိုနန္ဒ ဘယ်အရပ်က လာသလဲဟင်" ဟု ယုယစွာမေးမိသည်။

ကိုနန္ဒက မကြား၍ဘဲလား၊ လျှို့ဝှက်ချင်၍ပဲလား မသိ၊ ဘာမှမဖြေချေ။ မြကြိုင်သည် သူမဖြေချင်လျှင် ဘာမှ ထပ်မမေးတော့ဟု ဆုံးဖြတ်သည်။ ပြီးတော့ သူ့ရဲ့အတိတ်ကို သူမ ဂရုမစိုက်၊ ဒါဖြင့် သူ့ရဲ့ ပစ္စုပ္ပန် စစ်ဆေးလိုသလား ဆိုပြန်လည်း မစစ်ဆေးလိုတော့။

ကိုနန္ဒက သူ့ဘာသာပြောနေသလို. . .

"မြစ်ကြီးနားက လာခဲ့တယ်၊ ချင်းတောင်တွေပေါ်မှာ မွေးတယ်၊ ကျွန်တော့်အကြောင်းတွေ ပြောပြလို့ မမြကြိုင် ရယ်ရမှာ မဟုတ်ပါဘူး၊ ကျွန်တော့်မှာ စိတ်ဆင်းရဲစရာ နောက်ကြောင်းတွေ ရှိတယ်ဆိုပါတော့"

မြကြိုင်နှုတ်ခမ်း တပြင်ပြင်နှင့် အကြာကြီးပြင်ပြီးမှ စွန့်စားပြီး မေးပြန်သည်မှာ. . .

"အ. . .အချစ်ရေးလား. . . ဟင်"

"ဟုတ်တယ်. . . ကျွန်တော် ဒါတွေကို မေ့ပစ်ချင်တယ်"

"အို . . . နောက် ကျွန်မသတိမပေးပါဘူး"ဟု မြကြိုင်က အာမခံလျှင် ကိုနန္ဒက မြကြိုင်နားကပ်ကာ "ကျွန်တော်မေ့ပစ်ချင်တာတွေ မေ့ပစ်နိုင်အောင် မမြကြိုင် ကူမယ် မဟုတ်လား"ဟု မေးသည်။

မြကြိုင်ကတော့ သူဘာဆိုလိုတယ်ဆိုတာ မသဲကွဲလှသော်လည်း တံတွေးမျိုပြီး ခေါင်းအထပ်ထပ် ညိတ်မိသည်။ ပြီးတော့. . . ပြီးတော့ သူမကို ပွေ့ဖက်လိုက်လိမ့်မည်ဟု ထင်လေသည်။

www.burmeseclassic.com



သို့ရာတွင် ကိုနန္ဒသည် သီချင်းဆိုသည့်အကြောင်းကို တည်ကြည်စွာပင် ပြောပြနေပြန်သည်။ မြကြိုင်ကတော့ သက်ပြင်းချကာ ရှိသည်။

နောက်နေ့များတွင် မြကြိုင်သည် သီချင်းဆိုနိုင်ဖို့ရာ ကြိုးစားလျက်ရှိသည်။ သူမသည် အက,မှာ ကိုယ့်ကိုယ်ကို စိတ်ချသလောက် အဆိုအားမရလှချေ။ သို့သော်လည်း အပင်ပန်းခံလျှင် ရ,ရမည်ဟု စိတ်ထဲမှာရှိသည်။ ခြောက်ပေါက်နှင့်ဆိုလျှင် ကောင်းစွာနိုင်သည်။ ခုနှစ်သံချီရမည်ဆိုလျှင်တော့ အတော်ကြိုးစားရသည်။ အသံကို ဘယ်လိုလှည့်ရမည်ဆိုတာကို နားလည်သော်လည်း အသံသည် ဆွဲတိုင်းမပါချင်လှ။

ရောင်စုံ သကြားချောင်းကို စေးကပ်နေစဥ် ဆွဲလိုက်လျှင်တဖြည်းဖြည်း ရှည်လာသည်။ ပြီးတော့ မျှင်မျှင်သွားသည်။ ဘယ်လောက်မျှင်သွားသွား နွဲ့ပြောင်းလှသည်။ တစ်နေရာမှာ သိပ်ရှူးသွားပြီး ပြတ်လုတည်းကာကျန်မည်။ ပြတ်လျှင်လည်း ပြတ်မည်ဆိုလျှင်တော့ အားလုံးပျက်စီးသွားမည်။ ဤသို့ မြကြိုင်က ဥပမာပြချင်သည်။သူမ၏အသံသည် မပြတ်တော့ မပြတ်သွား၊ အဖျားရှူးသွားပြီး ပြတ်လုတည်းကာတော့ ဖြစ်တတ်သည်။ ဒါကို နည်းနည်းမှ မကျေနပ်၊ သူမ လှည့်လိုက်သော အသံသည်လှပသော သကြားမျှင်သာလျှင် ဖြစ်ရမည်။

"တောဟောဝန်လယ် . . . တိမ်နှင့်တောင်စွယ် . . . ဝေယံဦး" ဟု ဆိုလိုက်လျှင် "တိမ်နှင့်တောင်စွယ် . . ."ဟု မြှင့်တက်ရာမှာ နဂိုသံကနေပြီး ဘယ်ဘက်ကိုမှ တိမ်းမသွားမှ မြကြိုင်က ကျေနပ်မည်။ ထို့ကြောင့် လည်ချောင်းနာသည့်တိုင်အောင် လေ့ကျင့်ရမည်။

"တိမ်နှင့်တောင်စွယ် . . . ဝေယံဦး"

× × ×

ရည်မွန်ဦးစာပေ

www.burmeseclassic.com



၇

ဘဝ၏ စောစီးစွာသော ကာလများမှာ ကိုနန္ဒနှင့် လာတွေ့နေရခြင်းမှာ စင်စစ်တော့ မြကြိုင်၏မာနကျိုးဖို့ရာ ဖန်တီးလာခြင်း ဖြစ်တော့သည်။ မြကြိုင်ကမူ မာနကျိုးရခြင်းကိုပင် ဂုဏ်ယူနေမိသည်။ အချစ်အတွက် ပြုလုပ်ခြင်းမှန်သမျှ ဘာမဆို သင့်လျော်သည်ဟု ယူဆစွဲမြဲလျက်ရှိပြီ၊ အချစ်က မိုက်လိုက်စမ်းပါဟု ဆိုလျှင်... ညည့်သန်းခေါင်ထက် မိုက်လိုက်မည်၊ ပြီးတော့ နောင်တလည်း ရမည်မဟုတ်၊ အချစ်အတွက် မိုက်မဲရခြင်းများမှာ ဖြူဖြောင့်သော နှလုံးသားရှိသူများ၊ ကိုယ်ကျိုးမကြည့်သူများသာ တတ်နိုင်သော အလုပ်ဟုလည်း သူမကိုယ်ကို ဂုဏ်ပြုချင်သည်။

ဘယ်တုန်းကမှ မမျှော်လင့်သော နှိမ့်ချခြင်းဖြင့် သူမသည် ကိုနန္ဒကို နှိမ်ချလျက်ရှိလေသည်။ ''စေသည့်ကျွန် ထွန်သည့်နွား''ပမာပဲ ထားမည်ဆိုလည်း သူမက ငြူစူမည် မဟုတ်၊ အချစ်ဦးမို့ ရှုးတာလေ

www.burmeseclassic.com



လားတော့ မြကြိုင် မပြောတတ်။ အနီးချစ်ဆိုတာသည် အရက်ပမာပဲ ဟုသာ ဆိုလျှင် တော်တော်ပြင်းသည့်အရက်ဟု ထပ်ဖြည့်ချင်၏။

သူမ၏ ဂုဏ်သရေရော၊ ဣန္ဒြေရော၊ စာရိတ္တကိုပါ ကိုနန္ဒလက်ထဲသို့ ထည့်လိုက်ပြီး၊ ဒါတွေအတွက် ကိုနန္ဒစဉ်းစားပါစေဟုလည်း သဘောမထား၊ မြကြိုင်သည် မိမိကိုယ်ကို တစ်ဖြတ်ပြောင်းလဲလျက်ရှိသည် ဟုသာ ရိပ်စားမိတော့ရာသည်။

မြကြိုင်သည် ကိုနန္ဒကို အဘက်ဘက်ကလှည့်ပြီးလည်း ကျေးဇူးတင်မိသည်။ ကိုနန္ဒမျိုးရိုးကောင်းခြင်းကြောင့်တစ်ချက်၊ထို့ပြင် မြကြိုင်ကို စိတ်ချမ်းသာစေခြင်း၊ မြကြိုင်ကို ချစ်ခြင်း၊ ကိုနန္ဒလိုလူက ခုအရွယ်အထိ အေးဆေးကင်းရှင်းစွာ နေခဲ့ရာမှ မြကြိုင်ကျမှ သူ့သမာဓိတွေကို ပစ်ချခဲ့သည်မှာ စင်စစ်မာနကြီးစရာပင် ကောင်းသေးသည်ဟု ထင်ပြန်သည်။ သူမှာ မြကြိုင်ကိုများ စောင့်လေသလားဟု တထစ်တိုးချင်သေး၏။ သို့သော်လည်း ဘယ်သူက ကလေးဘဝကစပြီး မရိုးသားခဲ့ရသည်များကို ပိုပြီးသိသည့်စိတ်က တစ်ထပ် မတိုးစေပေ။

မြကြိုင်သည် ရှက်ကြောက်တယ်ဆိုတာတွေကိုပယ်ပြီး သူမ၏ ရင်တွင်းရှိသမျှကို ကမ်းကုန်အောင် ပြောပြခဲ့မိပြီ။

"လကို ကြာမျှော်သလိုပဲပေါ့ အစ်ကိုရယ်"ဟု သူမ တင်စားမိလေသည်။

"မြကြိုင် အိပ်မက်တစ်ခုပြောပြမယ်"ဟု သူမပြောပြခဲ့မိလေသည်။

ထိုအပ်မက်မှာ မြကြိုင်၏ လိုရာဆွဲမက်သော အိပ်မက်တစ်ခု ဖြစ်လေသည်။ အိပ်မက်တွင်း၌ ကိုနန္ဒသည် ဒေါသထွက်နေဟန်ပင် "ကျုပ်ရေးလိုက်တဲ့စာတွေ ဘယ်သူဖြတ်ယူ ထားသလဲ"ဟု အော်ပြော

www.burmeseclassic.com



နေ၏။ သူ့စာတွေကို ဘယ်သူက ဆိုလဲ ဖြတ်ယူထားသည်ဆိုလား . . . ဘာလား သိပ်မသေချာချေ။ သူ့စာဆိုသည်မှာလည်း မေတ္တာစာများ ထင်ရဲ့၊ အိပ်မက်ဆိုသည်မှာ သည့်လိုပင်၊ မရေမရာရှိသည်။ မြကြိုင်က သူ့ကို မြင်နေရသော်လည်း သူတို့နှစ်ယောက်သည် မျက်နှာချင်း မဆုံကြ။

ကိုနန္ဒက စကားတွေပြောနေပြန်၏။ အဆုံးသတ်စကားမှာမူ "ကျုပ်ချစ်တယ် ချစ်တယ်"ဒါပဲဖြစ်သည်။ ဒါကိုကြားလျှင် မြကြိုင်က အောင့်အည်းမရနိုင်ဘဲ အသံထွက်အောင် ရှိုက်နေမိလေသည်။ ရှိုက်သံများမှာ တစ်ချက်ထက် တစ်ချက်ပြင်းထန်လာပြီး နောက်ဆုံးတစ်ချက်၌ တကယ်အသံထွက်ကာ လန့်၍နိုးခဲ့သည်။

ထိုနေ့ တစ်နေ့လုံး ဩဘာသောင်းဆီ မသွားတော့ဘဲ မြို့ထဲသို့ ရောက်တတ်ရာရာလျှောက်ခဲ့သည်ကိုတော့ သူမပြောမပြတော့ချေ။ သူမ၏ အင်အားကုန်ခမ်းသွားသလိုလို ဖြစ်မိသည်။ သူမသည် ကိုနန္ဒ၏ မျက်နှာကိုလည်း မမြင်ရအောင် လွှဲနေခဲ့သည်။

"သူသိသွားမှာပဲ"ဟု ပူပင်နေမိသည်။ တစ်ခုမှာ သူမကို ပထမ အကြိမ် ကိုနန္ဒက စိုးပိုင်မိသည့်အခါ ဖြစ်သည်။ ထိုအခြင်းအရာမှာ အံ့ဩဖွယ် အလွန်မြန်ဆန်စွာ ဖြစ်ပေါ်လာခြင်းပင်၊ မြကြိုင်ကတော့ မေ့နိုင်ဖွယ်မရှိသည့်အပြင် အထပ်ထပ်ပင် အသေးစိတ်မှတ်မိသည်။

များပြားလှစွာသော သူနှင့်အတူ လမ်းလျှောက်ပြန်ခဲ့သည့် ညများ တွင်းက တစ်ညမှာပင် . . .။

သူက ဘာမပြော ဘာမဆိုနှင့် မြကြိုင်၏ ပုခုံးကို ဆွဲလှည့်လိုက်ပြီး ပါးကလေးကို နမ်းလိုက်သည်။ သည့်လိုတော့ သူက ကြမ်းလည်းကြမ်းပြီး မြဲလည်းမြဲသည်။ မြကြိုင်က ရုတ်တရက် လန့်သွားသော်လည်း ငြိမ်နေပြီး

www.burmeseclassic.com



နှစ်ဆင့်သုံးဆင့် ရှိုက်လျက်ရှိသည်။ သူမပြင်လောက်ဘူး ထင်သည့်အခါ လက်ဖမိုးများဖြင့် မျက်လုံးကို ပွတ်ကာ မျက်ရည်များ သုတ်လျက်ရှိခဲ့လေသည်။

သည်တစ်ခုကိုတော့ မြကြိုင်သည် မရည်ရွယ်မိသော်လည်း လျှို့ဝှက်ခဲ့မိလေ၏။ ယခုတော့ အိပ်မက်နှင့်ဆက်စပ်ပြီး သူသိသွားတော့မှာဘဲ၊ ကိုင်း သိပါစေလေဟု လျှော့ချလိုက်လေသည်။ ကိုနန္ဒနှင့် ပတ်သက်လာလျှင် အမြဲတမ်း လျှော့လိုက်ရသည်ချည်းဘဲ မဟုတ်လား၊ လျှော့တာကလွဲ၍ ဘာတတ်နိုင်ဦးမှာလဲ။

ထိုညအဖို့ မြကြိုင်၏စိတ်များ ထွေပြားစရာဖြစ်ရသည်။ မြကြိုင်မှာ အမြဲပင် ကိုနန္ဒနှင့်ယှဉ်ပြီး မိမိ၏ မျိုးရိုးအတွက် နိမ့်ကျသည်ဟုထင်သော မလိုစိတ်က ရှိလေရာ ကိုနန္ဒ၏ ပိုင်နိုင်သောအပြုအမူမှာ လေးစားခြင်းကိုများ ဖေါ်ပြလေသလားဟု သူမစိတ်မကောင်း။

နောက်နေ့များမှာတော့လည်း သူမသည် မိမိ၏မာနကို နှစ်သိမ့်စရာရယ်ဟူ၍ ဘာမှ မလုပ်သည့်ပြင် စဉ်းစားစရာ ဦးနှောက်မရှိတော့သည့်ပမာ ကိုနန္ဒ၏အလိုကျ နေလျက်ရှိသည်။

သူမ,မျှော်လင့်သည်မှာမူ ကိုနန္ဒကို လုပ်ကျွေးပြုစုဖို့ရာသာဖြစ်တော့သည်။ သူတို့နှစ်ယောက်အဖို့ သတ်မှတ်ထားချက်မှာ တစ်ယောက်ကိုတစ်ယောက် မသွေတမ်း ချစ်ဖို့သာဖြစ်သည်ဟု စိတ်အချကြီးချလျက် ရှိသည်။ လွဲသွားခဲ့သော် ဆိုသော အတွေးများမှာ မတွေးစကောင်းဟု ထင်သည်။ မိမိက သည်လောက်တွယ်တာနေမှတော့ ကွဲဖို့ရာမှာ မဖြစ်နိုင်ဟု သေချာလျက်ရှိလေသည်။

သည်တော့ သူမသည် ဘာကိုမှလည်း မပူပန်၊ ဘယ်သူ့ကို

www.burmeseclassic.com



ဖြစ်ဖြစ် ကိုနန္ဒအတွက် အတိုက်အခံလုပ်ဖို့ ဝန်မလေး၊ မေးငေါ့သံ၊ အတင်းပြောသံ တို့ကိုလည်း ဖက်ပြိုင်၍မှ မတုံ့ပြန်၊ ဘာဘ,က ဆုံးမတာကိုလည်း နားမထောင်ချင်သဖြင့် ဘာဘကိုရှောင်သည်။ ဖခင်ဖြစ်သူ ကိုတော့ မျက်နှာထားကြီးနှင့်သာ နေလိုက်သဖြင့် ဘာသံမှ ထွက်မလာ။ မြကြိုင်သည် ကိုယ့်စိတ်ကူးနှင့်ကိုယ် တစ်ယောက်တည်းကြဲကာ ထင်ရာစိုင်းလျက်ရှိသည်။

"အစ်ကိုရေ့. . ."ဟု မြကြိုင်က ချွဲမိတတ်လေ၏။ စင်စစ်တော့ မြကြိုင်က ချွဲရသူပင်၊ ကိုနန္ဒမှာ အေးစက်စက် မှုန်တေတေပင်၊ သို့သော် မြကြိုင်က ဘာမှ ကပ်သပ်မနေအား။

"မြကြိုင်တစ်ခါမှ ရည်းစားမထားဖူးဘူးလား"

ဟုမေးသည့်အခါမျိုးမှာတော့ သူမသည် မနာလိုသံကလေးကို အရရှာဖွေနားထောင်ကာ မြူးထူးမိသည်။

"ဟင့်အင်း. . ."ဟု တိုတိုဖြေလျှင် သူကမကျေနပ်။

"အချစ်ကိစ္စဆိုတာ မိန်းကလေးနဲ့ယောကျ်ားကလေး ကြုံရပုံချင်း တူတာမဟုတ်ဘူး အစ်ကိုရဲ့ ယောကျ်ားကလေးက စရတဲ့သူဆိုတော့ သူ့ချစ်ရေးကိစ္စကို သူပိုင်တာပဲ၊ မိန်းကလေးကတော့ သူများတာကို ခံရတာမို့ စိတ်မပါဘဲနဲ့လဲ ကြုံရင်ကြုံရတယ်"ဟု သူမရှင်းလင်းပြောပြီး ကိုယ်အဖြစ်ကို ကိုယ်ပြန်တွေးမိကာ မျက်နှာပျက်လျက်ရှိသည်။

"မြကြိုင်တွေ့ခဲ့ဖူးတယ်ပေါ့"

"ဒီလိုတော့ သူကပုလိပ်ကလေးအစ်ကိုရဲ့ မြကြိုင်နဲ့ရွယ်တူပဲ၊ သဘောတော့ ကောင်းပါရဲ့၊ မြကြိုင်ကတော့ သူ့ကိုအထင်မကြီးပါဘူး ခင်တာတစ်ခုပါပဲ"

www.burmeseclassic.com



မြကြိုင်သည် စကားစကိုရပ်ပြီး ကိုနန္ဒမျက်နှာကို အကဲခတ်ကြည့်မိသည်။ သူ့မျက်နှာက အဓိပ္ပါယ်မှာ ဖမ်းရခက်သည်။

''ကျောင်းမှာကထဲက သူနဲ့ခင်တာကို မြကြိုင်ကသူ့ကို နဲနဲမှ မချစ်ပါဘူး. . . တကယ်ပါ၊ အဲဒီတုန်းက တစ်ခါတလေများ စိတ်က ယိုင်တော့မယ်ဆိုရင် တစ်ယောက်သောသူက မြကြိုင်ကို စောင့်နေတယ်၊ မြကြိုင်ချစ်ရမဲ့လူဟာ ရှိတယ်လို့ သတိရတယ်။ သူက သိပ်ဖွဲကောင်းတော့ အားနာသလိုလို ဖြစ်တာပါ၊ မြကြိုင်က ချစ်လို့ကိုမရပါဘူး''

''ဒါပဲလား''

''ဟုတ်ကဲ့ ဒါပဲ''

မြကြိုင်သည် အနည်းငယ်မျက်နှာပျက်မိသည်။ သူမသည် ပြောရကောင်းမလားဟု စဉ်းစားနေမိသေးသည်။ သို့သော် မပြောဝံ့ချေ၊ ကိုနန္ဒစိတ်ပျက်သွားမှာ သူမလန့်သည်။

မြကြိုင်သည် အဲသည်တုန်းက အချစ်တရားဆိုတာ ဘာလဲဟု သူမဘာသာ မေးမြန်းလျက်ရှိလေသည်။ နားလည်သမျှနှင့်ယူဆချက်တူလို့ ပေါင်းစပ်ပြီး ပုလိပ်ကလေးကို အချစ်တရားဟောလျက်ရှိသည်။ သူတို့မှာ ခင်မင်ကြသူများလည်းဖြစ်ပြီး မြကြိုင်က သူ့ကိုနိုင်ချင်သလို နိုင်သဖြင့် ဆရာလုပ်၍ အရသာတွေ့နေခြင်းပင်။

တစ်နေ့မှာတော့ ပုလိပ်ကလေးမှာ သူမ၏လက်မောင်းကို ဖြတ်ကနဲ လှမ်းဆွဲလိုက်သည်။ ယခုတောင် ဒေါသဖြစ်သေးသည်။ သူမကို စော်ကားတာပဲဟု တထစ်ချ ယူဆသည်။ ဘာမှ စောဒကတက်ခွင့်မပေး သူမက တစ်ခါတည်း နှင်ပစ်လိုက်သည်။ နောက်တွေ့သည့်အခါများမှာ ဟန်လုပ်ပြီးသာ စကားပြောလျက်ရှိသည်။ ခင်မင်စိတ်ကို မထားတော့၊

www.burmeseclassic.com



''ကိုယ် သိပ်ကံဆိုးတယ်''ဟု ညည်းလာတာတောင် မသနားဖြစ်အောင် နေသည်။

သည်လိုနှင့် ခပ်တန်းတန်းနေရာက တစ်နေ့တော့ ပုလိပ်ကလေးက မခံနိုင်ဟန်နှင့် မေးသည်မှာ...

''မမြကြိုင်နဲ့ ကိုနန္ဒဘာလိုလိုဆို...''

''အဲဒါကို ယုံသလား''ဟု မြကြိုင်က မခန့်လေးစား မေးမိသည်။

''ကိုယ်ကတော့ မယုံပါဘူး ဘာကြောင့်လဲဆိုတော့ ကိုယ့်အတွက်ကို မျှော်လင့်နေသေးတာကိုး''ဟု သူ့ဘာသာပြုံးပြီးပြောသည်။

မြကြိုင်က ခုထိမျှော်လင့်သေးသည်ကို အံ့အားသင့်သည်။ ပြီးတော့ ကိုနန္ဒနှင့်သူမမှာ တစ်နေ့ထက်တစ်နေ့ ရင်းနှီးလျက်ရှိသည်ကို ဝမ်းသာနေစိတ်က သူမအား ကြွားဝါစေသည်မှာ...

''ကိုယ်နဲ့ ကိုနန္ဒနဲ့ စေ့စပ်ပြီးသားဆရာရေ''

ပုလိပ်ကလေးနဲ့ နောက်ထပ် မတွေ့ရတော့ပေ။

ဒါပဲဖြစ်သည်။ ဒါပဲကိုပင် ကိုနန္ဒအား သူမပြောမပြဝံ့၊ သူမသည် ကိုနန္ဒအတွက် သည့်ထက်ပိုပြီး မဖြူစင်နိုင်ခဲ့သည်ကိုသာ အားမရချေ။

''အစ်ကိုရယ်...ဒါတွေဟာ အလကားပါ၊ အစ်ကိုမိန်းမရဖူးတာလဲ မြကြိုင်မစဉ်းစားပါဘူး'' ပြီးတော့ မြကြိုင်လဲ ဘာမှ မဖြစ်ခဲ့ပါဘူး''ဟု တောင်းပန်သလို ပြောခဲ့မိလေသည်။

မြကြိုင်သည် သည်မျှအမေးကိုပင် ကြေအောင်လုပ်ဖို့ရာ စဉ်းစားနေသည်။ အစွမ်းကုန်အလိုလိုက်တော့မည်။ ဘာကိုမှ မငဲ့တော့၊ သူမထံမှ လိုချင်သမျှကို ကိုနန္ဒအမေးမစောင့် ပေးမည်ဟု ထပ်ပြီးဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com



ကိုနန္ဒအဖို့ နဂိုက မှုန်တေတေအေးစက်စက်ပင် ဖြစ်သော်လည်း ယခုလို အစွမ်းကုန် လိုက်လျောမည့်သူနှင့်တွေ့တော့ ဖြတ်လတ်ခဲ့ဖို့ မခဲယဉ်း၊ ရလာသည့် အခွင့်အရေးကို ရှောင်ဖယ်ရအောင် သူသည် လောကီကိုပယ်သည့် လူလည်းမဟုတ်၊ မြကြိုင် အမိုက်ကလေးကလည်း အချစ်အားကိုး အင်မတန်မှ ရဲတင်းလျက်ရှိနေလေသည်။

မြကြိုင်သည် ချစ်သူနှစ်ယောက် အတည်တကျ အတူတကွ နေထိုင်ကြဖို့မှာတော့ မပူဆာချေ။ ကိုနန္ဒက ဒါနှင့်ပတ်သက်၍ ဘာမှ မပြောသည်ကိုပင် သူမသည် ပူပန်ဖို့ဝေး၍ ဝမ်းပင်သာလိုက်ချေ သေးသည်။ သူမတွင် ချစ်သူကိုပင် ဖွင့်မပြောလိုသော အကြောင်းအရာ တစ်ခုမှာ အိမ်ထောင်မပြုလိုခြင်းပင်။

ငယ်ရွယ်စဉ်ကတည်းက သူမ၌ ရွေးချယ်ဖို့ လမ်းနှစ်လမ်းရှိသည် ဟု သိလေသည်။ သူမသည် အိမ်ရှင်မ လုပ်လျှင်လုပ်၊ မလုပ်လျှင် အောင်မြင်သော အသက်မွေးဝမ်းကျောင်းကိုရှာ၊ သူမကတော့ ရည်ရွယ် ချက် မြင့်မားသူဖြစ်လေသည်။ အိမ်ထောင်ရေးသည် သူမလိုက်လိုသော လမ်းနှင့် သိပ်ပြီးမအပ်စပ်သည်ကို စဉ်းစားမိခဲ့သည်။ တစ်ပြိုင်နက်တည်း နှစ်ခုလုပ်လျှင် နှစ်ဘက်စလုံးမှာ လစ်ဟင်းမည်ဟု ထင်သည်။

အထူးသဖြင့် မအောင်မြင်သေးသမျှ ကာလပတ်လုံး သူမသည် ဘာကိုမှ စိတ်တွင်အဝင်မခံနိုင်ဟု တွေးခဲ့သည်။

မငြင်းဆန်နိုင်သည့် လူကိုတွေ့ရခြင်းတွက် သူမ နောင်တမရ သော်လည်း သူမ၏ လျာထားချက်များသည် ယိုင်နဲ့၍လာပြီဟု တွေဝေ မိသေး၏။ တွေဝေဆဲမှာပင် နှစ်ရှည်လများက မသိမသာ အခြေခံခဲ့ပြီး ယခုအခါ ခိုင်မြဲနေသော အချစ်က အနိုင်ယူလိုက်သည်။ အို–သူ့ကို

www.burmeseclassic.com



ဘာကြောင့် သည်လောက် ချစ်ရပါလိမ့်။

အချိန်များစွာ မယူသော်လည်း ကိုနန္ဒထုလုပ်သော ရုပ်တုကလေးမှာ အင်မတန်ပီပြင်သည်။ ယခု မြကြိုင်သည် က, တာကို သိပ်ဂရုမစိုက်တော့ဘဲ . . . ဆိုချည်း ဆိုကာနေလေသည်။

သို့ရာတွင် ရုပ်တုကလေးမှာ ယမနေသားမို့လားမဆိုနိုင် တစ်ခါတစ်ခါ ဆောက်သွားချော်တတ်လေသည်။

ကိုနန္ဒသည် မြကြိုင်ကို က,ပင် မက,စေချင်တော့သလို ပြောတတ်သည်။ ဆိုရုံနဲ့လဲ ကျော်ကြားနိုင်တာပဲ သူကလဲ သူ့လက်သုံးစကားနှင့် သူပင်။

မြကြိုင်ကတော့ သက်ပြင်းချရသည်။ လောကမှာ အလုပ်ချင်ဆုံးသော သူမ၏ဆန္ဒတစ်ခုမှာ က,ဘို့ပင် ဖြစ်သည်။ ချစ်သူနှင့် သဘောကွဲလွဲဖို့ဖြစ်လာသည်ကို စိတ်ပျက်သော်လည်း သည်တစ်ခုကိုတော့ မလျှော့နိုင်ဟု တွက်မိလေ၏။ သူမ၏ အရာရာမှာ လျှော့ပေးချက်များသည် သည်တစ်ခုကိုတော့ ထေနိုင်ကောင်းပါရဲ့။

ပိုပြီးဆိုးလာသည်မှာ သူမက အားကိုးကြီးတစ်ခုနှင့် ဝိုင်းနေသော အန္တရာယ်များအကြောင်း တိုင်မိသည့်အခါ၌ပင်။

သူမ အစဉ်သဖြင့် မဆက်ဆံချင်ဘဲနှင့် ဆက်ဆံခဲ့ရသော ကိုပွေလီ၏ အန္တရာယ်မှာ အကြီးဆုံးပင်၊ သူ့မှာ ဘယ်မိန်းမကိုမှ စင်ကြယ်သောနှလုံးထား၍ မရလေရော့သလားဟု မေးချင်သည်။ မြကြိုင်ရှိရှာခဲ့သော သူ့လက်များသည် မြကြိုင်၏ကိုယ်ကိုပဲ ပွေ့တော့မလို ဖက်တော့မလို လုပ်ခဲ့သည်များကို အို–ခံပြင်းသည်။ ခံပြင်းသည်။ သည့်ပြင် လူဆိုလျှင် တော်ဦးမည်၊ သူ့ကိုတော့ သတ်ပစ်ချင်သည်။

www.burmeseclassic.com



ကိုနန္ဒက ကိုပွေလီကို သည်လောက် စိတ်မဆိုးဘဲ မြကြိုင်ကို စိတ်ဆိုးလျှင် မြကြိုင်မှာ မျက်နှာငယ်ကလေးနှင့် ဖြစ်ရလေသည်။

''ဒါဟာ အငြိမ့်ကချင်တဲ့ မိန်းကလေးတွေ တွေ့ရမဲ့ကိစ္စပဲ မဆန်းပါဘူး''ဟု သူကပြောသည်။ ''ပွေလီက မစလျှင် တစ်ဦးဦးက စမည်၊ ကလပ်ပိုင်ရှင်တွေ အငြိမ့်ရော အငြိမ့်သမရော ငှားချင်သူတွေ တရုတ်သူဌေးတွေ၊ အနောက်ပိုင်း လူမိုက်ဗိုလ်တွေ၊ နောက် အများကြီး တွေ့ဖို့ပြင်ထား''ဟု သူက ဆိုသည်။ ဒါကြောင့် မကချင်နဲ့ဟု သူပြော သည်။ အညစ်အကြေးထဲမှာ မပျော်ချင်ဘူးဆိုလျှင်တော့ သူ့စကားကို နားထောင်ဖို့ ကောင်းသည်။

မြကြိုင်သည် သူမ အမွန်အမြတ်ထားသော သူမ,စုံမက်သော အငြိမ့်စင်ကို အညစ်အကြေးဟု ပြောသော်ဒေါသဖြစ်ချင်သည်။ သို့သော် ချစ်ခဲ့ရသူမို့ ဘာမှပြန်မပြောသာ။ သို့သော်လည်း ခေါင်းမာစွာနှင့် ရှေ့ဆက်ပြီး ပြောမိသည်မှာ ကိုပွေလီက ကြိမ်းသောစကားများ အကြောင်းပင်ဖြစ်လေ၏။

''ဘာ သူ့အကြွေး ဟုတ်လား''ဟု ကိုနန္ဒက အလန့်တကြား မေးလေသည်။

''နွေကုန်ခါနီးက ယူထားတာပါ အစ်ကိုရယ်... စာချုပ်ချုပ်တုန်းက ယူတဲ့ငွေက အဖေအိမ်ပြင်ချင်တယ်ဆိုလို့ ပေးလိုက်တာ ကုန်ပြီ၊ ပြီးတော့ တစ်မိုးတွင်းလုံး ထိုင်စားနေရတာ၊ မမသြဘာသောင်းကိုလဲ ကန်တော့ ရသေးတယ်။ အဖေ့အကြွေးတွေလဲ ဆပ်ရသေးတယ်''

''ကဲ . . .တော်ပါတော့အမိ – အခု ကိုပွေလီကို ပေးစရာ ဘယ်လောက် ရှိသလဲ''ဟု ကိုနန္ဒက ညည်းညည်းညူညူ ပြောသည်။

www.burmeseclassic.com



"အား...အားလုံး သုံးရာကျော်ထဲပါ – ဒီတစ်နွေကလိုက်ရင် ပြန်ဆပ်နိုင်မှာပါ"ဟု မတွက်တချက်နှင့်ပြောလျှင် – ထိုအခါ ကိုနန္ဒက "ဩော် ကအုံးမှာလား..."ဟု ဖြေးညှင်းစွာ မေးလေသည်။

မြကြိုင်သည် မျက်ရည်များ လည်လာလေ၏။

"အစ်ကိုပြောမယ်နော်... အစ်ကိုလေ သဘင်သည်တွေကို စိတ်ပျက်တာတစ်ခုက အကျင့်စာရိတ္တမကောင်းကြတာကိုဘဲ၊ ဦးဘိုးစိန်ကြီးလို စောင့်စောင့်ထိန်းထိန်းရှိတဲ့သူလဲ ရှိမပေါ့... ဒါပေမဲ့ အစ်ကိုကိုယ်တိုင်က ဖြူစင်သူမို့လားတော့မသိဘူး အစ်ကိုယူမဲ့မိန်းမဟာ ဖြူဖြူစင်စင်ဖြစ်စေချင်တယ်၊ မြကြိုင်ကို တင်လှိုင်လို ဖြစ်မသွားစေချင်ဘူး မြကြိုင် ဒီစာချုပ်နှစ်စေ့ရင် မကပါနဲ့တော့ အစ်ကို လုပ်ကျွေးနိုင်ပါတယ်၊ မြကြိုင်အေးအေးမနေနိုင်ဘူး နာမည်ထွက်ချင်တယ်ဆိုရင်လဲ အဆိုနဲ့ကျော်ပါ။ အစ်ကိုက တီးပေးပါ့မယ်... ကဲ မဟုတ်ဘူးလား"

ကိုနန္ဒသည် တစ်ခါမှ သည်လောက်ပျော့ပြောင်းစွာ သူမကို မပြောဘူးဟု ထင်လေသည်။

မြကြိုင်သည် သူ့စကားများကို လုံးစေ့ပတ်စေ့ ထပ်မတွေးချေ။ သူမသည် ယိုင်သွားမှာ ကြောက်လေသည်။ ဘာမှမပြောဘဲသာ ငေးမိသည်။

မြကြိုင်က ဘာမှမပြောဘဲနေလျှင် ကိုနန္ဒသည် သက်ပြင်းမှုတ်ထုတ်၏။

"မြကြိုင်ဟာ ဘာဘဲဖြစ်သွားဖြစ်သွား က,တော့မယ်ပေါ့ ဟုတ်လား၊ အစ်ကို့စကား နားမထောင်ဘူးပေါ့... အစ်ကို့ကို စွန့်ရမယ်ဆိုရင်လဲ စွန့်မယ်ပေါ့"

www.burmeseclassic.com



"ဒီလိုမပြောပါနဲ့အစ်ကိုရယ် . . ."ဟု မြကြိုင်သည် ငိုရှိုက်မိလေသည်။ မြကြိုင်ကျော်ကြားရုံအတွက် ကချင်တာမဟုတ်ဘူး ဆိုတာ မြကြိုင်ဘာသာလဲ ခုမှသိတယ်၊ အငြိမ့်ခုံပေါ်တက်ဖို့ရာ မြကြိုင် မွေးကတည်းက ရည်မှန်းခဲ့တဲ့အလုပ်ပါ"

ကိုနန္ဒက စိတ်မချမ်းသာသည့်သဖွယ် ဘာမှမပြောတော့ဘဲ နေသည်။ မြကြိုင်ကမူ စိတ်ညစ်ညူးနေလေသည်။ သူမခေါင်းတွင်းမှာ ဝေမှိုင်းလျက်ရှိသည်။ သူမ မမျှော်လင့်သောအဖြစ်သည် ဖြစ်ပေါ်လာလေပြီ။

"မြကြိုင်နဲ့အစ်ကိုနဲ့ မတူဘူး၊ မြကြိုင်က ကျော်ကြားမှုအတွက် ဘာမဆို လုပ်မဲ့သူပဲ"ဟု ကိုနန္ဒကလျောင်သည်။

မြကြိုင်သည် သူနှင့်မတူဘူးဆိုသော စကားကို ပို၍နာလေသည်။ သူ့ကိုယ်သူ မျိုးရိုးကောင်းလို့ စာရိတ္တကောင်းတယ်လို့ ဆိုလိုတာပဲဟု ယူဆသည်။ မြကြိုင်သည် ပထမအကြိမ် ပေါက်ကွဲလေသည်။

"အို... ဒီလိုပြောဖို့ မသင့်ပါဘူး မြကြိုင်လဲ သဘင်မျိုးရိုးပေမဲ့ စာရိတ္တစောင့်ထိန်းတတ်ပါသေးတယ်၊ တကယ်တန်းဖေါက်ပြန်နေတဲ့ ကုန်သည်သား၊ သူဌေးသား၊ မင်းစိုးရာဇာသားတွေ မြကြိုင်ပြရမလား စင်စစ်တော့ သူတို့က မြကြိုင်တို့လိုလူတွေကို ဖျက်ဆီးနေကြတာပဲ မဟုတ်လား၊ မြကြိုင်စောင့်ထိန်းလွန်းလို့ပေါ့ ဟင်း... မစောင့်ထိန်းယင် တင်လှိုင်ဖြစ်သွားတာ ကြာပြီ"

"အစ်ကို ဒီလိုမဆိုလိုပါဘူး . . . ဆိုလိုရာ ရောက်သွားရင်လဲ တောင်းပန်ပါတယ်"ဟု ကိုနန္ဒကပြောလေသည်။ မြကြိုင်က သူ့အသံမှာ သူစိမ်းသံပါသည်ဟု ထင်လေသည်။ သူမသည် မာနကို ထိသွားပြီ ဖြစ်၍

www.burmeseclassic.com



ဘာကိုမှ ဂရုမစိုက် ဖြစ်ချင်ရာဖြစ်ဟူသော စိတ်ပေါက်လျက်ရှိရာ ''ဒီလိုဆို ကျေးဇူးတင်ပါတယ်''ဟု ပြောလိုက်လေသည်။ သူသာ စကားလှ သုံးတတ်တာမဟုတ်။

သူတို့သည် ငြိမ်ပြီးနေကြသည်။ မြကြိုင်က အနည်းငယ် သတိရ နေသည်။ သူသည် ကိုနန္ဒကို ပြန်ချော့ချင်စိတ် ပေါက်လာစပြုသည်။

ကိုနန္ဒက အေးဆေးစွာ ''ကိုပွေလီကို မကောင်းမှန်းသိလျက်နဲ့ ဆက်ဆံတာ ဆက်ဆံသူရဲ့အပြစ်ပေါ့၊ သူ့ဆီက အပေါင်မပါဘဲ ငွေချေး တာ ဘာသဘောလဲ၊ နောက်အလားအလာကို မသိဘူးလား ငွေလိုတာ အစ်ကိုကိုဘာဖြစ်လို့ မပြောသလဲ''ဟု ပြောနေလေသည်။

မြကြိုင်ကမူ မကြားသလိုသာ နေတော့သည်။ သူမသည် ငွေကြပ် ခဲ့သည်။ ဖခင်ဖြစ်သူကိုလည်း ကျွေးတို့ကျွေးလှည့်မှို့ သူမအတော်ပင် ပြုစုခဲ့လေသည်။ ပြီးတော့ မိမိသုံးစွဲပုံမှာ အကွက်မစေ့လှသည်ကို သတိရ မိ၏။ ကိုနန္ဒပြောသလိုပင် သူမသည် နောက်အလားအလာကိုမသိဘဲ ကိုပွေလီဆီက ငွေချေးမိလျက်သားရှိသည်။ ကိုပွေလီကို သည်လောက် ဆိုးရွားလိမ့်မည်ဟုလည်း မထင်ရင်းရှိသည်။

ငွေလိုတာ ဘာကြောင့်မပြောသလဲတဲ့. . . ဒါကိုတော့ မြကြိုင် မဖြေရှင်းချင်ပေ။ သူမမှာ စိတ်ကူးတစ်မျိုးရှိလေသည်။ သူမသည် ချစ်သူ ထံမှ ဘာမှမတောင်းခံလိုပေ၊ နဂိုက မျှော်ကိုးခဲ့ရာ ရောက်မည်ဟု ထင်သည်။ သူမကသာ အနာခံချင်သည်။ ဒါကိုပြောလိုက်လျှင် ကိုနန္ဒက မာနဟု ပြောချေဦးတော့မည်။

သို့သော် မိမိက ဒါကိုပြောမပြလိုက်သည့်အတွက် ကိုနန္ဒအား သံသယများ ပွားစေသည်ဆိုတာကိုတော့ မြကြိုင်မသိ၊ ကိုနန္ဒစိတ်တွင်းမှ

www.burmeseclassic.com



မိမိနှင့် ကိုပွေလီ ဆက်စပ်ကြည့်နေသည်ကိုလည်းကောင်း၊ မသေခင်က ဖေါက်ပြန်ခဲ့သော မိခင်၏အမှုများကို သတိရနေသည်ကိုလည်းကောင်း မြကြိုင်ဘာမှ မမှန်းဆတတ်၊ စင်စစ်တော့လည်း တစ်ဦး၏အတွင်းစိတ်ကို တစ်ဦးသိနိုင်အောင်သာ လူ့ခပ်သိမ်းတို့အား ဘယ်လူမျိုး၏ ဘုရားဖြစ်ဖြစ် တစ်ဆူသောဘုရားက ဖန်တီးခဲ့မည်ဆိုလျှင် ဒီကမ္ဘာကြီး၏ အရှုပ်အထွေးများမှာ အနည်းနှင့်အများတော့ ပြေလည်စရာအကြောင်း ရှိပေဦးမည်။

မြကြိုင်သည် ကိုနန္ဒ၏ကွယ်ရာ၌မူ စိတ်ပျက်လက်ပျက်နှင့် ငိုချလိုက်မိလေတော့သည်။ ကံမကောင်းသော နေ့များစလာပြီလားဟု ပူပင်မိလေသည်။ ကိုနန္ဒကို စိတ်မချမ်းသာအောင် လုပ်မိသည်ကိုလည်း ယူကျုံးမရဖြစ်သည်။ ဒါတောင် သူမသည် စကားချန်လိုက်သေးသည်။ အန္တရာယ်များသည် ကိုနန္ဒထင်တာထက် ပိုပြီးနီးကပ်နေသေးသည်ကိုများ သိလျှင် ဘယ်လိုများ ဖြစ်မည်မသိ။

ကိုပွေလီက တရားစွဲမည်ဟု ခြိမ်းခြောက်လျက်ရှိသည်။ တရားစွဲလျှင် သူမ၏ နာမည်သည် တစ်ခါတည်းပျက်စီးသွားမည်။ မြကြိုင် ဒါကိုကြောက်မှန်းသိ၍ ကိုပွေလီက ဒါနှင့်ကိုင်ခြင်းမှာ သေချာ၏။ သည်လိုသာဆိုလျှင် မြကြိုင်သည် ကိုနန္ဒခင်သည့်လမ်းကိုနင်းဖို့ ကျန်တော့လေသည်။ သူမသည် တစ်သက်လုံး မျှော်လင့်လာခဲ့ရသော အကနှင့်နာမည်ယူဖို့ကို စွန့်ရတော့မည်ဟု တွေးမိသော် လုံးလုံးမဖြစ်နိုင်သလိုပင်၊ ဒါမှမဟုတ်လျှင်လည်း သူမသည်အစွန့်စားကြီး စွန့်စားပြီး၊ ကမြဲတိုင်း ကဖို့ရှိတော့သည်။

သူမစိတ်တွင်းမှာ မကဘဲ မနေနိုင်သည်ကိုသိလျက် ရှိလေသည်။

www.burmeseclassic.com



ပြီးတော့ ကိုနန္ဒကို အနည်းငယ် မျက်မိသည်မှာ သူက ကူညီရမည့် အလှည့်မှာ စည်းကမ်းချက်တွေထားနေခြင်းအတွက် ဖြစ်၏။ မကာဘူး ဆိုလျှင် သူက မြကြိုင်ဖြစ်လိုရာဖြစ်ပစေဟု သဘောထားနိုင်လား ဆိုတာကို မမေးလိုက်မိသည်က နောင်တရသည်။

မြကြိုင်သည် စိတ်ပင်ပန်းလျက်ရှိသည်။ သို့သော် မနားမနေပင် ဖြစ်နိုင်သည့်နည်းလမ်းကို ရှာဖွေလျက်ရှိလေသည်။ မိမိလည်း ကနိုင် အောင် ကိုပွေလီရန်ကလည်းလွတ်အောင်၊ ကိုပွေလီသည် တရားတော့ လည်း တစ်ကယ်စွဲမည်ဟုထင်သည်။ စင်စစ်မြကြိုင်ကို ကိုနန္ဒနှင့်ဘယ်အထိ ခရီးရောက်သည်ဆိုတာကို မသိ၍ကြံခြင်းသာ ဖြစ်ပေမည်။ မိမိနှင့်ကိုနန္ဒ မြန်မြန်ယူလိုက်ကြလျှင် ကိုပွေလီလည်း နောက်ဆုတ်သွားမည်၊ ပြီးတော့ မိမိကလာမည့် ငွေအတွက် စာချုပ်ချုပ်လိုက်မည်၊ ဤသို့ သူမ နည်းလမ်း ကြံဆ၍ရလေသည်။

ကိုပွေလီအတွက်တော့ သူမအာမခံရဲပြီ ထင်သည်။ သူက မြကြိုင် ကို အပြစ်မစွန်းသေးသောသူများ ထင်နေသေးသည်။ ''မောင်နန္ဒက မခုတ်တတ်တဲ့ကြောင်ပဲ''ဟု သရော်ခဲ့သေးသည်မဟုတ်လား… သို့သော် လည်း ကိုနန္ဒ – ကိုနန္ဒ သူမသည် ကိုနန္ဒက ''အတူနေကြပါစို့ကွယ်''ဟု တစ်ခါမှမပြောဘူးသည်ကို သတိရမိလေသည်။ သူက အကြိုက်ပြောတတ် သည့် လူစားတော့မဟုတ်။ သို့ပေမဲ့ သူမကိုများ လေးလေးစားစား သဘောထားရဲ့လားဆိုတာတော့ သူမ မသေချာ – အချစ်စိတ်က ခိုင်းစေခြင်းကြောင့် အစွမ်းကုန်လိုက်လျှောမှုများမှာ စင်စစ် အထင်သေး စရာသာ ကျန်တော့မည်ဆိုလျှင်ဖြင့် မြကြိုင်မှာ မိမိ၏အချစ် အတွက် အသည်းနာဖို့သာ ရှိတော့မည်။

www.burmeseclassic.com



သို့ပေမဲ့ သူလုပ်ကျွေးပါမည်လို့တော့ ပြောသားပဲ၊ ပြီးတော့ အတူနေလျှင် ဘယ်လိုနေမည် ဆိုတာမျိုးကိုလည်း သူစီစဉ်လေ့ရှိသည်။ မြကြိုင်သည် ကိုနန္ဒအပေါ် အနည်းငယ်စိတ်ပြေ၍သွားသည်။

မြကြိုင်သည် တဖြေးဖြေးနှင့် ပျော့လာပြီး အချစ်အတွက် အားလုံးကို စွန့်လိုက်ပါတော့မည်ဟုပင် စိတ်နှလုံးချလိုက်မိတော့မလို ဖြစ်ပြန်သည်။ သည်လိုဆိုလျှင် စိတ်မချမ်းသာစရာများသည် ဤတွင်အဆုံးသတ်သွားမည်ဖြစ်၏။ ပြီးတော့ ကျော်ကြားမှုဆိုတာကို သိပ်ပြီးမစုံမက်ချင်တော့၊ သို့သော်လည်း သူမသည် ကဖို့ရာ စွန့်လိုက်ရတော့မည်ဆိုလျှင် သီချင်းလည်း မဆိုတော့။ ကိုယ့်ဇာတ်ကို မြှုပ်ပစ်လိုက်တော့မည်ဟု တွေးလေသည်။ သူမသည် ကြေကွဲလျက်ရှိလေသည်။ မျက်ရည်များသည် လျှံ၍လာလေသည်။

ကိုနန္ဒကတော့ သိပ်ကျေနပ်မည်ထင်သည်။ တစ်နည်းအားဖြင့် မိမိ၏အချစ်ကိုလည်း အဖိုးထားလိုက်ခြင်း ဖြစ်မည်။ ရှက်ဖို့လည်း မရှိပါ။ ကိုနန္ဒကို သိပ်ပြီးချစ်သည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကစပြီး သူ၏ ဂီတကို စွဲခဲ့ရသည်များကို သတိရလေသည်။ အဲဒီကတည်းက ချစ်ခဲ့ရသည် ထင်ပါရဲ့ . . . သူမသည် ငယ်ငယ်ကလေးကတည်းက နားအလည်လွန်သူ ဖြစ်ကာ တစ်ကယ့်အပျိုများစတိုင်ဖမ်းကာ ကိုနန္ဒကို စေ့စေ့မကြည့်ဝံ့ဘဲ ရှိခဲ့သည်များကို တွေးမိလေသည်။

သူမသည် အင်မတန်မှ ကြောက်ရွံ့သော ကလေးမွေးဖွားသည့် အမှုကိုလည်း ပြုပါတော့မည်။ အစတုန်းကဆိုလျှင်တော့ သူမသည် တစ်သက်လုံး က,မည်ကြံသူဖြစ်၍ အလှကို ထိန်းသိမ်းလိုသည်။ ကလေးမလိုချင်ပေ။ ပြီးတော့ ကလေးကို ကျွေးမွေးရ ထိန်းသိမ်းရနှင့် အလုပ်မှာ

www.burmeseclassic.com



ထိခိုက်မှာ စိုးသည်။

ယခုတော့ ကိုနန္ဒ၏ ကလေးများကိုလည်း မွေးပေးရဦးမည်၊ ကလေးတွေထဲက မည်သူမျှ ကမည်သူပါမှာ မဟုတ်တော့ – သူတို့ ဖအေက ကြိုက်မှာမဟုတ်၊ မိမိကတော့ မာန်လျှော့ပစ်လိုက်ပြီဖြစ်၍ ဘာမှဝင်ပြီးစွက်ဖက်တော့မည်မဟုတ်၊ ကလေးတွေကိုလည်း သဘော အတိုင်း မွေးမြူပါစေ၊ ပျိုးထောင်ပါစေ။

အကမျိုးရိုးတော့ ပြတ်လေပြီ၊ ကျော်ကြားခဲ့သော မစိန်အောင်၏ မျိုးရိုး၊ ပြီးတော့ ရှုံးနိမ့်ခဲ့သူ ဖခင် . . .

မြကြိုင်သည် ''ဘုရားရေ ငါဘာတွေ တွေးနေပါလိမ့်''ဟု အော်ကာ ခုန်၍ထသည်။ ကြမ်းပြင်သည် ဒုံးကနဲမြည်သည်။ ခြေတစ်ဘက်ပင် အဆစ်ကနာသွားသည်။ ဂရုမစိုက်အား၊ အေးနေသော ပါးပြင်ကိုစမ်း၏။ မျက်ရည်များကို စိတ်ဆိုး၊ မာန်ဆိုးနှင့် သုတ်ပစ်သည်။

မြကြိုင်သည် ခြောက်ခြားသောအိပ်မက်မှ နိုးလေပြီ။

× × ×

www.burmeseclassic.com

## ၈

ဆောင်းပေါက်လာပြန်တော့ မြကြိုင်ကို အငြိမ့်ခုံပေါ်မှာ တွေ့ရသည်။

ကိုပွေလီ၏အငြိမ့်အဖွဲ့မှာ ကိုနန္ဒတစ်ယောက် လျှော့၍နေသည် ကလွဲပြီး ဘာမှမထူးခြားချေ။ ပတ္တလားတီးမည့်သူလည်း လူစားရှာ၍ ရသည်။ တစ်ခါတစ်ရံ တခြားလူပြက်ကိုထည့်ပြီး ကိုပန်နကစ်ကိုယ်တိုင် ပတ္တလားတီးတတ်သည်။

မြကြိုင်သည် ဒီနှစ်က,ရသည်မှာ မူးစရာကောင်းသည်ဟု ဆိုချင်၏။ သူမသည် ရုပ်သေးရုပ်ကလေးလို ခြေမှာရော ခါးမှာရော မျက်လုံး၊ မျက်ခုံး၊ လျှာပါမကျန် ကြိုးများသိုင်းထားခြင်းခံရပြီး ထိုကြိုးများ စုံပေါင်းသွားရာ တုတ်ချောင်းများကနေ၍ ရုပ်သေးဆရာအလိုရှိသည့် အနေအထား အတိုင်းနေကာ အပတ်ပေါင်းများစွာလှည့်၍ နေရသလို ခံစားရလေသည်။ ဆိုင်းမချသေးသရွေ့ သူမဆက်ပြီး လှည့်ပတ်နေရမည်။

**ရည်မွန်ဦးစာပေ**

www.burmeseclassic.com



ရုပ်သေးဆရာကတော့ ထူးဆန်းစွာ ပေါင်းစပ်ထားသော ကြမ္မာဆိုးနှင့် အောင်မြင် ကျော်စောလိုသော က,ချင်စိတ်တို့ပင် ဖြစ်သည်။

သည်နှစ် ပြက္ခဒိန်အရွက်တိုင်းသည် မြကြိုင်ကို စမ်းသောနေ့များ ဖြစ်သည်ဟု စွပ်စွဲချင်သည်။

ကိုနန္ဒသည် ဘယ်တုန်းကမှ မပြန်ခဲ့သော သူ့ဇာတိရပ်ရွာကို မြကြိုင်လက်ထဲရောက်မှ ပြန်လေပြီ။ မြကြိုင်ကတော့ ဤသို့ စိတ်နာသည်။ ကိုနန္ဒပြန်တော့မည်ဟု သိရကတည်းက မြကြိုင်သည် ကိုနန္ဒကို မတွေ့တော့ချေ။ သူမသည် အက,အဆိုကျင့်သည်ကို တစ်လ လောက်ဖြတ်လိုက်ခြင်းဖြင့် လူချင်းမတွေ့ရအောင် စီမံလိုက်သည်။

ကိုနန္ဒကလည်းသူမကို နှုတ်ဆက်မသွားတော့ချေ။

သူမအဖို့ သည်လိုလုပ်ရခြင်းမှာ အင်မတန်မှ ခဲယဉ်းသည်။ ခဲယဉ်း ပေမဲ့လည်း သူမကြိုးစားပြီး လုပ်သည်။ နေ့စဉ် ညစဉ်တွေ့ကာ အတူ မနေရုံတစ်မယယ်သာရှိသော လူတစ်ယောက်နှင့် လုံးလုံးမမြင်မတွေ့ အောင် နေရသည်မှာ စိတ်ကိုတင်းနိုင်လွန်း၍သာ ဖြစ်လေသည်။ ပြီးတော့ မြကြိုင်သည် မာနအချကြီးချခဲ့သည်နှင့်ညီစွာ မာနအကြီးကြီး ကြီးလျက် ရှိပြန်သည်။

စိတ်တင်းယင်း တင်းယင်းနှင့် နောက်ဆုံးတော့ ပုံကျလာပြီး ချက်ခြင်းပြေးသွားတောင်းပန်းဖို့လည်း မကြာခဏဖြစ်ခဲ့ရသည်။

"ငါမရှုံးပါဘူး – သူကရှုံးတာပါ၊ ငါ့လောက် သူ့ကိုချစ်မဲ့သူ ဘယ်မှာရှာလို့ရနိုင်မှာလဲ"ဟု သူမသည် အံကြိတ်လျက်လည်း တွေးတတ် သည်။

ကိုနန္ဒကို မုန်း၍တော့ ... မရနိုင်ဟု သူမသိသည်။ စိတ်နာစရာ

www.burmeseclassic.com



တွေတောင်မှ တစ်ခါတစ်ခါ မေ့နေတတ်သေးသည်။

မြကြိုင်သည် ကိုနန္ဒကို မေ့ပျောက်ပစ်ဖို့တော့ အတတ်နိုင်ဆုံး ကြိုးစားလေသည်။ နူးညံ့လှသော အချစ်ဟူသည့်လက်နှင့်ပွေ့ပိုက်ခြင်း မခံချင်၍ သူမသည် အလုပ်ဟူသောခြေကြမ်းကြီး၏ အနင်းခံဖို့ ကိုနန္ဒ နှင့် ခွဲခဲ့ရခြင်း မဟုတ်လား။

သို့သော်လည်း ရုတ်တရက်တော့ မပျောက်ပျက်နိုင်ပေ၊ ရက်များ ကို မြန်မြန်ကုန်ချင်စေလှသည်။ သူ့အနားမှာ ရစ်ဝဲလျက် ရှိသလို ခံစားရလေသည်။ တစ်ခါတစ်ရံ စိတ်ကူးရင်းနှင့် ''နော်–အစ်ကို'' ဟုပင် ပြောမိသည်။ သူမသည် ကိုနန္ဒ အတွေးများနှင့် နေလျှင်နွေးသည်။

ဒါဟာ နောက်ဆုံးပဲ၊ ကိုနန္ဒကို သေလူလို့သာ မှတ်ရတော့မှာပဲ ဟူသောအတွေးများ ဝင်လာလျှင်မူ သူမ၏ဘဝသည် ချက်ခြင်းပင် ငြိုးငွေ့သည်ထက်ငြိုးငွေ့စရာ ခြောက်ကပ်ပူလောင်လာသည်ဟု ထင်သည်။

သူမသည် စိတ်တွင် ပူလောင်ကာနှင့်ပင် ကမြဲက၍ ဆိုမြဲဆိုသည်။ တစ်ခုမှာ ကိုနန္ဒကို သူမသည် မိမိဘာယ်မျှ ဆိုနိုင်ကြောင်းကို မပြလိုက်ရ သေးဟု တွေးမိသည်။သူမသည် အလွန်တရာမှ အမောခံပြီး ဆိုလေ သည်။ ကခြင်းမှာတော့ သူမအဖို့မှာ ခက်ခဲလှသော အလုပ် မဟုတ်ချေ။

ကိုနန္ဒ ပြန်သွားပြီးကတည်းက သူမ၏ညများကို အိပ်မက်တို့က ကြီးစိုးနေသည်။ အိပ်မက်များတွင် ကိုနန္ဒပါမြဲပင်၊ ကိုနန္ဒမျက်နှာမှာ သူမကို ခွင့်မလွှတ်သော သဏ္ဌာန်နှင့် သူ၏မျက်နှာထားမှာ ကြီးလှသည်။

သူမသည် ယောင်ခြောက်ခြောက်ကြီးဖြစ်လျက် နေလေသည်။ ယခင်က သူမ၏ဘဝမှာ ဘဘ၊ အဖေ၊ ဩဘာသောင်း စသည်တို့ရှိလျှင် ပြည့်စုံပြီဟု ထင်ရသော်လည်း ယခုမူ ကိုနန္ဒတစ်ယောက်တည်းသာ

www.burmeseclassic.com



ရှိလျှင် ပြည့်စုံနိုင်ပါရဲ့ဟု တွေးသည်။

မြကြိုင်သည် စိတ်လေလွင့်သဖြင့် တစ်ယောက်တည်းပင် မနေရဲ သလောက် ဖြစ်လေသည်။ ခပ်သိမ်းသော လူတို့သည် မိမိကို အကဲခတ်နေသည်ဟု ထင်မြင်ကာ သူမ၊ တင်းနိုင်သလောက် တင်းပါ၏။ အငြိမ့်အဖွဲ့သားများကတော့ သူမ၏အတင်းကို ပြောနေကြမှာ သေချာသည်။ သို့သော် သူမ ဂရုမစိုက်ချေ။ သူမသည် ကိုပွေလီကိုလည်း ကြည့်၍ မရတော့ချေ။ သို့သော်လည်း သူ့အကြွေးများအတွက် စာချုပ်ထပ်ချုပ်ရသည်။ ကိုနန္ဒ ပြန်သွားကတည်းက သူမကို အကြပ်မကိုင်ပြန်ချေ။ မြကြိုင်သည် တစ်ခါတစ်ခါတော့လည်း စိတ်ညစ်လွန်း၍ နှစ်လိုက်တော့မည်ဟုပင် ကြံမိသည်။ သို့သော် သည်လိုလုပ်ခြင်းအားဖြင့် ဘာမှ အဓိပ္ပါယ်မရှိသည်ကို မြင်သည်။ သူမသည် စိတ်တွေသာ လေပြန်သည်။ သည်တော့ စိတ်သက်သာရာရအောင် စကားဖျင်း ပြောတတ်သော မတင်လှိုင်နှင့် အတော်ပင် ရော၍နေမိလေသည်။

မတင်လှိုင်သည် စိတ်အလိုကို လိုက်ချင်တိုင်း လိုက်နေသော မိန်းမဖြစ်လေသည်။ သူမ၏ဘဝကို မြကြိုင်က မေးသောမျက်လုံးများနှင့် စူးစမ်းကြည့်လျှင် ပျော်ရွှင်ခြင်းမရှိဘူးဆိုတာ တွေ့ရပြန်သည်။ မပျော်ရွှင်ဘဲ ဘာကြောင့် ဒီလိုလုပ်နေသလဲ၊ အချိန်တွေကုန်လှသည်ဟု မြကြိုင် ထင်သည်။

မတင်လှိုင်ပြောတတ်သော စကားများမှာ ''ကျွန်မက သိပ်တော်တာရှင့်၊ ကျွန်မက သိပ်ရမ်းချင်တာရှင်၊ ကျွန်မက ထင်တိုင်းကြဲလိုက်ချင်တာရှင့်''မြကြိုင်သည် ကြားကာစ,က နားခါးလေသည်။ အလကား မိန်းမစားပဲဟု အထပ်ထပ်ပင်ပြောမိသည်။ သို့သော် စိတ်များသည် အဆီး

www.burmeseclassic.com



အတားမရှိလေသည့်အခါတွင်မူ မြကြိုင်ပါ တေလိုက်၊ ရမ်းလိုက်၊ ထင်တိုင်း ကြဲလိုက်ချင်လေသည်။

ပတ်ဝန်းကျင်ကလည်း တေချင်၊ ရမ်းချင်၊ ထင်တိုင်းကြဲချင် စရာပင်၊ မြကြိုင်သည် မိမိ၏ဘဝကို ပင့်ကူမျှင်ကလေးသဏ္ဍာန်ပင် တူတော့သည်ဟု ဆိုချင်၏။ လှပပါရဲ့၊ သို့သော် ရွှေနန်းကြိုး မဟုတ်ခဲ့ လေမှာ တိမ်းယိမ်းနေသည်။ ငြင်သာလှသော အထိအတွေ့နှင့်ပင် ပြတ်နိုင်သည်။ ပတ်ဝန်းကျင်မှာ ကြမ်းတမ်းလှသည်။ ကိုပွေလီက အမြဲပင် အငိုက်ဖမ်းချင်သည်။ သူ့အနမ်းကို မသတီစွာ တစ်ခါခံလိုက်ရသည်။ ကိုနန္ဒမရှိဘဲ မိမိတစ်ယောက်တည်းအင်အားနှင့် သည်အတိုင်း နေနိုင် ပါ့မလားဟု သူမ ငေးမောတွေဝေမိလေသည်။

မြကြိုင်သည် သူမ၏ မပြေပြစ်သော အချစ်ကိစ္စကို မတင်လှိုင်အား ပြောပြနေမိတတ်လေသည်။ သူမသည်တစ်ခါတစ်ခါ အငြိမ့်စင်ပေါ်မှာ ရွှေကြော်ငြာ ထုတ်လိုက်ချင်သည်။ သည်လိုဆိုလျှင် ရင်ပေါ့သွားလိမ့် မည်ဟု တင်စားသည်။

သူမက သက်ပြင်းများ ချမိလျှင် မတင်လှိုင်က ''စိတ်ညစ်သလား'' ဟု မေးတတ်သည်။ သူမကတော့ မချိတရိနှင့် ခပ်ရွဲ့ရွဲ့ပြုံးပြတတ်သည်။

''ကျွန်မကတော့ စိတ်ညစ်ရင် ကြာရှည်ကြီး အညစ်မခံပေါင်''ဟု မတင်လှိုင်က ပြောသည်။

''ရှင် ကိုနန္ဒကို သိပ်စွဲတာပဲနော်''ဟု မတင်လှိုင်က ပြောလျှင်တော့ မြကြိုင်သည် မခံချင်သလိုလို ရှက်သလိုလိုဖြစ်တတ်သည်။ သူမ ဘာသာ စဉ်းစားပြန်တော့လည်း ဟုတ်သားပဲဟု တွေးမိသလိုလို။

''သူက ကိုယ့်ကို မခင်လို့ ထွက်သွားပြီပဲဟာ ကိုယ်ကဘာတွေး

www.burmeseclassic.com



နေစရာလိုသလဲရှင့်''ဟု မတင်လှိုင်က မခံချင်ဟန်နှင့်လည်း ပြောတတ်သည်။

မြကြိုင်ကတော့ ငေးမောလျက်သာ ရှိလေသည်။ သူမသည် တစ်လနှင့် စိတ်သက်သာနိုး၊ နှစ်လနှင့် စိတ်သက်သာနိုးနှင့် လတွေကို ရေတွက်ပြန်တော့ တစ်နှစ်မျှပင်ပြည့်လုပြီ၊ သူမ၏ အချစ်မှာတော့ စိမ်းစိုလန်းဆန်းတုန်းပင်၊ ကိုနန္ဒ၏ အသံ၊ ဟန်တွေကိုလည်း ရင်းနှီးစွာ ကြားယောင် မြင်ယောင်တုန်းပင်။

''ကျွန်မ သူ့ကို သိပ်ပြီး… သိပ်ပြီးချစ်တယ်ထင်တယ်''ဟုသာ မြကြိုင်ပြောမိတတ်သည်။ ''ကျွန်မသူ့ကို ခဏခဏ အိပ်မက်တတ်တယ်၊ နေ့လည် နေ့ခင်းမပြောနဲ့ ညတောင်အိပ်ရတာ မဖြောင့်နိုင်အောင်ဘဲ''

အံ့ဩနေသော မတင်လှိုင်ကို သူမသည် အိပ်မက်အကြောင်း ပြောပြမိတတ်၏။

''အိပ်မက်, မက်တယ် – ညမှန်းနေ့မှန်း မသိဘူးရှင့်၊ မိုးကတော့ တစ်ဖျောက်ဖျောက်ပဲ၊ ကျွန်မလမ်းလျှောက်လာသတဲ့၊ လူတွေကလဲ ရှုပ်ရှုပ်ပဲ၊ ဂျပိုးဆန်ဆန် လူတစ်ယောက်က ကျွန်မနဲ့သိဆိုထင်ပါရဲ့ အဲ သူက ကျွန်မကို စီးကရက်တစ်လိပ်ဝယ်ပေးစမ်းပါလို့ ခိုင်းတယ်၊ စီးကရက်နာမည်က ဒိုင်းမွန်းတဲ့''

မတင်လှိုင်က စိတ်ဝင်စားလာသည်။ မြကြိုင်ကမူ အဝေးသို့ မျှော်မှန်း မှေးမှိန်သော မျက်လုံးများနှင့် ယခုပင် မက်နေဆဲအမူအရာ ရှိသည်။

''ကျွန်မက မဝယ်ပေးဘူးလို့ပြောတော့ သူက 'သွားဝယ်လေကွယ် ဟိုမှာ နင့်လူမြင်ရက်သားနဲ့''တဲ့ဆိုမှ ကျွန်မက ကြည့်လိုက်တော့ ကိုနန္ဒ

www.burmeseclassic.com



ကို ဆိုင်တစ်ဆိုင်က ထွက်လာတာ မြင်ရပါတယ်။ ညဈေးတန်းလိုလို မှာကိုး... ကျွန်မလဲ ဆက်လျှောက်လာတော့ သူ့နားရောက်လာတယ်။ ကျွန်မက သူ့ကိုမကြည့်ဘူး မမြင်သလို ဆက်လျှောက်သွားတယ်။

''သူက လုံချည်ခပ်ဝါဝါနဲ့ရှင့် သူက ကျွန်မကို မသိမသာ ကြည့်ပြီး ရှောင်ထွက်သွားတယ်လေ၊ ဒါပေမဲ့ သူ့အရိပ်က ကျွန်မနောက် ဆီက တိုးထွက်ပြီး လာနေတာကိုမြင်ရပါတယ်။ သူ့အရိပ်ဟာ လမ်းပေါ် ကျမှ ခြေရင်းမှာ ဝဲဝဲပြီးဝေးဝေးသွား တိုတိုသွားရာက ပြန်ပြီးပီသ,လာပြီး သူဟာကျွန်မဆီကို ပြန်လှည့်လာတယ်ဆိုတာ သိရတယ်။

သူက ကျွန်မရဲ့ ကျောနဲ့ပုခုံးကို သိုင်းပြီးညင်ညင်သာသာ လေးပဲရှင့် ပွေ့လိုက်တယ်၊ ကျွန်မက လန့်သွားသလိုနဲ့ မော့ကြည့်ပြီးမှ ''ဩော် မြကြ မမြင်မိဘူး''လို့ ပြောလိုက်တယ်။ ''ဟုတ်တယ် မြက မမြင်ဘူး''တဲ့သူက သံယောင်လိုက်တယ်။

''ကျွန်မတို့ဆက်ပြီးလျှောက်လာတယ်။ ကျွန်မက ဝမ်းနည်းပြီး စိတ်ဆိုး နေသလိုဘဲ၊ စကားလဲ မာမာ မပြောဘူး၊သူကတစ်တွတ်တွတ်နဲ့ ချော့တယ်။ မတင်လှိုင်ရယ်...သူက ချိန်းသတဲ့ရှင့်... ဘယ်မှာမှန်းလဲ မသိဘူး၊ နောက်နှစ်ရက်အကြာမှ ထင်ပါရဲ့ – ''လာနော် ဆက်ဆက် လာနော်''လို့ အတင်း ထပ်တလဲလဲပြောပြီး ကတိပေးခိုင်းတော့ ကျွန်မက ဘာမှမပြောဘူး၊ ကတိပေးလိုက်ရတယ် ထင်ပါရဲ့၊ ကျွန်မဟာ တွေးနေ သတဲ့၊ ငါကတိ ဖျက်လိုက်ရမလား၊ သူ့ကို တစ်ယောက်ထဲ စောင့်ခိုင်း ထားပြီး ငါ မသွားဘဲ ငါ့ဘာသာစိတ်ဒုက္ခခံရ ကောင်းမလားလို့ပေါ့ လေ...။

''နောက်တော့ ကျွန်မက တစ်ယောက်ထဲ လျှောက်နေပြန်တယ်၊

www.burmeseclassic.com



ဒိုင်းမွန်း စီးကရက်ကို ရှာဝယ်နေတာ ဘယ်မှာမှလဲ မရဘူး၊ နောက်ဆုံး တော့ စကော့မားကတ် သံတံခါးကြီးနားက ကောင်ကလေးဆီမှာ ရတယ်။ အဲဒီကောင်ကလေးကို ကျွန်မသိတယ်ရှင့်။ ငယ်ငယ်တုန်းက အတန်း တူတူပဲ၊ သူ့နာမည်က အောင်သွင်တဲ့ တစ်ဘူးကို ငါးမူးရောင်းတယ်တဲ့၊ စီးကရက်ဘူးကိုကိုင်ရင်း စောစောက ဂျပိုးဆန်ဆန်လူကို ပေးမလို့ရှာနေ ရင်းနဲ့ပဲ နိုးသွားရော''

မတင်လှိုင်က ''ရှင့်အိပ်မက်က အခမ်းအနားကြီးပဲ''ဟု ပြောသည်။

''အိပ်မက်ထဲမှာ . . . သူဟာ သိပ်ငယ်ပုံပေါက်နေတယ်။ သူရဲ့ နွမ်းလျတဲ့မျက်နှာထားကိုလဲ ကျွန်မ မှတ်မိနေသေးတယ်''

''မြကြိုင် အိပ်မက်တွေကို ယုံသလား''

''ယုံသလိုလိုပဲ၊ ကျွန်မအဖို့တော့ တိုက်ဆိုင်တတ်တာပဲရှင့်၊ တစ်ခါ တစ်လေ အိပ်မက်ထဲဖြစ်တာနဲ့ အပြင်မှာဖြစ်တာ ထပ်တူထပ်မျှ ဖြစ်နေ တယ်။ တစ်ခါတစ်လေ အိပ်မက်နဲ့ တကယ်ဖြစ်တာဟာ ရောနေပြီး မခွဲ တတ်တော့ဘူး''

''ကျွန်မကတော့ အိပ်မက်သိပ်မမက်တတ်ဘူး''ဟု မတင်လှိုင်က ပြော၏။

''အိပ်မက်ဆိုတာဟာ ဆန္ဒရှိရာ မက်တယ်လို့ ပြောကြတာပဲ၊ ဆန္ဒရှိရင်လဲ ဖြစ်တတ်မြဲဆိုတော့ အိပ်မက်ကို နိမိတ်ကောက်ရင် မှန်တတ် တာပေါ့။''

''ကိုင်း . . . ရှင့်အိပ်မက်ကို နိမိတ်ကောက်လိုက်ပါဦးရှင်''ဟု မတင်လှိုင်က ဟက်ဟက်ပက်ပက်ရယ်ကာ ပြောသည်။

မြကြိုင်သည် စိတ်ပေါ့ပါးသလိုဖြစ်ကာ ရောရယ်မိသည်။ ယခု

www.burmeseclassic.com



လိုတော့ မတင်လှိုင်ကို သူမသဘောကျ သလိုပင်။ မတင်လှိုင်နှင့် စကားပြောလျှင် ရင်းရင်းနှီးနှီးပြော၍ရသည်။ မတင်လှိုင်က တော်တော် ပွင့်လင်းသူပင်။

“အင်း . . . နိမိတ်ကောက်ရရင် သူဟာတစ်နေ့တော့ ပြန်လာမှာပဲလို့ ထင်တယ်။ ဒါပေမဲ့ ကျွန်မက သိပ်တင်းနေလို့တော့ မဖြစ်ဘူးတဲ့”

× × ×

မြကြိုင်သည် “တစ်နေ့တော့ ကိုနန္ဒပြန်လာမှာပဲ”ဟု မျှော်လင့်ချက်ရှိလာသည်။ သူမသည် ဆိုရင်း၊ က,ရင်းနှင့်ပင် သတိရ,ရပင်ဖြစ်လေသည်။ ပြီးတော့ က,လျှင်လည်း ကသည့်အလျှောက် ဆိုပြန်လည်း ဆိုသည့်အလျှောက် သူ့ကို သတိရစရာ ရှိတတ်သည်။

ဥပမာ ဆိုရသည့်သီချင်းများကိုက သူစပ်ပေးခဲ့သော သီချင်းများ။

တစ်ညမှာတော့ မြကြိုင်သည် ကနေရင်းနှင့် သတိလက်လွတ်အတော်ဖြစ်မိ၏။ သူမသည် “မြလေးသောကြာကြယ်”ဆိုသည့် သီချင်းနှင့် ကစဉ် စိတ်ကူးများသည် အဝေးသို့လွင့်ကာ မရောက်ဘူးသော မြောက်အရပ်၌ ကျက်စားနေသည်။

ကိုနန္ဒ၏ အိပ်ခန်းတွင်းသို့ စိတ်ကူးရောက်ခဲ့သည်။ ကိုနန္ဒက အိပ်ပျော်နေသလိုပင် သူကုတင်ဘေးမှာ ထိုင်ချပြီး “ကိုနန္ဒ...ကိုနန္ဒ” ဟု ခေါ်ကြည့်သည်။ ဘာမှမကြား၊ ဝမ်းနည်းစွာ ပြန်လာခဲ့သည့်အခါ တရှီရှီ လေချွန်နေကြသော သူများ၊ လူပြက်များက ပြက်၍“ဝေါ်”ကနဲ ဝေါ်ကနဲ ရယ်သောပရိသတ်ကို အရူချာကြောင်လည်စွာ မြင်သည်။

www.burmeseclassic.com



သူမသည် မျက်ရည်များလည်လျက်ရှိသည်။ မျက်တောင်ကို အကြိမ်ကြိမ်ခတ်ပြီး ခေါင်းကို မသိမသာမော့ကာ မျက်ရည်ကို ထိန်းရသည်။

"မြလေး... သောကြာကြယ်"မှာ ကိုနန္ဒစပ်သော်လည်း မြကြိုင်၏ စိတ်သဘောပင်ဖြစ်လေသည်။

ချစ်သူနှစ်ယောက်သည် ကြယ်များကိုကြည့်နေစဉ်က ဖြစ်ခဲ့သည်။

"သောကြာကြယ်ကို ကြည့်ရတာ အားရစရာကြီး၊ တစ်ခြားကြယ်တွေလို မှိတ်တုတ် မှိတ်တုတ် မဟုတ်ဘူး"ဟု သူမက ကန္တဲ့ကရ ပြောခဲ့မိလေသည်။

ကိုနန္ဒက သီချင်းစပ်ပေးသည့်အခါ...

"အားလုံးသောကြယ်တွေအလယ်...

မြလေး သောကြာကြယ်၊

မောင်ရင်ဆိုင်းတန်း ဘယ်လိုရှုန်းပစေ...

ခုနှစ်စဉ်ကြယ်ပြောင် အမြီးထောင်ပစေ၊

သန်းခေါင်းယံမှာ တစ်ဝင်းဝင်းနဲ့

အထိန်လင်းဆုံး မြလေးသောကြာကြယ်" ဟူသော အပိုဒ်ကို ထောက်ပြပြီး"ဘယ်နှယ့်လဲ"ဟု မေးခဲ့သည်။ မြကြိုင်သည် "အငြိမ့်စင်ပေါ်မှာနော်... အငြိမ့်စင်ပေါ်မှာ..."ဟု သူမဘာသာ သတိပေးရသည်။ အငြိမ့်စင်ပေါ်မှာတော့ ကခြင်းနှင့်ဆိုခြင်းသာ ရှိရမည်။ သူမသည် ကိုနန္ဒကို စိတ်တွင်းမှ နှင်ထုတ်လေသည်။

မှူးသလိုလိုမို့ လက်ကိုင်ပုဝါမှ ရေမွှေးစပယ်နံ့ကလေးကို ရှူပြန်တော့ သတိရစရာဖြစ်လာပြန်သေးသည်မှာ သူမက တစ်ခါ က,ခါနီးကို

www.burmeseclassic.com



ရေမွှေးဆွတ်သည်။ သူမသည် ဟာဆူနိုဟာနာ ရေမွှေးကို အင်မတန် ကြိုက်သည်။ ဒါကို ကိုနန္ဒက နောက်သည်မှာ "ပွဲကြည့်လာ သူတွေက က,တာကြည့်ရုံ၊ ဆိုတာနားထောင်ရုံ ထင်ပါရဲ့ကွယ်. . ."

"မွှေးရင်လဲ နမ်းမလို့တဲ့ရှင်"ဟု သူမက ဟန်ဆောင်ဒေါသ ကလေးဖြင့် ပြောလိုက်သည်။ ပြီးတော့ အင်မတန် ဆိုးချင်ဟန်နှင့် သူစပ်သောသီချင်းကို ပတ္တလားနှင့် စ,နေတာ ကြားလျက်နှင့် ဟာဆူနို ဟာနာ ရေမွှေးသီချင်းကို ဆိုမိသည်။ "ဟာဆူနိုဟာနာ တလီ၊ မွှေး တာကိုယူ များတာကိုယူ၊ ကျွန်မရဲ့ချစ်တဲ့သူ၊ ဖူနာနာက အောင်လံထူ" သူမသည် သီချင်းအလိုက်ကို မှတ်မိသော်လည်း စကားတစ်ပိုဒ် ကျနေသည်။ ဘယ်လို စဉ်းစား၍မှ မရ၊ ဒါနှင့် ကိုယ့်ဘာသာထည့်ပြီး ဆိုလိုက်သည်။ "ဖူနာနာက အောင်လံထူ၊ မွှေးကြိုင်သင်းတဲ့ မြစပယ်ဖြူ၊ ချစ်တဲ့သူ အဲဒါမရရင်ဆူ" လို့ပေါ့ ကိုနန္ဒက သဘောကျကာ ပြုံး၏။

မြကြိုင်၏နှုတ်ခမ်းမှာ အပြုံးကလေးသန်းလာ၏။ သည်လို အချိန် မျိုးကိုတော့ တွေးရသည်မှာ ပျော်စရာပင်. . .။

သူမ ကမည်ဟု ထ,လို့ကသည့်အခါ ပြက်လုံးထုတ်နေသော လူပြက်နှစ်ယောက်က ဘေးသို့ရှဲပြီး "အဲ. . . အဲ. . . ကတဲ့သူမှာ အမော ရောက်လို့ အပြောထောက်ရပါသဗျနော် အပြော ထောက်ရ ပါသဗျ"ဟု ပရိသတ်ကို တောင်းပန် နေကြသည်။

× × ×

ချစ်သူနှင့်ကင်း၍ အားပျော့စွာနှင့်ပင် ကရ၊ သီရ၊ ကြိုးစားရသည်

**ရည်မွန်ဦးစာပေ**

www.burmeseclassic.com



မှာ တစ်နေ့မှ နှစ်နေ့တိုင်ခဲ့သည်။ အနည်းငယ် နေသားကျသွားသော်လည်း စိတ်တွေမှာတော့ လေသည်ထက်သာ လေလာခဲ့သည်။ သူမသည် ကိုနန္ဒကို စိတ်နာစလည်း ပြုပြီ။ ''ပြန်လာတော့မှာ မဟုတ်ပါဘူး၊ ကြာပြီပဲ'' ဟုလည်း စိတ်လျှော့သည်။ သည်လို စိတ်လျှော့လိုက်လျှင်ပင် ဘဝမှာ ဘာကိုမှ ဂရုမစိုက်ချင်တော့၊ မတင်လှိုင်ပြောသလို ထင်တိုင်းကြဲလိုက်ချင်သည်။

သူမသည် စိတ်လေနေ၍လည်း မဖြစ်သေးသည်ကို သတိရမိသည်။ ကိုပွေလီနှင့်ဆက်ပြီး နေ၍တော့ ခုအခြေအနေက တက်နိုင်မည်မဟုတ်။ ဆိုင်းဘုတ်မှာတောင်မှ ''မြစပယ်ကြိုင်နှင့် တစ်ပြေသူ မတင်လှိုင်'' ပဲ ရှိသေးသည်။ သူမသည် မတင်လှိုင်နှင့်လည်း ခင်မင်နေတော့ ဘာမှ မပြောချင် အားနာသည်။ သူမဘာသာ တစ်စင်ထောင်နိုင်လျှင် ကောင်းမည်။

သို့သော်လည်း ငွေဘယ်ကရမည်လဲ၊ ဘာအလုပ်မဆို ငွေပြဿနာက အရေးကြီးသည်။

ကိုပွေလီကမူ ''နင်အငြိမ့်ဆရာကတော် လုပ်ပါလားဟဲ့''ဟု ပြောနေသည်။ သူမသည် အငြိမ့်ကို ပိုင်ပိုင်နိုင်နိုင်ဦးစီးချင်ရာ ကိုပွေလီသာ တစ်ခြားသူဖြစ်ခဲ့လျှင် စိတ်ညစ်ညစ်နှင့် ခေါင်းငြိမ့်မိမည်လား မသိချေ။ ကိုနန္ဒကိုတော့ သူမ မမျှော်လင့်တော့ချေ။ ကိုနန္ဒသည် သူ့အရင်မိန်းမနှင့် ပြန်ပြီးပေါင်းသည်ဟုလည်း ကြားရသည်။ သူ့မိဘများမှာ စက်သူဌေးများ ဖြစ်သည်ဟုလဲ ကြားသည်။ သတင်းတွေကတော့ မှန်သည်လည်း မဟုတ်၊ မှားသည်လည်း မဆိုသာ၊ သည်လိုပင် ဖြစ်မြဲပင်။

အဓိပ္ပါယ်မရှိသော ဘဝပါကလား၊ တွယ်စရာဆို၍ ကောက်ရိုးပင်

www.burmeseclassic.com



များတော့ရှိပါရဲ့၊ သို့သော် သူမ၏မာနနှင့် သူမနေခဲ့သည်မှာ ကြာပြီ၊ အန္တရာယ်တို့ကို တစ်ယောက်တည်းပင် တွန်းလှန်ဖြိုဖျက်ရသည်။ အင်အားကတော့ ချိနဲ့လှပြီ၊ ဘယ်ကောက်ရိုးပင်ကိုမှ သူမ မတွယ်သေး။ ကိုယ့်ဘာသာ သနားမိသည်။ ချစ်သူက အသိအမှတ်မပြုသော သစ္စာနှင့်နေသည်။ သည်သစ္စာသည် အနီးအနီးပင်ဖြစ်လျက် ရှိသော်လည်း အနီးအနီးသော သစ္စာကို ရေထဲမပစ်ရက်ရှာ။

''ငါ ဘာလုပ်ရမလဲ မသိပါဘူး''ဟု သူမ ဆိုမိလေသည်။

ချစ်သူကိုတော့ နောက်ဆုံးနှုတ်မဆက်နိုင်ချေ။ ကိုယ့်ဘဝကိုသာ နှုတ်ဆက်လိုက်ချင်တော့သည်။ ''ချစ်သူရေ'' လို့များ တမ်းတခွင့်ပြုမယ်ဆိုရင် သူမကြားအောင် တမ်းတပါရစေ၊ ပြီးတော့ တီးတိုးပင် ငိုရှိုက်မည်။

ရှက်ပြီးတော့ဖြင့် သူမ မသေလိုရာ၊ ကိုနန္ဒနှင့်တွေ့ဖို့အခွင့်ကို သူမကစပြီး ကြိုးစားမည်မဟုတ်တော့၊ သူမ၏ အချစ်ရေးကို ကံကြမ္မာ၏ လက်တွင်းသို့ပင် ထည့်လိုက်တော့သည်။ ဖြစ်လိုရာ ဖြစ်စေတော့ ဤသို့ မြကြိုင်ယူဆသည်။ သူမသည် ကခြင်းဖြင့်သာ ဘဝကို ကုန်လွန်စေတော့မည်။

သူမ၏ အသည်းကိုခွဲသော ဆုံးဖြတ်ချက်များမှာ မိုက်မဲစွာချစ်ခဲ့ပြီး၍၊ လိမ်မာစွာ ရှက်တော့မည်။ စိတ်သက်သာမှုအတွက် အဓိပ္ပါယ်မရှိသော မိုက်သည်၊ လိမ္မာသည်၊ ရှက်သည်ဆိုတာတွေ နောက်ကိုလိုက်တော့မည်။ အဓိပ္ပါယ်မရှိ၊ အဘယ်ကြောင့်ဆိုလျှင် အမိုက်နှင့်အလိမ်မာသည် ပြောင်းလဲနေသော အချိန်ကာလများက တစ်မျိုးပြီးတစ်မျိုး အမည်တပ်ထားသော လူတို့၏ ရမ်းဆချက်များသာ ဖြစ်တော့သည်။

တစ်ခုကျေးဇူးတင်စရာမှာမူ သူမ၌ သဘင်ဝါသနာကြီးခြင်း

www.burmeseclassic.com



ဖြစ်လေသည်။ ဘယ်လောက် စိတ်မချမ်းသာသာ အကတော့ မပျက်၊ ဒါနှင့်ပင် ဖြေရသည်။ ဘယ်လိုအခါမျိုးမှာမဆို ဆိုင်းသံ၊ ပုံသံကြားလျှင်ပင် နှံမြူခံရသည့်မြွေပမာ မနေနိုင် မထိုင်နိုင် သဘင်ဝါသနာပါးပျဉ်း ကြွလာမြဲပင်။

''ဆံမြိတ်ကလေး တစ်သွယ်နှစ်သွယ်ချ၊ အရိပ်ကလေးမှာတောင် တစ်ကယ့်တစ်ကယ်လှပါတဲ့ စပယ်မြရေ – စပယ်မြရေ''ဟူ၍ပင် ခေါ်ဖို့မလို။ အမြဲတမ်းပင် ကချင်နေသည်။ ပရိသတ်အကြိုက်အမူအရာ ကြွယ်နေရသည်ကို အချိန်နှမြောသည်၊ အကသက်သက်ချည်းပဲ ပေးလိုက်ချင်သည်။

ယခုအခါမှာတော့ သူမ၏ဘဝသည် အချစ်ကြောင့် ပွားများရသော ဒုက္ခဝေဒနာနှင့် ကၡမဆုံးနိုင်၊ မဝနိုင်သော ဆန္ဒတို့ ပေါင်းစပ်ထားခြင်း ဖြစ်သည။ သို့သော် ကိုနန္ဒနှင့်ဝေးသဖြင့် အက ပိုသန်လာသည်။ ''ဟောဒါက ကောက်စိုက်က,ရှင့်''ဟု စည်တိုနှင့် ကလိုက်ပြန်သည်။ ''ဟောဒါက ဖါရစီက,ရှင့်''ဟု ဘင်သံနှင့် က,လိုက်ပြန်သည်။ လူပြက်များက အဖိုးတန်လိုက်လေဗျာ... အဖိုးတန်လိုက်လေ...ဟု ဆိုသည့်ခဏကိုပင် မစောင့်အားသလောက် ဖြစ်ရသည်။

သူမသည် အမေဆိုလေ့ရှိသော သီချင်းကလေးနှင့်လည်း စိတ်ပါလက်ပါ ပရိသတ်ကို တိုင်မိသည်မှာ ''တစ်ခါတစ်ခါ တော့လဲ . . . ကြာဗျာပါတွေ မပြချင်ဘူး က,ရုံသာ ကပါရစေတော့ ကျွန်မ ပညာသည်ပါတော်''

× × ×

www.burmeseclassic.com



## ၉

"ဒီမှာ . .. . ဒီမှာရှင် ရှင်က,တဲ့နောက် အမြဲလိုက်နေတဲ့ ကောလိပ် ကျောင်းသားဆိုတာ သိလား" ဟု မတင်လှိုင်က မေးသည်။

မြကြိုင်က အံ့အားသင့်ပြီး "ဟင့် အင်း"

"သြော်... ရှင်ကလဲ ညွှန်လိုက်တာ ဟို–ရှင့်ကို ယိုးဒယားက,ကပါ ဆိုပြီး ဆုအမြဲချတဲ့လူလေ"

"ဆုချတဲ့သူတိုင်း မှတ်မိရင် ခက်သားပဲ မတင်လှိုင်ရယ်"

"ဆုချတဲ့သူတိုင်း မဟုတ်ဘူး မမြကြိုင်ရဲ့၊ အဲဒီ ကောလိပ် ကျောင်းသားကို ပြောတာတော်ရေ"ဟု မတင်လှိုင်က ဒေါသနှင့် ပြောပြီး "ရှင်သိပါတယ်ရှင် ခပ်ပိန်ပိန်ပါးပါး အသားဖြူဖြူပဲ၊ ကို ကိုပွေလီကို တောင်မှ တစ်ခါလာပြီး စကားပြောပါရော အငြိမ့်မကခင်က"

"သြော် သိပြီ ခပ်ချောချောဟာလေ"

"အဲဒီ ကောလိပ်ကျောင်းသားက သူ့နာမည် ကိုလှဘော်တဲ့

www.burmeseclassic.com



သူ့ဒွေးသားရှင့် ရှင်တော့ ပွဦးမယ်''

မြကြိုင်က ရုတ်တရက်နားမလည်ဘဲ ''ဘယ်နှယ့် စကားက အဆက်အစပ်ကလေးနဲ့ ပြောပါလေ''ဟု ပြောရင်း ရိပ်မိသလိုလို ရှိလာသည်။

''ဟောဒီမှာ ရှင့်ကိုတဲ့ လက်ဆောင်ပေးလိုက်တယ်''ဟု စက္ကူ သေတ္တာကလေးကို ဖွင့်ပြသည်။

မြကြိုင်က ''ကျမနဲ့သိတာလဲ မဟုတ်''ဟု ပြောရင်း . . . ကြည့်လိုက်ရာ ဖက်ဖူးရောင်ရွှေချည်ထိုး ဆတ်တွန်ပုဝါကလေးနှင့် ကရမက် ယပ်တောင်ကလေးများ ဖြစ်နေ၏။ ချစ်စဖွယ် ကလေးများ ဖြစ်၍ ဝမ်းသာသွားပြီး ကိုင်ဖြန့်ကြည့်မိသည်။ ပုဝါကလေးမှာ က,လျှင် ခြုံဖို့အတော်ပင်၊ ကရမက်ယပ်တောင်ကလေးမှာ ပန်းကလေးများ ဖေါက်ထားကာ ယပ်ခတ်လိုက်လျှင် တစ်သင်းသင်းရှိသည်။ အဖိုးတန် ပစ္စည်းကလေးများပင်၊ ဈေးတော့ နည်းမည် မဟုတ်ဘူး။

''ဒါပေမဲ့ ကျမလက်ခံလို့ မဖြစ်ဘူး''

''အလို ဘာဖြစ်လို့လဲ''

''အို့... ဘာဖြစ်လို့လဲဆိုတော့ အရှင်းကြီးပဲ၊ ကျွန်မကို ယပ်တောင် နဲ့ချူလို့ရမယ် ထင်သလား''ဟု စိတ်ပေါက်လာပြီး ပြောလိုက်ရာ...

''အို ဒီလိုဘယ်ဟုတ်မလဲ၊ ရှင့် အရည်အချင်းကို ကျေနပ်လို့ ဆုချတဲ့သဘောပေါ့ရှင့် ပြီးတော့'' မတင်လှိုင်က အနားတိုးကာ ''လူက လူရှုပ်ထဲက မဟုတ်ပါဘူး၊ ကျွန်မနဲ့သိပါတယ်၊ လူလယ် မဟုတ်ပါဘူး၊ ရှင့်ကို တကယ်ကြံတာပါ'' မတင်လှိုင်က နောက်သို့ ကိုယ်ကိုယိုင်ပြီး မြကြိုင်ကို ခပ်လှမ်းလှမ်းကကြည့်ကာ ''ရှင်သိပ်ပြီး ချစ်စရာကောင်း

www.burmeseclassic.com



နေတာကို၊ ပြီးတော့ ရှင့်သမာဓိကိုလဲ သူလေးစားပါသတဲ့ရှင့်''

မြကြိုင်က စိတ်ရှုပ်ထွေးပြီး ''တော်စမ်းပါ မတင်လှိုင်ရယ် ကျွန်မ မလိုချင်ပါဘူး ပြန်ပေးလိုက်ပါ၊ သူဆုချ,ချင်ရင် ညကျတော့ က,နေတုန်း လူလယ်ခေါင်မှာ ပေးရှင့် . . . ကျွန်မယူမယ်၊ အဲဒီလိုဆိုရင် စိတ်သန့်တယ်'' ဟု ပြောလိုက်သည်။

''အို ဒီလိုဆို သူ့ကို ဝိုင်းရယ်မှာပေါ့၊ သူက ရှက်တတ်တယ်''

''ခုလို တိတ်တိတ်ယူဖို့ရာကတော့ ကျွန်မ မရှက်ဘူးလား''

မတင်လှိုင်က မကျေမနပ်နှင့် သေတ္တာကလေးကို ပြန်သိမ်းသည်။ ပါးစပ်ကလည်း တဖျစ်တောက်တောက်ပြောသည်။ ''ကျွန်မကတော့ ရှင်ရမယ်လို့ ဝမ်းသာပြီးယူလာတာ၊ ပြီးတော့ အခွင့်အရေးကို အခွင့်မှန်းမှ မသိဘဲ၊ ကျွန်မသာ ရှင့်နေရာဆိုရင် လက်ဆောင်တောင်မကဘူး လူပါ ရအောင်ယူလိုက်မှာပဲ၊ ရှင့်မှာ ရှင့်ကိုနန္ဒကြီးကိုမှ သိကြားသားထင် နေတာက ခက်တယ်''

မြကြိုင်က မတင်လှိုင်၏စေတနာကို ယုံရနိုး၊ မယုံရနိုးနှင့် ရှိသည်။ မတင်လှိုင်မှာ ရှုပ်ပွေသူဖြစ်၍ ပြိုင်ဘက်ချင်းလည်းဖြစ်တော့ ယုံရ ခက်သည်။

မြကြိုင်သည် ငြင်းလိုက်သည့်တိုင်အောင် လက်ဆောင်ကလေး များကို မြင်ယောင်လျက်ရှိလေသည်။ မတင်လှိုင်ကတော့ ဒါကို အခွင့် အရေးတဲ့၊ သူမသည် ကိုနန္ဒကို သတိရသည်။ ချက်ခြင်း ဖျောက်ပစ်သည်။ သူက သူ့မယားနဲ့ ငါ့ကို သတိတောင်ရမှာ မဟုတ်ဘူး၊ ငါလဲ လင်ယူပြ လိုက်ချင်တော့တယ်၊ မရှားပါဘူး ဆိုတာသူသိသွားအောင်။

ကောလိပ်ကျောင်းသား ကိုလှဘော် သူ့ဘွေးသား။

www.burmeseclassic.com



သို့သော်လည်း သူမသည် အငြိမ့်စင်ပေါ်သို့ ရောက်ကာ ဆိုသာကသာ ရှိပြန်သည့်အခါ နဂိုစိတ်ကို ပြန်ရသည်။

အငြိမ့်သိမ်းပြီး၍ အိမ်ပြန်ဖို့ပြင်ကြလျှင် ကိုလှဘော်ဆိုသူကို အငြိမ့်စင်ပေါ် မြင်မိသည်။ သည်လူကလည်း ကောလိပ်ကျောင်းသားဆိုပြီး သဘင်သည်တွေနှင့် ရောလှချေလား "ရှင့်ကို အတည်ကြံတာပါတဲ့" သူ့ကိုကြည့်တော့ ကိုနန္ဒနှင့် ဆင်သလိုလို၊ ခပ်အေးအေးနှင့် သိမ်မွေ့ပုံက တော်တော်တူသည်။ မြကြိုင်သည် ရင်ထဲ၌ ထိတ်သည်။ သို့ရာတွင် သူမသည် ကိုယ့်ကိုယ်အတွက်တော့ မပူပင်မိတော့ချေ။ သူမသည် အခြေအနေနှင့် လျော်စွာနေထိုင်သွားတော့မည်ဟု ကြံစည်ပြီးပြီ။

မြကြိုင်က သူ့ကို ကြည့်ကြည့်နေမိသည်တွင် ကိုလှဘော်ဆိုသူသည် သူမကို တစ်စိုက်မတ်မတ် ကြည့်ကာ နေသည်ကို သိရသည်။ မြကြိုင်က ဒါနှင့် မကြည့်ဖြစ်အောင်နေသည်။ နေရင်းက အလိုလို ကြည့်မိပြန်တော့ သူကပြုံးဖို့ စောင့်နေသည့်ပမာရှိပြီး အမှီ ပြုံးပြလိုက်သည်။ မြကြိုင်ကလည်း ပရိသတ်နှင့်ဆက်ဆံနေကျအတိုင်း ပြုံးလိုက်ရသည်။ ပြုံးလိုက်၍လည်း မပြီးသေးဘဲ သူက မြကြိုင်ဆီ ရောက်လာသည်။

"ဒီမှာ မမြကြိုင် ကျွန်တော့်လက်ဆောင်ကို လက်ခံပါဗျာ မမြကြိုင်ရဲ့ပညာကို ချီးမြှောက်တဲ့အနေပါ"

မြကြိုင်ကဘာမှ မပြောတတ်တော့ဘဲ အားနာပြုံးသာ ပြုံးလျက်ရှိသည်။ သူမသည် ကိုနန္ဒကိုလည်း သတိရလာပြန်လေသည်။

"ယူပါဗျာနော် ကျွန်တော်က ဆုချတဲ့အနေနဲ့ ပေးယင် သေးနုတ်မှာစိုးလို့ပါ"

စကားလှသုံးတတ်သူတစ်ယောက် လာပြန်ပြီလေ၊ မြကြိုင်၏

www.burmeseclassic.com



အားနာပြုံးလေးမှာ မချိပြုံးအဖြစ်သို့ တစ်စတစ်စ ပြောင်းလဲလျက် ရှိခဲ့လေသည်။

"လက်ခံမယ် မဟုတ်လားဗျာ"

သူကတော့ ကိုနန္ဒထက် စကားပြော ပျော့သေးသည်။ သူ၏ အထက်တန်းကျသော အရှိန်အဝါကို မြကြိုင်သည် အားနာနေကာ မတင်လှိုင်နှင့်တုန်းကငြင်းသလို မငြင်းတတ်တော့ဘဲ ယူလိုက်ရလေသည်။

အိမ်ပြန်သည့်အခါ ကိုလှဘော်သည် မတင်လှိုင်ဘေးက ကပ်ပါ လာသေးရာ မြကြိုင်မှာ ရယ်ရမလို၊ စိတ်ညစ်ရမလို ဖြစ်သေးသည်။ လူရှုပ်မဟုတ်ဘူးသာဆိုတယ် မတင်လှိုင်နဲ့တော့ တယ်ခင်ပါကလားဟု တွေးမိသည်။ သူမ စကားနည်းလျက်ရှိသည်။ သူတို့ကို မကြည့်ဘဲ လမ်းဘေး တစ်ဘက်သို့ ငေးလျက်ရှိလေသည်။

သို့သော် လမ်းတစ်ဝက်သို့ ရောက်လျှင်ပင် အလန့်တကြား ကြည့်မိသည်။ မတင်လှိုင် မရှိတော့ချေ။

ကိုလှဘော်က သူမ၏ဘေးမှ ခပ်ကွာကွာ လိုက်သည်။ မြကြိုင် သည် အတော် စိတ်ဆိုးလျက်ရှိသည်။ ဒီကောင်မကို ရှုပ်လှပါတယ်။ သူနဲ့ပေါင်းမိတာ မှားပြီဟု တွေးသည်။ သူမသည် ကိုလှဘော်ကများ စလာလျှင်တော့ ရိုင်းချင်ရိုင်းပေ့စေ ဆိုလွှတ်မည်ဟု တွေးသည်။

ကိုလှဘော်က စကားတစ်လုံးမျှမပြောချေ။ သူမသည် စကားစ ကိုသာ စောင့်လျက်ရှိသည်။ နောက်ဆုံးတော့ မိမိကပင် မနေနိုင်တော့ဘဲ "မတင်လှိုင် ဘယ်ကျန်ခဲ့လဲ"ဟု ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ဟို ကွမ်းယာဆိုင်မှာ စီးကရက်ဝင်ဝယ်နေတယ်"

"ဘာဖြစ်လို့ ကျွန်မကိုမပြောတာလဲ သူ့ကိုစောင့်ရအောင်ဟာ"

www.burmeseclassic.com



''ခင်ဗျားက ထွက်သွားတာကို ခင်ဗျားတစ်ယောက်ထဲ မှောင်ထဲမှာ ဘယ်ဖြစ်မလဲ မတင်လှိုင်ကတော့ သွားနေကျပါ''

သူ့စကားသံမှာ သရော်သံ အဖျားခတ်သည်ဟု ထင်သည်။

မြကြိုင်က မတင်လှိုင်အတွက် သဘင်သည်တစ်ယောက်အနေနှင့် ဝင်နာမိကာ သရော်သံအဖျားခတ်နှင့်ပင် ''ရှင်လဲသွားနေကြမို့ လမ်းမှာ ဆုံမိကြပြီး အသိဖြစ်ကြတာပေါ့ ဟုတ်လား''ဟု မေးလိုက်ပြီးမှ ''ဘာမှ မပြောမိရင် ကောင်းမှာ''ဟု တွေးမိလေသည်။

သူက ''ကျွန်တော်သွားနေကျ မဟုတ်ပါဘူး''ဟု အေးအေးရိုးရိုး ပင် ပြော၏။ သူတို့သည် ဘာမှမပြောဘဲ ဆက်လျှောက်လာကြလေသည်။ သူလမ်းလျှောက်တာ ဘယ်လို လျှောက်ပါလိမ့်ဟု သူမတွေး၏။ ခြေသံ မကြားရချေ။ မိမိ၏ ရွှေထိုးဖိနပ်သံသာ တစ်ဖျပ်ဖျပ် နေသည်။ တစ်ချိန်တစ်ခါတုန်းကမူ ကိုနန္ဒနှင့်ယခုလို လမ်းလျှောက်ပြန်ခဲ့ဖူးသည်။ ညပေါင်း ဘယ်နှစ်ညလို့ မရေတွက်နိုင်ခဲ့ပါဘူး၊ ယခုတော့ သူမသည် ကိုလှဘော်ဆိုသူနှင့် လမ်းလျှောက်လျက်ရှိပြန်ပြီ၊ သူမသည် အနည်းငယ် စိတ်မလုံချေ။

''မမြကြိုင်အိမ်က ရောက်လုပြီထင်ပါရဲ့''

''ရောက်လုပါပြီ''ဟု ဖြေပြီး ကိုလှဘော်အား အထင်ကြီးသလိုလို ဖြစ်လာ၏။ သူက ဣန္ဒြေတော့ အရသားပဲဟု တွေး၏။ မိကောင်းဖခင် သားနဲ့တူပါရဲ့၊ သို့သော် ဘာကြောင့် အငြိမ့်ကြည့်တာရိုးရိုးမကြည့်ဘဲ အငြိမ့်သမနောက် လိုက်လာသလဲ။

ကိုလှဘော်က စကားပြော၏။ ရိုးရိုးပင်၊ သူမက ရဲလာ၏။ ခင်ခင် မင်မင် စကားပြောမိသည်။

www.burmeseclassic.com



အိမ်ရှေ့ရောက်လျှင် "ဒါ ကျွန်မအိမ်ဘဲ– ဝင်အုံးမလား"ဟု မေးသည်။

"ညဥ့်နက်ပြီဗျ. . . ပြန်တော့မယ်နော်. . ."

မြကြိုင်သည် ရင်ထဲဆို့သလိုလို ဖြစ်သွား၏။ ကိုနန္ဒကိုချည်း အမှတ်ရစရာ ဖြစ်နေ၏။ ကိုလှဘော်က ချက်ခြင်းလှည့်မပြန်သေးဘဲ အနားကပ်လာသည်။

"အားရင် ကျွန်တော်လာလည်နိုင်သလားဟင်. . .၊ လာလည်မယ်နော်"

မှောင်ထဲတွင် ခေါင်းသာငြိမ့်လေသည်။

"ဘယ်နှယ့်လဲ မမြကြိုင်"

သည်တော့မှ မှောင်ထဲတွင် ခေါင်းငြိမ့်၍မရဟု သတိရပြီး "ဩော် လာလည်ပါ၊ ကျွန်မကတော့ အိမ်မှာသိပ်မမြဲလှဘူး..."ဟု ပြောရသည်။

"ပြန်မယ်နော်"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲရှင် လိုက်ပို့တာ"

ထိုညအဖို့ မြကြိုင်၏ မအိပ်ခင်အတွေးများတွင် ကိုလှဘော်လည်း ပါသည်။ ကိုလှဘော်သည် မတင်လှိုင်ပြောသလို မိမိကို အတည်ကြံစည်သည် ဆိုလျှင်တော့ သူမသည် အခင်အမင် မပျက်နေဖို့ရာ ဆုံးဖြတ်သည်။ ယခုအခါ သူမသည် အချစ်နှင့်ပတ်သက်၍ စိတ်မချမ်းသာမှု၊ ဘယ်သူ့ကိုမှ မဖြစ်စေလိုချေ။

ပြီးတော့ ဘယ်သူ၏အချစ်ကိုမှ အချစ်ဦး မဖြစ်စေလိုချေ။

× × ×

www.burmeseclassic.com

## ၁၀

မြကြိုင်ထံမှာ ကိုလှဘော်၏လက်ဆောင်များသည် အပုံလိုက် ရှိသည်။

''တော်ပါတော့ကိုကိုရယ် မြလိုချင်ပါဘူး''ဟု ဆိုလျှင် ကိုလှဘော်က ''အို မြလိုချင်မှာပဲဆိုပြီး ဝယ်ပေးတာပဲ''ဟု မျက်လုံးပြူး မျက်ဆံပြူးနှင့် ဆိုတတ်သည်။

မြကြိုင်သည် ကိုလှဘော်ကို ချစ်လှသည်တော့လည်း မဟုတ်။ ချစ်သည်ဆိုသည့် စိတ်မှာ သူမသည် မျှစရာမကျန်တော့ဟု ထင်သည်။ ကိုလှဘော်ကို သူခင်မင်သည်။ သနားသည်။ ကိုလှဘော်နှင့်နေရလျှင် စိတ်မချမ်းသာစရာတွေကို မေ့မေ့ပျောက်ပျောက် ရှိသည်။

ကိုလှဘော်မှာ ခပ်ပျော့ပျော့လူစားမျိုးဖြစ်ကာ အလွန်တရာမှလည်း အလိုက်သိတတ်သည်ဟု ဆိုရမည်။ မြကြိုင်သည် တတ်နိုင်လျှင် သူ့ကို အချစ်ကြီး ချစ်လိုက်ချင်သည်။ သို့သော်လည်း မတတ်နိုင်သည်မှာ

www.burmeseclassic.com



ခက်လှသည်။ ကိုလှဘော်လို သဘောကောင်းသူကို လှည့်စားရာ ကျမည်စိုး၍၊ ကိုနန္ဒအကြောင်းကို ပတ်သက်သမျှ ပြောပြထားလိုက်သည်။ ပြီးတော့ မြကြိုင်၌ ကိုနန္ဒနှင့် လွဲရတာလောက် ဘာမှဂရုစိုက်ဖို့ မရှိ။

ကိုလှဘော်ကမူ အားလုံးသိပြီးဖြစ်လေသည်။ ''သူတို့ယောက်ျားများဟာ သိပ်ပြီးသိတတ်တာပဲနော်... ဘယ်လိုများ စုံစမ်းတယ်မသိဘူး'' ဟုပင် အံ့သြခဲ့လေသည်။ ပြီးတော့လည်း သူမသည် ကိုနန္ဒနှင့်ပတ်သက်၍ ဘာမှလျှို့လျှို့ဝှက်ဝှက်မလုပ်၊ ရဲတင်းလွန်းခဲ့သည်များကို ယခုပြန်တွေးလျှင် အံ့သြစရာတောင် ကောင်းသေးသည်။

ကိုလှဘော်မှာ အင်မတန် ကြေးရေတက်ဟန် တူလေသည်။ သူမကသည့်အခါ ပုခုံးမှာတပ်ဖို့ဆိုပြီး ကတ္တီပါနက်ကလေးနှင့် တွယ်ထားသောလေးပြားစီး ဒေါ်လာနှစ်ပြားကို ဝယ်ပေးသည်။ သည်လောက် အဖိုးတန်ပစ္စည်းကိုယူဖို့ရာမှာ မြကြိုင်သည် မတွန့်ဆုတ်ဘဲ မနေနိုင်။

''ဒါတော့ မြမယူပါရစေနဲ့ ကိုကိုရယ်''ဟု အတင်းငြင်းရသည်။

ကိုလှဘော်ကမူ မယူလျှင်လွှင့်ပစ်မည်ဟု ပြောသည်။ မြကြိုင်ကတွေးမိသည်မှာ ''ပိုက်ဆံရှိတဲ့ မိဘများကအလိုလိုက်ထားတဲ့ ကလေးဆိုးကြီးဘဲ'' မြကြိုင်သည် ရွှေဒင်္ဂါးပြားများကိုကြည့်ရင်း ဒါမျိုးအပြား နှစ်ဆယ်လောက်ရှိရင် အငြိမ့်ထောင်နိုင်ပြီးထင်ပါရဲ့ ဟု တွက်လျက်ရှိသည်။

''မြ . . . ဒါကို မယူဘူးလား၊ ကိုကိုကြွားတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒါ့အတွက် ကိုကို့မှာဘာမှ မဖြစ်လောက်ပါဘူး''

''ကိုကို့မိဘတွေသာ သိရင်တော့ ရင်ကွဲမှာ''ဟု မြကြိုင်သည် သူလုပ်နေပုံအားလုံးကို ရည်ရွယ်ပြီး ပြောလိုက်သည်။ ကိုလှဘော်မှာ မြကြိုင်ကို လက်ထပ်မယားသဖွယ် ဂရုတစိုက်လည်း ရှိလှသည်။ အကုန်

www.burmeseclassic.com



လည်းခံသည်။ မြကြိုင်၏ ဖခင်ကိုပင် သူသည် ပုဆိုးနှင့်ကန်တော့လိုက် ပုဝါနှင့်ကန်တော့လိုက်ဖြင့် လောကွတ်ပြု၍ မဆုံးချေ။

"ကိုကို့ မိဘတွေမရှိတော့ ပါဘူး ... နှမလေးတစ်ယောက်ပဲ ရှိတယ်။ သူက လက်ထပ်ပြီးသား၊ ဘာမှ ပူစရာမရှိဘူး"ဟု ကိုလှဘော် ကပြောသည်။

"ဒါဖြင့် ကိုကို မြကိုလက်ထပ်ယူမည်ဆိုရင် ကန့်ကွက်မဲ့သူ မရှိဘူးပေါ့"ဟု သူမက စမ်းလိုက်ရာ ကိုလှဘော်က ခဏမျှတွေဝေပြီး "မရှိပါဘူး... မြက ဒါနဲ့ မကဘဲမနေနိုင်ဘူးဆို... ကိုကို့အဖို့တော့ ကိုကို့အဖို့တော့ ...အငြိမ့်သမလင်လုပ်ဖို့ရာ ခဲယဥ်းတယ်ကွယ်"

"မြ မက,ဘဲနေနိုင်တယ်ဆိုရင် ကိုကို လက်ထပ်ယူမလား"

"ယူမယ်လေ"

မြကြိုင်သည် ကိုလှဘော်၏ပါးကို ဝမ်းသားအားရ နမ်းလိုက်မိသည်။ သို့သော်လည်း မျက်ရည်များဆူလျှံ၍ လာသည်။ တစ်ချက်နှစ်ချက် ရှိုက်မိသည်။

"မဖြစ်ပါဘူး ကိုကိုရယ် . .. . မြအကြောင်းလဲ ကိုကို သိသားနဲ့ စင်စစ်တော့ မြ အေးအေးချမ်းချမ်းနေရမယ့် ဇာတာမပါဘူးထင်တယ်။ မြအိမ်ရှင်မ မလုပ်နိုင်ပါဘူး... ကိုနန္ဒဆိုတာလဲ ဆွေကြီးမျိုးကြီးထဲကပဲ၊ ဟိုကထဲက မြ မကဘဲနေနိုင်မယ်ဆိုရင် သူ့ရပ်ရွာလိုက်သွားပြီး ချမ်းချမ်းသာသာ နေနိုင်သားပဲ"

ကိုလှဘော်က မခံချင်ဟန်နှင့် "တော်ပါ မြ... ကိုနန္ဒက"ဟု ပြော၏။ မြကြိုက်က ဒါကို ရယ်လိုက်မိလေသည်။ မနာလိုခြင်းသည် ချစ်ခြင်း၏သက်သေပင်တည်း၊ မိမိက ချစ်နိုင်သည်၊ မချစ်နိုင်သည်

www.burmeseclassic.com



ဖယ်ထားပြီး မိမိကို တကယ်ချစ်နိုင်သူရှိခြင်းမှာ အားရှိစဖွယ်ပင်ဟု သူမထင်မြင်လေသည်။

မြကြိုင်၏ သဘောထားမှာ ကိုလှဘော်အပေါ်၌ အလွန်ပေါ့လေသည်။ ကိုယ့်မောင်ကလေး တူကလေးကို အလိုလိုက်နည်းမျိုး လိုက်နေခြင်းပင် ဖြစ်လေသည်။ တူကလေး မောင်ကလေးနှင့် ရောပြီး ဆော့ရသည့်အခါ ထွက်ပေါ်သော အပျော်စိတ်မျိုးတော့ ရှိပေသည်။ ပြီးတော့ ကိုလှဘော်က သူမကို စွဲမြဲနေခြင်းတွက် သူမသည် စိတ်ကူတစ်မျိုး ရလျက်ရှိသည်။

ယခုအခါ သူမသည် က,လျှင် အဝတ်အစားများပင် အင်မတန်ပြောင်သည်။ အငြိမ့်ဆရာကပေးသော အဝတ်အစားကို မဝတ်တော့ဘဲ ကိုယ့်အဝတ်အစားနှင့်ကိုချည်းပဲ က,နေတော့သည်။ သူမသည် မတင်လှိုင်ကိုလည်း မိမိဘက်ဆွယ်လျက်ရှိကာ တီးဝိုင်းတစ်ဝိုင်းလုံးကိုလည်း စကားထည့်ထားသည်။ သူမအငြိမ့်ထောင်လျှင် သူမနှင့်လိုက်ခဲ့ကြဖို့ အကြောင်း။

ကိုပွေလီကိုတော့ မခန့်တရန်နှင့် "ရှင် အငြိမ့်အဖွဲ့ရောင်းရင်ပြောနော်... ကျွန်မဝယ်မယ်"ဟု ပြောခဲ့သည်။

"နင်က ကောလိပ်ကျောင်းသား အစောင်အမ ခံနေရသကိုးဟယ်... ပြောတော့မှာပေါ့"ဟု သူကဆိုသည်။

"ဒါပေမဲ့ ငါတီးဝိုင်းကို နင်ဘယ်တော့မှ မရစေရဘူး... နင်ရရင် တင်လှိုင်တစ်ယောက်ပဲ ရမယ်။ တင်လှိုင်က ငါနဲ့မတည့်တာ အတော်ကြာပြီ"

မြကြိုင်သည် ငွေကိုစုလျက်ရှိလေသည်။ သူမသည် အသုံးအစွဲကျစ်လစ်လျက် ရှိသည်။ ကိုလှဘော်က မေးလျှင်တော့ ဖွင့်မပြော၊

www.burmeseclassic.com



ကိုလှဘော်၏ကျေးဇူးမှာ များလှပြီဟု ထင်သည်။ သူပေးတာကို များများ စားစားကြီးဆိုလျှင် ထပ်မယူတော့ပြီ၊ သူ၏ သဘောကောင်းခြင်းကို အခွင့်ကောင်း မယူလိုချေ။

သူမသည် ကိုနန္ဒကို မေ့မေ့ပျောက်ပျောက်လည်း ဖြစ်လာပြီ၊ အငြိမ့်ထောင်ဖို့ရာ စိတ်လည်း သန်လျက်ရှိသည်။ က,၍ ဆို၍လည်း ကောင်းလှသည်။ သူမကိုမှီပြီး ကိုပွေလီမှာ ကြီးပွားလျက်ရှိသည်။ ကိုပွေလီ အငြိမ့်ကထွက်ပြီး တစ်ခြားအငြိမ့်ဆရာများထံ သွားမည်ဆိုက ဖြစ်နိုင် သော်လည်း သူမသည် ကိုပွေလီ၏တီးဝိုင်းနှင့် ဘဘကို လူပြက်အဖြစ် လိုချင်သည်။ သူမ ကိုယ်တိုင်ထောင်သောအငြိမ့်၌ ပါလာသမျှလူမှာ လက်ရွေးစင်ချည့် ဖြစ်ရမည်ဟု ကြုံးဝါးလျက်ရှိလေသည်။ ကိုပွေလီ အတွက်တော့ သူမသည် အကြံတစ်ခုထားလေသည်။

ကောလိပ်ကျောင်းပိတ်ချိန် ရောက်ခဲ့ပြီ၊ ကိုလှဘော်သည် သူ့ရပ် ရွာပြန်ဖို့အကြောင်း ဖြစ်လာသည်။ ကိုလှဘော်က သိပ်မပြန်ချင်ပေ။ မြကြိုင်ကို တိုင်ပင်သည်။ မြကြိုင်က သူမအကြံနှင့် သူမရှိသည်နှင့် ပြန်ခိုင်းသည်။

''ကိုကို့မှာ ဟိုမှာစက်ကိုကြည့်ဖို့ ကိစ္စရှိတယ်ဆို ပြန်ပေါ့၊ နှစ်လ ပဲဟာ၊ ကိုကိုပြန်လာရင် မြကို သည်အတိုင်းတွေ့ရမှာပဲ မြစောင့်နေမယ်''

''မြက ဒီလိုပြောတာနဲ့ သိပ်ကို မပြန်ချင်သွားတာဘဲ''ဟု ကိုလှဘော်က ပြောသည်။

ကိုလှဘော်က ပြန်ခါနီးတွင် သူ့စိန်လက်စွပ်ကို ချွတ်ပေးခဲ့သည်။ သူ့လက်စွပ်ကလေးမှာ မြချယ်ကလေးဖြစ်ပြီး နှစ်ရာလောက်တော့ တန်မယ် ဟု သူမ ယူဆလျက်ရှိသည်။ ငြင်း၍လည်း ရမှာမဟုတ်၊

www.burmeseclassic.com



ပြီးတော့ ရှင်းရှင်းပြောလျှင် မြကြိုင်လိုချင်သည်။

ကိုလှဘော်က ''သိပ်တော့အဖိုးတန်ကြီး မဟုတ်ဘူးမြရယ်၊ ဒါပေမဲ့ ကိုယ့်ကို သတိရစေဖို့ပေါ့၊ ကိုကို ပြန်ခဲ့မယ်နော်''ဟု ပြောသည်။

ကိုလှဘော် မရှိသည့်အခါ မြကြိုင်သည် ပျင်းခြောက်ခြောက်ကြီး ဖြစ်နေလေသည်။ ဟာတာတာနှင့် မနေတောင် မနေတတ်သလိုပင်။

သူမသည် မတင်လှိုင်နှင့်တွေ့သည့်အခါ လက်စွပ်ကလေးကို ပြလျက် ရှိသည်။ မတင်လှိုင်က တပ်မက်စွာကြည့်ပြီး ''ဒါကြောင့်မို့ ကျွန်မ အစက ပြောတယ်မဟုတ်လား''ဟု ပြောသည်။ ''ဘာပဲဖြစ်ဖြစ် လူဆိုတာ ငယ်တုန်းက လာဘ်သပ္ပကာ ရွှင်တာရှင့်၊ ခုတောင် ကျွန်မ မွန်ချောင်းကလပ်က ကြားခဲ့တယ်။ ရှင့်ကို ရနိုင်မရနိုင် လူနှစ်ယောက် လောင်းနေတယ်။ တစ်ရာကြေးတဲ့ရှင့်၊ ရနိုင်တယ် ဆိုတဲ့လူက ကျွန်မကို ပြောသေးတယ်။ သူနိုင်ရင် အဲဒီနိုင်တဲ့ငွေကို ရှင့်ကိုပေးပါ့မယ်။ တရုတ် ကပြားရှင့်၊ စကားကလဲ တတ်လိုက်တာ သူအခုပြောတာကြည့်လေ''

''မြကြိုင်သည် မျက်စေ့မှေးပြီး မတင်လှိုင်ကိုကြည့်သည်။ အလကား စကားရှည်နေတာပဲဟု တွေး၏။

မြကြိုင်သည် နှုတ်ခမ်းကိုက်လျက် ဘာမှမပြောဘဲ တွေနေလေ၏။

''သူ့နာမယ်က ဘိန်ဂုက်တဲ့ရှင့် တရုတ်ကပြားကလေး ချောက ချောနဲ့''

''ပိုက်ဆံ တော်တော်ရှိလား''

''သိပ်ရှိတာပေါ့ . . . ကျားသူဌေးအမျိုးတွေလို့ပြောတယ် . . . ငွေကိုရေမှတ်တဲ့ လူမျိုးပေါ့ . . .ကျွန်မ အသိဖွဲ့ပေးမယ်လေ''

''မလိုပါဘူး. . . ကျွန်မကို ဘယ်လိုအစားမျိုး အောက်မေ့လို့လဲ

www.burmeseclassic.com



ခုနေအတိုင်းတော့ ကျွန်မကသူ့တို့လောင်းကစားစရာ အံ့စာဖြစ်နေပြီပေါ့လေ ဟုတ်လား''

မြကြိုင်က ဒေါနှင့်မောနှင့်ပြောသည်ကို မတင်လှိုင် အံ့အားသင့်ပြီး ရှောင်ပြေးသည်။ မတင်လှိုင် မမြင်သာတော့မှ သူမသည် မိန်းမလည်ဟန်နှင့် နှုတ်ခမ်းကော့ကာ ပြုံးလျက်ရှိသည်။

သည် မိန်းမလည်ဟန်နှင့် နှုတ်ခမ်းကော့ကာ ပြုံးသောအပြုံးကလေးကို ဘိန့်ဝှက်နှင့်တွေ့သောအခါ၌လည်း သူမ ပြုံးနိုင်ခဲ့လေသည်။ ဘိန့်ဝှက်မှာ ပိုက်ဆံတော်တော်ရှိသည်။ ပြီးတော့ သူသည် မိန်းမ လိုက်စားရာ၌ မွေ့လျော်သူဖြစ်လေသည်။

သူမနှင့် ဘိန့်ဝှက်တို့ ဆက်ဆံရာ၌ အတုံ့အပြန်ရှိကြပုံမှာ မြကြိုင်၏ လည်ပင်း၌နီလာဖြူလည်တုံ တစ်ကုံးနှင့်ဒေါ်လာပြား ဆွဲကြိုးတစ်ကုံး ရောက်လာပြီး ဘိန့်ဝှက်က လောင်းကြေး–စားကြေးမှာ အနိုင်ရခြင်းပင်။

သူမသည် စုထားသောငွေနှင့် လက်ဝတ်လက်စား ရှိသမျှကို စုပေါင်းပြီးလျှင် ငွေဖြစ်အောင် မထုခွဲတော့ဘဲ အငြိမ့်ဆရာ ကိုပွေလီထံ သွား၍ ''သင်းအငြိမ့်ကို ငွေပေးလဲဝယ်ရအုံးမယ်၊ သင်းကိုလဲ ပလူးရအုံးမယ်''ဟု ဒေါသဖြစ်၏။ သို့သော် မတတ်နိုင်။

''ကျွန်မက ရှင့်အငြိမ့်ကို သိပ်လိုချင်နေတော့ ရှင်ကျေနပ်အောင်ပဲ လုပ်ရမှာပေါ့ရှင့် . . .''ဟု မြကြိုင်က မဲ့ကာရွဲ့ကာနှင့် ပြောသည်။

ကိုပွေလီက ပါးစပ်ဖြဲပြီး ''ဩ . . . စံပယ်ပန်း ပန်ရအုံးမှကိုး'' ဟု ဆိုသည်။

သူမက မျက်နှာပြောင်ဟန်နှင့် ခေါင်းတစ်ဆတ်ဆတ်ညိတ်လိုက်သော်လည်း စိတ်တွင်းကမူ ''စံပယ်ပန်းပေမဲ့ သုံးယောက်–လေးယောက်

www.burmeseclassic.com



အကျကြီးသာ နင်ပန်ရမဟဲ့ ခွေးတိရစ္ဆာန်...''ဟု ဆဲရေးလိုက် လေသည်။

ဤသို့ သူမသည် အငြိမ့်လွဲစာချုပ်ကို ရသည်။ တီးဝိုင်းတစ်ဖွဲ့လုံး လူပြက်ပန်နကစ်နှင့် မတင်လှိုင်တို့၏ စာချုပ်များကို သူမလက်ထဲ ထည့်သည်။

ကိုပွေလီက . . . ''မြစပယ်ကြိုင်အငြိမ့်ထဲ လူပြက်ပွေလီကော မထည့်ဘူးလားဗျာ . . .''ဟု ဖြဲစပ်စပ်မေးသည်။

''ယမမင်းရှေ့တော်မှာ က,တော့မှ ရှင့်ကိုထည့်မယ်''ဟု မြကြိုင်က ဒေါသ မောဟနှင့်ပြောသည်။

''ဒီလိုဆိုလဲ ယမမင်းပြည်မှာ ကျော်ကြားရအုံးမှာပေါ့ဗျာ၊ ဒါထက် မြကြိုင် ကျွန်တော်ဆီကို အခါမရွေး လာနိုင်ပါတယ်... အလယ်သဘော ပေါ့ဗျာ . . .''

မြကြိုင်သည် ကြားဖူးနားဝရှိသမျှနှင့် ဆဲလိုက်ချင်လေသည်။ သူမသည် မြန်မြန်ပြန်ရင် ပြီးတာပဲဟု တွေးမိသော်လည်း စိတ်မချုပ် တည်းနိုင်ဘဲ ''ရှင့်ပါးစပ်ပိတ်လိုက် ပါးရိုက်မိလိမ့်မယ်''ဟု ကြမ်းတမ်းစွာ ပြောမိသည်။

အိမ်ရောက်လျှင်မူ စိတ်မကြည်လင်ချေ၊ မိခင်မျက်နှာကို မြင်မိ သည်။ ငယ်ငယ်တုန်းက မြင်ဖူးသော မိခင်နှင့်ကိုပွေလီ အဖြစ်ကို တွေးမိ၏။ မထိန်းသိမ်းနိုင်လျှင် ရူးမိမည်ဟု ထင်၏။ အေးစက်ပြီး တစိမ့်စိမ့် ကျသော မျက်ရည်များ ပါးပြင်မှာ ရွှဲနေ၏။ ကိုနန္ဒကို တမ်းတမိသည်။ သို့သော် သူမသည် အပျိုဖြန်းကလေး မဟုတ်တော့မဆန်းပြီ၊ ပြီးတော့ ဘာပဲဖြစ်ဖြစ် သူမသည် ယနေ့အသစ်မွေးလေပြီ၊ အသစ်မွေးခြင်းသည် အသစ် သန့်စင်ခြင်းမည်သည် မဟုတ်လား။

www.burmeseclassic.com



ထိုညအဖို့ ကောင်းကောင်း မအိပ်နိုင်ပေ။ ကိုလှဘော် ကျန်ရစ်သော စီးကရက်ဘူးကို ကုန်အောင် ထိုင်သောက်လေသည်။

× × ×

ကိုလှဘော် နှစ်လကျော်သော်လည်း ပြန်မလာ၊ ဘာများဖြစ်နေပြီလဲ၊ ငါ့ကိုများ ငြီးငွေ့သွားလေရော့သလားဟု တွေးမိသည်။ ကိုနန္ဒဆိုသူသာ မမွေးဖွားခဲ့ဘူးဆိုပါက သူမ ချစ်နိုင်မည့်သူမှာ ကိုလှဘော်တစ်ယောက်သာ ဖြစ်လေသည်။ ကိုလှဘော်က မိမိကိုငြီးငွေ့သွားမည်ဆိုသည်ကို မခံမရပ်နိုင် ဖြစ်မိလေသည်။

သို့သော်လည်း ကိုလှဘော်က သူမကိုငြီးငွေ့၍ မသွားပေ၊ ကိုလှဘော် ပြန်လာသည့်အခါ တယ်ပြီး မျက်နှာမကောင်းသည်ကို တွေ့ရသည်။ မြကြိုင်က ယခင်ကထက်ပိုပြီး ယုယလျက်ရှိသည်။

''ကိုကို လက်ထပ်ခဲ့ရပြီ''ဟု သူက မျက်နှာတစ်ဘက်လွှဲပြီး ပြောသည်။

မြကြိုင်သည် စိတ်ထိခိုက်သလား မထိခိုက်သလားဆိုတာ သူမဘာသာ မသိချေ။ သူမသည် ကိုလှဘော်၏ မေးဖျားကို ဆွဲလှည့်ပြီး ''ဒါ့ကြောင့် ကြာနေတာကိုး''ဟု ပြောသည်။ သူမ၏ အသံမှာ နဂိုသံပင်''

''ကိုကိုနဲ့ စေ့စပ်ထားတာ ကြာလှပြီ၊ မြစိတ်ပျက်သွားမှာစိုးလို့ ပြောမပြတာ၊ ကိုကိုနဲ့ နှစ်မဝမ်းကွဲတော်တယ်၊ လူကြီးတွေကစီမံတာပဲ မြရယ်၊ ကိုကိုပြန်သွားတော့ သူတို့က ကိုကိုနဲ့မြတို့ သတင်းကြားပြီးပြီ၊ ဒါနဲ့ ဘီအေအောင်အောင်တောင် မစောင့်တော့ဘူး၊ လက်ထပ်ပြီးမှ

www.burmeseclassic.com



ကျောင်းပြန်သွားဆိုပြီး. . .''

မြကြိုင်က ''ကောင်းတာပေါ့ ကိုကိုရယ်၊ နို့မဟုတ်ရင် ကိုကိုသာ စိတ်ဆင်းရဲစရာဖြစ်မှာ၊ မြလဲ ကချင် ဆိုချင်တာနဲ့''ဟု ပြောသည်။

''ကိုကိုက အဲဒီကလေးမကို ချစ်လို့ကို မရဘူး၊ နမ,တော်နေတော့ ရှက်သလိုပဲ၊ ဘာမှ ပိုင်ပိုင်နိုင်နိုင် မလုပ်ရဲဘူးလေ၊ နောက်တော့ မသိဘူးလေ၊ ခုတော့ မြကိုသာချစ်တယ်''

မြကြိုင်က ဘာမှမပြောဘဲ သူ့ဆံပင်များကိုသာ လက်နှင့်ဖွ နေသည်။

''ကိုကို့ကို စိတ်ပျက်သွားပလား''

''ဘာလို့ ပျက်ရမှာလဲ ကိုကို့ကို မြချစ်နေပြီနဲ့ တူတာပဲ''

မြကြိုင်သည် သူမ၏ အငြိမ့်အကြောင်းကို စပ်၍မှ မပြော၊ ဘယ်လို ဘယ်လိုဆိုတာ ပြောပြ၍ မဖြစ်၊ မတင်လှိုင်ကိုလည်း နှုတ်ပိတ် ခဲ့သည်။ သူမသည် အလွန် သိပ်သိပ်သည်းသည်း လုပ်ခဲ့သည့်အတွက် ကိုလှဘော် မသိဟု ထင်ထားသည်။

သို့သော် ကိုလှဘော်သိ၍သွားသည်။

သူက စိတ်မကောင်းဟန်နှင့် ''ကိုကိုက ပေးနိုင်ရက်သားနဲ့ မြ ဒီလိုလုပ်တာ အံ့ဩလို့ မဆုံးနိုင်ဘူး မြရယ်၊ အပြစ်တော့လဲ မဆိုချင် ပါဘူး၊ မြ လော်လည်ချင်တယ်လို့မှ ကိုကိုမထင်ဘဲ၊ ပြီးတော့ ကိုကို့ကို သစ္စာဖေါက်တယ်လို့လဲ မပြောချင်ပါဘူး၊ ကိုကို ကိုယ်တိုင်မှ သစ္စာ မစောင့်နိုင်ခဲ့ဘဲကိုး၊ ကိုကို နားမလည်နိုင်တာ တစ်ခုပါပဲ''ဟု သည်းသည်။

''ကိုကို့ဆီက ယူရလွန်းလို့လဲ မြစိတ်မချမ်းသာဘူး၊ မြကတစ်မျိုး၊ ချစ်တဲ့လူဆီကဆိုရင် ဘာမှယူလို့ မရဘူးကိုကိုရယ် သိပ်ချစ်လေ လုံးလုံး

www.burmeseclassic.com



ယူလို့မရလေဘဲ'' မြကြိုင်သည် ငိုလျက်ရှိလေသည်။ သို့သော် ဇာတ်ထဲ ငိုသလို ဖြစ်နေသည်ဟု ထင်၏။ သူမသည် တစ်ခါတုန်းက ကိုနန္ဒနှင့် သည့်လို ဆင်ဆင်ဖြစ်ခဲ့ဖူးသည်များကို သတိရနေပြန်သည်။ ကိုလှဘော် မှာ စင်စစ် ကိုနန္ဒထက် ချစ်စရာကောင်းသည်ဟု တွေးမိသည်။

''ဒါပေမဲ့ မြအသစ်မွေးခဲ့ပါပြီ ကိုကိုရယ်''

''ကိုကို ဒါပဲလိုချင်တယ်''ဟု ကိုလှဘော်က ဝမ်းသာအားရ ပြော၏။ ''ကိုကိုက ဘာမှ စိတ်ဥပါဒ်နေမိလို့ ပြောတာမဟုတ်ဘူး၊ ကိုကိုက အယူမသည်းပါဘူး၊ ပျိုတယ် အိုတယ် သစ်တယ် ဟောင်းတယ်ဆိုတာ လူတွေ့ရဲ့ အယူအဆတွေပါ။ လောကရဲ့ ဖြစ်မြဲတရားဓမ္မမဟုတ်ပါဘူး၊ ပြီးတော့ ကိုကိုမရှိလို့သာ မြဒီလိုဖြစ်ရတာပဲ၊ ကိုကိုက မြကို မစောင့် ရှောက်နိုင်တာဘဲ ကိုယ့်ကိုယ်ကို အပြစ်တင်ရဦးမယ်၊ နောက် မြ လုပ်ချင်တာရှိရင် ပြောပါ။ မြတစ်ယောက်ထဲ ဒီလောက် မစွန့်စားပါနဲ့''

မြကြိုင်သည် မျက်ရေလည်ရွဲနှင့် ကိုလှဘော်ကို ချစ်စိတ်တွေ ဝင်နေလေ၏။

× × ×

www.burmeseclassic.com

# ၁၁

မြကြိုင်သည် သူမ၏အိမ်ကလေးကို ပြင်ဆင်လျက်ရှိသည်။ သူမ နာမည်နှင့် အမေဝယ်ပေးသွားသော အိမ်၊ တစ်ခါတုန်းကတော့ မသန့်ရှင်းသော အိမ်ရယ်လို့ မီးတင်ရှို့ခဲ့ချင်စိတ်တောင် ပေါက်သည်။ ယခုတော့ သူမ သန့်ရှင်းတယ် မသန့်ရှင်းဘူးဆိုတာတွေကို ဂရုတ်မစိုက်တော့ပြီ၊ သန့်ရှင်းခြင်းတို့၏ ကွဲပြားမှုကို ကိုယ်တွေ့လည်း ကြုံခဲ့ပြီ၊ ဒါတွေဟာ အလကား အယူသည်းမှုတွေပဲ၊ သူမသည် အသက်သုံးဆယ်လောက် ရောက်ပြီး ကျော်စောထင်ရှားခြင်း၏ အထွတ်အထိပ်ကို ရောက်နေပြီ ဆိုလျှင်တော့ ယခု ငါးနှစ်လောက်အတွင်း ဖြစ်ပျက်သမျှတို့သည် စကားထဲ ပြောစရာကောင်းလောက်အောင် အရေးကြီးတော့မည် မဟုတ်ဟု ယူဆသည်။

သူမ၏ အိမ်သည် အငြိမ့်ပိုင်ရှင်ဖြစ်လာပြီမို့ ဧည့်သည်လာမည်ဖြစ်ရာ သပ်သပ်ယပ်ယပ်ရှိမှ ဖြစ်မည်။

**ရည်မွန်ဦးစာပေ**

www.burmeseclassic.com



သူမသည် ဖခင်ဖြစ်သူကို အုန်းတံမြက်စည်းရှည်ကြီးဖြင့် ကြပ်ခိုးများ လှဲခိုင်းသည်။ သူမက မြက်တံမြက်စည်းနှင့် လိုက်လှဲပြီး၊ သံပုံးတစ်လုံးနှင့် ကြမ်းတိုက်သည်။

ကြမ်းတိုက်ရင်း သီချင်းတစ်ကြော်ကြော်နှင့် နေသည်။ သူမသည် အမှန်အတိုင်း ဖွင့်ပြောရလျှင် ပျော်၏။ သူမသည် ယခုအခါ အကြောင်းအရင်းတွေကို ဂရုစိုက်လေ့ ရှိသူမဟုတ်တော့၊ ရရှိလာသည့် အကျိုးကိုသာ စေ့ငုတတ်သည်။

ကြမ်းတိုက်ရင်း စိတ်ကူးနေသည်မှာ ဆိုင်းဘုတ်တင်ဖို့ပင်၊ လက်ထဲမှာ ငွေပိုပိုမိုမိုရှိလျှင် ရွှေစာလုံး တပ်ရလျှင်ကောင်းမည်ဟု တွေး၏။ "မြစယ်ကြိုင် အငြိမ့်"ဒါပဲရေးရလျှင် မကောင်းဘူးလား၊ သို့ပေမည့် အချို့လူများ ပွဲကြည့်ရခြင်း၏ ရည်ရွယ်ချက်များမှာ လူပြက်၏ ဟာသကို အကဲခတ်ဖို့ပေတည်း။ သည်တော့ လူပြက် ပန်နကစ်နှင့် ဘယ်သူထည့်ရပါ့မည်ဟု တွေးသည်။ ကိုပွေလီကိုတော့ သတိပင် မရချင်ပြီ။

လူပြက်တစ်ယောက် ရှာရဦးမည်။ ဘဘကို ရှာခိုင်းမှထင်ရဲ့၊ သူမကိုယ်တိုင်လည်း ရှာနိုင်ပါ၏။ အငြိမ့်ဆရာအဖြစ်နှင့်များတော့ ဘာလုပ်ရလုပ်ရ လုပ်နိုင်သည်။ ဟိုတစ်လောက လူပြက်ကျော်ဘမ်းနှင့် သူ့အငြိမ့်စကားများသံ ကြားရသည်။ ထွက်ပြီလားတောင် မသိ၊ ကိုကျော်ဘမ်းကို ခေါ်ရလျှင် ကောင်းမည်။ နာမည်ကြီး အပြက်ကောင်းမို့ ကြေးကြီးလျှင် ကြီးပစေ၊ လူကောင်းတွေရလျှင် တော်ပြီ၊ တီးဝိုင်းထဲကတောင် မတော်တဲ့ သူတွေ ထုတ်ပစ်ပြီး၊ တော်တဲ့လူတွေသွင်းဖို့ ဆိုင်းဆရာကို ပြောရဦးမည်။

မြကြိုင်သည် အဖေသူမအနားမှာ ရစ်ဝဲရစ်ဝဲ လုပ်နေသည်ကို

www.burmeseclassic.com



တွေ့ရလေသည်။ ကြမ်းတိုက်ပြီးသော နေရာနှင့် မတိုက်ရသေးသော နေရာကို ကူးချေသန်းချေ လုပ်နေသဖြင့် ကြမ်းတိုက်ပြီးသား ကြမ်းပြင် အသန့် ခြေရာတွေပေကုန်သည်။ သူမသည် ဘာမှ မပြောဘဲ နေသေးသည်။ ကြာသော် သူ့ဟာသူ သိပုံမရ၍ ပြောရသည်။

"အဖေကလဲ ကြမ်းပြင်အသန့်ပေါ်မှာ ငြိမ်ငြိမ်နေစမ်းပါ၊ ဟို လျှောက် သည်လျှောက် လျှောက်နေတော့ တိုက်လို့ကို မဖြစ်ဘူး၊ ဒါမှ မဟုတ်လဲ ကျွန်မအိပ်ရာပေါ် တက်နေပါလား . . ."

အဖေက အထပ်ခိုးပေါ်တက်သွားသော်လည်း ဂဏာငြိမ်ဟန်နှင့် တရွရွ လျှောက်လျက်ရှိပြန်သည်။

သူမသည် အဖေဘာများ လိုချင်လို့လဲဟု လျှောက်စဉ်းစားသည်။ သူ့မှာ အဝတ်အစားတော့ အပြည့်အစုံပဲ၊ ဘာမှ ထူးထူးထွေထွေ လိုချင်စရာ အကြောင်းမရှိ။ သူမသည် တွေး၍မရ၊ အဖေ့အပြောကို စောင့်ပြန်တော့ ထို့နေ့အဖို့ ဘာမှမပြောဘဲ အိပ်ရာဝင်ကြသည်။

နောက်တစ်နေ့ နံနက်ကျတော့လည်း အဖေက မဝံ့သောမျက်လုံးများနှင့်မြကြိုင်အကြည့်နှင့် ဆုံသွားလျှင် မျက်လွှာချလိုက်နှင့် မြကြိုင်စိတ်များပင် မရှည်ချေ။

သည်လိုနှင့် ထမင်းစားပွဲမှာ ထိုင်မိကြသည်၊ မြကြိုင်သည် အဖေက မပြောလျှင်လည်း မေးတော့မည်ဟု စိတ်ကူးသည်။

အဖေက "နင့်အမေ သတိရသဟယ်"ဟု ဆိုသည်။

အင်း . . . စတော့လာပြီ၊ မြကြိုင်က "ဟုတ်ကဲ့အမေ ရှိရင် ဝမ်းသာမှာ"ဟု ပြော၏။

"နင် အငြိမ့်က ဆိုင်းဘုတ်မရေးရ သေးဘူးလား"

www.burmeseclassic.com



ခက်ပဲ ခက်ရချေရဲ့ “ကဲ . . . အဖေ ဘာပြောချင်လို့လဲ”ဟု သူက မေးလိုက်လေသည်။

“လူပြက်က ကိုပန်နကစ်ပဲရသေးတယ်ဆို”

“ဟုတ်ကဲ့ တစ်ယောက်ရှာရဦးမယ်”

အဖေငြိမ်ပြီးနေပြန်သည်။ သူသည် အတော်ကို အားတင်းနေဟန်ရှိကာ တင်းရင်းတင်းရင်းနှင့် ပျော့ကျလာသည်ကို တွေ့မြင်ရလေသည်။

သူမသည် ဖခင်ကို ထပ်ပြီး အားတင်းဖို့ အချိန်ပေးသောအားဖြင့် လူပြက်ကောင်း ဘယ်လောက်ရှားသည့် အကြောင်းကို လျှောက်ပြောနေသည်။

အတန်ကြီးကြာမှ ဖခင်က “မြကြိုင်”ဟု ခေါ်သည်။

“ရှင်”

“နင် . . . နင့် အငြိမ့်ဆိုတော့ ဘာမဆို နင်သဘောချည်းပဲ မဟုတ်လား”

“ဟုတ်ပါတယ် အဖေရဲ့ အဲဒါဘာဖြစ်သလဲ”

“လူ . . . လူပြက်တစ်ယောက်လိုတဲ့နေရာမှာ . . . ငါ့ကိုအစား မသွင်းနိုင်ဘူးလား ဟယ်”

မြကြိုင်သည် ယောင်မအော်မိအောင် အတော်ကြိုးစားလိုက်ရလေသည်။ သူမသည် ဖခင်ဖြစ်သူကို အံ့သြစွာစိုက်ကြည့်မိလေသည်။ အကြိမ်ကြိမ် ရှုံးနိမ့်သူ၊ ယခုအခါ ဘယ်သူကမှ စဉ်းစားခြင်းမပြုတော့သောသူ၊ သူမသည် ရင်တွင်း ဆို့ကြပ်လာလေ၏။ အသနားကြီး သနားနေမိလေသည်။ အဖေ၏ ကျဉ်းမြောင်းမှေးမှိန်သော မျက်လုံးများ၏ အကြည့်ကို မခံနိုင်အောင် ရင်တွင်းမှ နာကျင်မိသည်။ ယခုထိ မလျှော့

www.burmeseclassic.com



သေးသော စိတ်ကိုတော့ ချီးမွမ်းမိသည်။

"ဟင်. . . ငါ့ကို မထည့်နိုင်ဘူးလား"

"ကျွန်မ စဉ်းစားဦးမယ် အဖေ"

ဤမျှသာ ပြောနိုင်သည်။

စင်စစ်တော့ သူမသည် မထည့်နိုင်ပေ။ သူမ၏ အငြိမ့်မှာ အောင်မြင်သူများသာ စုဝေးရာဖြစ်စေရမည်။ ဖခင်ဖြစ်သူသည် မင်းသမီး ပြောသမျှကိုတောင် "ဟုတ်ပဗျာ"ဟု ဒွန်ကရိုဏ်းကျအောင် လိုက်တတ် မည့်ပုံ မပေါ်ချေ။

သည်လိုနှင့် ရက်များလွင့်စင်သွားကြသည်။

လူပြက် ကိုကျဘမ်းကိုလည်း ဘဘက ဆွဲခေါ်လာသည်။

မြကြိုင်သည် ကိုယ်တိုင်ပင် လမ်းမတော် သံဖြူတန်းသို့သွားပြီး ဆိုင်းဘုတ်ရေးခိုင်းသည်။ ထို့နောက် ဆိုင်းဘုတ်ဆေးမခြောက်သေးခင် အိမ်သို့ လန်ချားနှင့် သယ်လာသည်။ အိမ်နားနီးချင်း ကောင်လေးများကို "ဟဲ့ လာကြပါဦး"ဟု ခေါ်ကာ ဆိုင်းဘုတ် တင်ခိုင်းသည်။

**ငှားသည်**

**မြစပယ်ကြိုင်အငြိမ့်**

**လူပြက်**

**ကျဘမ်းနှင့် ပန်နကာစ်**

မြကြိုင်သည် ခါးထောက်မော့ကြည့်ရင်း ကျေနပ်စွာ "ငါ အသက် နှစ်ဆယ့်ခြောက်နှစ်မှာ အငြိမ့်ထောင်တယ်"ဟု တစ်ယောက်တည်း ပြော၏။ အိမ်ကလေးကို မော့ကြည့်၏။ သည်အိမ်တွင်းမှ အောင်မြင်သူ နှစ်ယောက် ထွက်ခဲ့သည်။

www.burmeseclassic.com



အိမ်တွင်းသို့ ဝင်ခဲ့လျှင် ဖခင်ဖြစ်သူကို မတွေ့၊ စောစောကပင် အိမ်ရှေ့မှာ ထိုင်နေသေးသည်။ အဖေ အဖေနှင့် ခေါ်ကြည့်၏။ မထူး သူမသည် ဖခင်ကိုနှစ်သိမ့်ချင်၏။ အဖေက စိတ်ငယ်တတ်သည်။

အိမ်နောက်ဖေး၌လည်း မတွေ့။

အကြံရ ကြပ်နေစဉ်တွင် အထပ်ခိုးပေါ်မှ ရုပ်ကနဲ ကြားသည်။

ပြေးတက်လာသည့်အခါ မိမိ၏အိပ်ရာခြေရင်း၌ ငုတ်တုတ်ထိုင်နေသော ဖခင်၏ ကျောကုန်းကို မြင်ရ၏။

''အဖေ. . .''

တစ်သက်နှင့်တစ်ကိုယ် ခေါ်တာကို ပထမဆုံးအကြိမ်မထူးဘဲ လှည့်မကြည့်ဘဲ နေသည်။

သူမသည် စိုးရိမ်၍သွားပြီး အိပ်ရာပေါ်ထိုင်ကာ. . . ထိုင်လျက် ရွေ့၍ အဖေ့ဖျက်နှာကို ကြည့်၏။ အဖေက မျက်ရည်စများနှင့်ရှိသည်။ မြကြိုင် ထိတ်လန့်ပြီး ''အဖေ ဘာဖြစ်တာလဲ. . .''ဟု မေးသည်။

ဖခင်က နွမ်းပျော့သော ထားဝယ်လုံးချည်အကွက်ကျဲ အနားဖြင့် မျက်ရည်စများကို  သိမ်း၏။ ထို့နောက် နှပ်တစ်ချက်ညှစ်ကာ အရှိုက်တစ်ဝက်စကားတစ်ဝက်ဖြင့် ပြော၏။

''ငါ့ ဘယ်သူကမှ အလိုမရှိတော့ဘူး၊ နင်ဟာ ဟိုတစ်နေ့ကထဲက ငါ့ကို အမှန်အတိုင်း ပြောဖို့သင့်ပါရဲ့၊ ငါကတော့ မျှော်လင့်နေတာ နင့်ဆိုင်းဘုတ်ကို မြင်တော့ ငါဝမ်းနည်း. . .''

အဖေက ရှိုက်သည်။ မျက်ရည်များသည် တစ်တွေတွေကျပြန်သည်။ မြကြိုင်က အသက်ရှူရ မွန်းသလိုဖြစ်သည်။ အော်ပြီး ငိုလိုက်ချင်စိတ်ပေါက်သည်။ တကယ်တော့ အဖေ့ကို ငါသိပ်ချစ်တာပဲဟု တွေးမိ

www.burmeseclassic.com



သည်။ အဖေ့ပုခုံးကို ကိုင်ရုံသာကိုင်တတ်ပြီး

''တော်ပါတော့အဖေရယ်... အသက်လဲ ကြီးမှာဘဲ... အေးအေး ထိုင်စားပါတော့၊ အဖေ့မှာ ဂုဏ်ယူစရာမယားလဲ ရှိခဲ့ပြီ၊ သမီးလဲ ရှိခဲ့ပြီပဲ၊ ကျွန်မက အဖေ့ကို အရှက်မကွဲစေချင်လို့ မထည့်တာပါ''ဟု နှစ်သိမ့်၏။

သည်တော့မှ အဖေက ထပြီးရှိုက်ပြန်သည်။

သူမသည် ဘာမှမလုပ်တတ်။

''အဖေရယ် ကျွန်မအောင်မြင်တာ အဖေရှုံးနိမ့်ခဲ့လို့ပါဘဲ . . . ကျွန်မ အဖေ့ကို ကျေးဇူးတင်ပါတယ်''

သို့သော်လည်း သူက နှစ်သိမ့်သမျှသည် အဖေလုပ်သူအဖို့ ပိုပြီး ပူဆွေးစရာ ဖြစ်လေသည်။

သူမသည် မကြည့်ရက်တော့ဘဲ အိမ်အောက်သို့ ဆင်းခဲ့သည်။ အဖေ့ရှိုက်သံကို ကြားတုန်းပင်၊ မကြားချင်သည်နှင့် အိမ်ရှေ့သို့ထွက်လာ၏။ လမ်းမ၌ မှောင်ပြေပြေဖြစ်သည်။ လမ်းမသို့ ရောက်သော် အပြာပေါ်မှ အဖြူစာလုံးသည် ညဥ့်အခါ၌ ထင်လင်းစွာ ပေါ်သည်။ ''မြစပယ်ကြိုင်'' သူမသည် အဖေဖြစ်သူကို တဒင်္ဂမျှ မေ့သွားကာ ကောင်းကင်ကို မော်ကြည့်သည်။

တန်ဆောင်မုန်းည၏ ကြယ်စုံတို့သည် စောစီးစွာ ထွက်၍နေကြသည်။ ချစ်စဖွယ်ကောင်းသည့် ကြယ်တို့သည် သူမကို ငုံ့ကြည့်နေသလိုပင်၊ သည်ကောင်းကင်အောက်မှာ အငြိမ့်စင်ထိုးပြီး က,မယ်၊ သည်ကြယ်တွေကို ထမီမှာ ခေါင်းလောင်း... ပန်းဆင်တပ်ချင်တယ်၊ သူမသည် ပရိသတ်၏အသံကို ကြား၏။ ဝါကနဲ ဝါကနဲ နေသည်။ လေချွန်သံ၊ လက်ခေါက်မှုတ်သံ၊ ရယ်သံ၊ ငါ့ဟာအကြီးကျယ်ဆုံး ပုဂ္ဂိုလ်

www.burmeseclassic.com



ဖြစ်ရမယ်ဟု ကြုံးဝါး၏။

အထပ်ခိုးကလေးမှ ရှိုက်သံသည် လမ်းမဆီသို့ တစ်ချက်သာ တစ်ယှဲ့ယှဲ့ကလေး ပြန်ထွက်လာနိုင်လေ၏။

ကြည့်အေး

www.burmeseclassic.com

'ကျွန်မ ပညာသည်' သည် ထက်မြက်တောက်ပြောင်သော အနုပညာလက်ရာတစ်ပုဒ် (Work of Art)မဟုတ်ပါလော။ ထိုဝတ္ထု တစ်ပုဒ်တည်းနှင့်ပင် ကြည်အေးသည် အနုပညာသည် စစ်စစ် (Artist) ဖြစ်သည်ဟု အကဲဖြတ်သူက ဖြတ်ကြသည်။ စာတတ်သတင်းထဲမှ ပညာသည်များလောကထဲ နက်ရှိုင်းစွာတိုးဝင်သွားသည်။

● ခင်ဆွေဦး

BURMESE CLASSIC .com

# ကြည်အေး

## ကျွန်မပညာသည်

